# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


## မိတ်ဆွေကောင်းနှင့်ပေါင်းသင်း

မိတ်ဆွေဟူသည် မိတ်ဆွေကောင်း၊ မိတ်ဆွေညံ့ဟူ၍ နှစ်မျိုးရှိရာ မိတ်ဆွေကောင်းတို့ကို ပေါင်းသင်းဆက်ဆံဆည်းကပ်ရာ၏။ ထိုမိတ်ဆွေကောင်းတို့အား ပေါင်းသင်းဆက်ဆံ မှီဝဲဆည်းကပ်ခြင်းဖြင့် မိမိအတွက် အကျိုးများရာ၏။ မိတ်ဆွေကောင်းအပေါ် ယုတ်ညံ့သောစိတ်ဖြင့် မပြစ်မှားရာ။

ပဏ္ဍိတဝင် (ဓမ္မပဒ – ၇၈)


၁၃၈၆ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၂ ရက် | ၂၀၂၅ ခုနှစ်၊ မတ် ၁၅ ရက်၊ စနေနေ့ | အတွဲ (၆၄)၊ အမှတ် (၁၆၆)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့် အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် သတင်းအချက်အလက်နည်းပညာတက္ကသိုလ်နှင့် ရန်ကုန်အနောက်ပိုင်းနည်းပညာတက္ကသိုလ်တို့သို့ သွားရောက်ကြည့်ရှုစစ်ဆေး



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ သတင်းအချက်အလက်နည်းပညာတက္ကသိုလ်အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးစဉ်။

**နေပြည်တော် မတ် ၁၄**

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ယနေ့နံနက်ပိုင်းတွင် ကောင်စီတွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ကောင်စီဝင်များ၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့် တပ်မတော်အရာရှိကြီးများ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် တာဝန်ရှိသူများ လိုက်ပါ၍ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ သတင်းအချက်အလက် နည်းပညာတက္ကသိုလ်နှင့် ရန်ကုန်အနောက်ပိုင်း နည်းပညာတက္ကသိုလ်တို့သို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

**သတင်းအချက်အလက်နည်းပညာတက္ကသိုလ်**

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် လှိုင်မြို့နယ်ရှိ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန အဆင့်မြင့် သိပ္ပံနှင့်နည်းပညာဦးစီးဌာန၊ သတင်းအချက်အလက် နည်းပညာတက္ကသိုလ်သို့ ရောက်ရှိကြရာ

*စာမျက်နှာ ၃ ကော်လံ ၁* ❖

## ယနေ့ ဖတ်စရာ


**ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ပြိုင်ပွဲမှသည် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးဆီသို့ (၆) (ဆုရလုပ်ငန်းရှင်များအား ဂုဏ်ပြုခြင်း)**
ဆောင်းပါး စာ ၆

**နေရောင်ခြည်စွမ်းအင်(Solar Energy) သုံးနည်းပညာဖြင့် လျှပ်စစ်ထုတ်လုပ်ခြင်း**
ဆောင်းပါး စာ ၁၀






**အာဖဂန်နစ္စတန်နိုင်ငံ၌ မူးယစ်ဆေးစွဲသူ ၆၀၀ ပြန်လည်ကျန်းမာပြီး မိသားစုနှင့် ပြန်လည်တွေ့ဆုံ**
နိုင်ငံတကာသတင်း စာ ၁၄



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အား သတင်းအချက်အလက်နည်းပညာတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာစောစန္ဒာအေးက တက္ကသိုလ်နှင့် ပတ်သက်သည့် အချက်အလက်များ ရှင်းလင်းတင်ပြစဉ်။

❖ ရှေ့ဖုံးမှ

တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် တက္ကသိုလ်အစည်းအဝေးခန်းမတွင် တက္ကသိုလ်ပါမောက္ခချုပ် ဒေါက်တာစောစန္ဒာအေးက ရန်ကုန်ကွန်ပျူတာ တက္ကသိုလ်ကို သတင်းအချက်အလက် နည်းပညာတက္ကသိုလ်အဖြစ် ပြောင်းလဲခဲ့မှုနှင့်တက္ကသိုလ်၏သမိုင်းကြောင်းဆိုင်ရာ အချက်အလက်များ၊ ဖွဲ့စည်းပုံ၊ ဘာသာရပ်အလိုက်၊ ပညာသင်နှစ်အလိုက် သင်ကြားပေးလျက်ရှိမှု၊ ပြည်တွင်း ပြည်ပဘွဲ့လွန်သင်တန်း တက်ရောက်ရန် ပညာတော်သင်များ ရွေးချယ်စေလွှတ်လျက်ရှိမှု၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် ကျောင်းသား ကျောင်းသူများ တက်ရောက် ပညာသင်ကြားလျက်ရှိမှု၊ နည်းပညာ အသုံးပြုသင်ကြားသင်ယူမှုနှင့် စီမံခန့်ခွဲမှုစနစ်ဖြင့် သင်ကြားပေးလျက်ရှိမှု၊ ကျောင်းသား ကျောင်းသူများ လုပ်ငန်းခွင်သင်တန်း စေလွှတ်မှုနှင့် အလုပ်အကိုင်ရရှိမှု၊ International Conference on Advanced Information Technologies (ICAIT) တွင် စာတမ်းများ တင်သွင်းနိုင်မှု၊ သတင်းအချက်အလက် နည်းပညာတက္ကသိုလ် အဆောက်အအုံတည်ဆောက်ပြီးစီးမှု အခြေအနေများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြပြီး သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ မျိုးသိန်းကျော်က ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော် စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော် ဝန်ကြီးချုပ်က တက္ကသိုလ်အတွင်း သင်ကြားရေးနှင့် နေထိုင်ရေးဆိုင်ရာ အဆောက်အအုံလိုအပ်ချက်များနှင့်ပတ်သက်၍ မေးမြန်းပြီး တက္ကသိုလ်အတွင်း ကျောင်းသား ကျောင်းသူများ၏ အဆောင်များ နေရာချထားရာတွင် စနစ်တကျ ဖြစ်ရန်လိုပြီး သင်ကြားရေး ဝန်ထမ်းများ၏ အိမ်ရာများ၊ အဆောင်များကိုလည်း စနစ်တကျထားရှိရန် လိုကြောင်း၊ ကျောင်းသား ကျောင်းသူများ ကိုယ်လက်လှုပ်ရှား အားကစားပြုလုပ်နိုင်ရန်အတွက်လည်း စီမံဆောင်ရွက်ပေးသွားရန် လိုကြောင်း၊ ယခု သတင်းအချက်အလက် နည်းပညာတက္ကသိုလ်သည် အစဉ်အလာရှိသည့် တက္ကသိုလ်တစ်ခုဖြစ်ပြီး နိုင်ငံအတွက် အကျိုးပြုနိုင်သည့် သင်ကြားမှုများကို ဆက်လက်ဆောင်ရွက်ပေးစေလိုကြောင်းနှင့် တက္ကသိုလ်အတွင်း သန့်ရှင်းသာယာလှပရေးနှင့် ဥပစာရိပ်ကောင်းမွန် စေရေးတို့အတွက် လိုအပ်သည်များ လမ်းညွှန်မှာကြားသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော် ဝန်ကြီးချုပ်သည် သတင်းအချက်အလက် နည်းပညာ တက္ကသိုလ်အတွင်း လှည့်လည်၍ စာကြည့်တိုက်အတွင်းရှိ Digital Library စနစ်၊ လေ့ကျင့်ရေး အထောက်အကူပြုစနစ်၊ AI နည်းပညာသုံး သင်ကြားမှု၊ သင်ယူမှုအထောက်အကူပြုစနစ်တို့ဖြင့် သင်ကြားပို့ချပေးနေမှုများ၊ လက်တွေ့ခန်း K-LAB အတွင်း ကျောင်းသား ကျောင်းသူများအား လက်တွေ့လေ့ကျင့်သင်ကြားပေး လျက်ရှိမှုနှင့် သင်ကြားမှု၊ သင်ယူမှု အထောက်အကူပြုခန်းများ ထည့်သွင်းတည်ဆောက်ထားရှိမှုအခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ လမ်းညွှန်မှာကြား ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

**◆ သတင်းအချက်အလက် နည်းပညာတက္ကသိုလ်သည် အစဉ်အလာရှိသည့် တက္ကသိုလ်တစ်ခုဖြစ်ပြီး နိုင်ငံအတွက် အကျိုးပြုနိုင်သည့် သင်ကြားမှုများကို ဆက်လက်ဆောင်ရွက်ပေးစေလို**

**◆ တက္ကသိုလ်အတွင်း သန့်ရှင်းသာယာလှပရေးနှင့် ဥပစာရိပ်ကောင်းမွန်စေရေးတို့အတွက် လိုအပ်သည်များ လမ်းညွှန်မှာကြား**

### ရန်ကုန်အနောက်ပိုင်း နည်းပညာတက္ကသိုလ်

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် လှိုင်သာယာမြို့နယ်ရှိ ရန်ကုန်အနောက်ပိုင်း နည်းပညာတက္ကသိုလ်သို့ ရောက်ရှိကြရာ ရန်ကုန်အနောက်ပိုင်း နည်းပညာတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာ ကြည်စိုးနှင့် ဆရာ ဆရာမများက ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် တက္ကသိုလ် ပင်မသုံးထပ်ဆောင်ခန်းမ၌ ပါမောက္ခချုပ်က နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ၂၀၂၄ ခုနှစ်အတွင်း လာရောက်စစ်ဆေးစဉ် လမ်းညွှန်မှာကြားချက်များအား ဆောင်ရွက်ပြီးစီးမှု၊ တက္ကသိုလ်အတွင်း လိုအပ်လျက်ရှိသည့် အဆောက်အအုံများနှင့်လမ်းများ ထပ်မံဖြည့်တင်းတည်ဆောက်နိုင်ရေး လျာထား ဆောင်ရွက်လျက်ရှိမှု၊ တက္ကသိုလ် နယ်နိမိတ်လိုင်း စနစ်တကျရေးဆွဲ သတ်မှတ်ပြီးစီးမှု၊ Recreation Center တည်ဆောက်ရန် Master Plan ၌ ထည့်သွင်းရေးဆွဲထားရှိမှု၊ ကျောင်းပတ်ဝန်းကျင် သာယာလှပရေး၊ ဥပစာရိပ်ကောင်းမွန်ရေး ဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော် စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က လာမည့်ပညာသင်နှစ်အတွင်း လိုအပ်သည့် ပြင်ဆင်မှုများကို ယခုထက် ပိုမိုပြည့်စုံစွာဖြင့် ဆောင်ရွက်သွားရန်လိုကြောင်း၊ ကျောင်းသား ကျောင်းသူများ အဆင်ပြေစွာဖြင့် ပညာသင်ကြားနိုင်ရေးအတွက် လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသွားရန် လိုကြောင်း၊ ကျောင်းအဆောက်အအုံများ တည်ဆောက်ရာတွင် လိုအပ်သည့် အဆောက်အအုံမှာ တက္ကသိုလ်အင်္ဂါရပ်နှင့် ကိုက်ညီစွာ တည်ဆောက်နိုင်ရေး ကြိုတင် Plan ရေးဆွဲ ဆောင်ရွက်ရန်လိုကြောင်း၊ ကျောင်းပရဝဏ်အတွင်း သစ်ပင်ပန်းမန်များ စိုက်ပျိုးရာတွင် စနစ်တကျ စိုက်ပျိုးသွားရန်နှင့် အခြားလိုအပ်သည်များကို လမ်းညွှန်မှာကြားသည်။

*စာမျက်နှာ ၄ သို့*



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် သတင်းအချက်အလက်နည်းပညာတက္ကသိုလ် အတွင်းရှိ သင်ထောက်ကူပြုအခန်းများအား လှည့်လည်ကြည့်ရှုစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အား ရန်ကုန်အနောက်ပိုင်းနည်းပညာတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာ ကြည်စိုးက တက္ကသိုလ်နှင့်ပတ်သက်သည့် အချက်အလက်များနှင့် လုပ်ငန်းဆောင်ရွက်လျက်ရှိမှု အခြေအနေများ ရှင်းလင်းတင်ပြစဉ်။

*စာမျက်နှာ ၃ မှ*

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော် ဝန်ကြီးချုပ်သည် ပင်မသုံးထပ်စာသင်ဆောင်အသစ် တည်ဆောက်ပြီးစီးမှု အခြေအနေများ၊ ကျောင်းဝင်းအတွင်းရှိ စာသင်ဆောင်များနှင့် ပွဲကြည့်စင်နှင့် ပြေးလမ်းပါ ဘောလုံးကွင်း တည်ဆောက်နေမှု အခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ လမ်းညွှန်မှာကြားသည်။

**လှိုင်သာယာမြို့နယ်တွင် ရေစီးရေလာကောင်းမွန်ရေး အလေးထား ဆောင်ရွက်သွားရန်လို**

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ဘုရင့်နောင်ပန်းခြံသို့ ရောက်ရှိရာ ပန်းခြံရှင်းလင်းဆောင်ခန်းမတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် မြို့တော်ဝန်တို့က နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် လှိုင်သာယာမြို့နယ်သို့ ရောက်ရှိစစ်ဆေးစဉ် မြို့ပြဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ရန် လမ်းညွှန်ချက်များအား ဆောင်ရွက်ပြီးစီးမှု အခြေအနေများ၊ လှိုင်သာယာဘုရင့်နောင်ပြည်သူ့ပန်းခြံအား နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်မှာကြားချက်နှင့်အညီ ဘက်စုံသုံးအဆောက်အအုံများ၊ ပျော်ပွဲရွှင်ပွဲကျင်းပရန် နေရာများ၊ ယာဉ်ရပ်နားရန်နေရာများ၊ ကစားကွင်းများ၊ ရေကူးကန်များအပါအဝင် အများပြည်သူ အပန်းဖြေရန်နေရာများ ဆောင်ရွက်ခဲ့မှုနှင့် ဆောင်ရွက်ပြီးစီးမှု အခြေအနေများ၊ ပန်းခြံအတွင်းပျော်ပွဲရွှင်ပွဲများ ကျင်းပခဲ့မှုနှင့် ပြည်သူအများအပြား ပျော်ရွှင်စွာ လာရောက်ဆင်နွှဲခဲ့မှုများ၊ လှိုင်သာယာမြို့နယ်အတွင်း သန့်ရှင်းသာယာလှပရေး ဆောင်ရွက်လျက်ရှိမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ယခင်နှစ် လာရောက်စစ်ဆေးစဉ် လှိုင်သာယာမြို့နယ်အတွင်း ရေစီးရေလာ ကောင်းမွန်စေရေး၊ လျှပ်စစ်မီးတိုင်များ စနစ်တကျရှိစေရေး ဆောင်ရွက်သွားရန်မှာကြားခဲ့ပြီး လုပ်ငန်းဆောင်ရွက်မှုများတွင် လိုအပ်ချက်များရှိနေသည်ကို တွေ့မြင်ရကြောင်း၊ ရေထွက်စနစ်များ စနစ်တကျကောင်းမွန်စေရေး ရေနုတ်မြောင်းများ၊ တံတားများကို သတ်မှတ်ချက်များနှင့်အညီ ရေစီးရေလာ ကောင်းမွန်အောင် ပြန်လည်ပြုပြင် ဆောင်ရွက်သွားရန်လိုကြောင်း၊ လှိုင်သာယာတွင် ရေစီးရေလာကောင်းမွန်ရေးသည် အဓိကဖြေရှင်း ဆောင်ရွက်ပေးရမည့်ကိစ္စတစ်ခု ဖြစ်သဖြင့် အလေးထားဆောင်ရွက်သွားရန်လိုကြောင်း၊ တစ်မြို့နယ်လုံး အတိုင်းအတာဖြင့် ရေဝင်ရေထွက်ကောင်းမွန်ရမည် ဖြစ်ကြောင်း၊ မိုးရာသီကာလသို့ မရောက်ရှိမီ ရေစီးရေလာ ကောင်းမွန်စေရေးနှင့် ရေထွက်ပေါက်များ စနစ်





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရန်ကုန်အနောက်ပိုင်းနည်းပညာတက္ကသိုလ်အတွင်း လှည့်လည်ကြည့်ရှုစဉ်။

တကျဖြစ်အောင် ဆောင်ရွက်သွားရန်လိုကြောင်း၊ ရေစီးရေလာကောင်းမွန်ရေး လုပ်ငန်းများ ဆောင်ရွက်ရာတွင် အပိုင်းအလိုက်၊ လုပ်ငန်းဧရိယာအလိုက် တစ်ဆင့်ချင်း စနစ်တကျဖြင့် ပြီးစီးအောင် ဆောင်ရွက်သွားရန်လိုကြောင်း၊ လှိုင်သာယာမြို့နယ်အတွင်း စက်ရုံ၊ အလုပ်ရုံအများအပြားရှိပြီး အလုပ်လုပ်ကိုင်ကြသူများ အများအပြားနေထိုင်ကြသည်ဖြစ်သဖြင့် ပလက်ဖောင်းများ အဆင့်မီကောင်းမွန်ရန် လိုကြောင်း၊ မြို့နယ်အတွင်းစိမ်းလန်းစိုပြည်ရေး၊ သန့်ရှင်းသာယာလှပရေးတို့အတွက် စနစ်တကျစီမံကိန်းချ၍ ဆောင်ရွက်သွားရန်လိုပြီး မြို့နေပြည်သူလူထုနှင့် ကိုက်ညီသည့် လူနေမှုပတ်ဝန်းကျင်ကောင်းကို ဖော်ဆောင်ပေးနိုင်ရမည်ဖြစ်ကြောင်း၊ ရန်ကုန်မြို့တော်ဧရိယာအတွင်း တည်ရှိသည့်အတွက် အဆင့်မီသည့်မြို့ဖြစ်စေရေး၊ မြို့ပြဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများကို ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်ပေးသွားရမည် ဖြစ်ကြောင်းနှင့် အခြားလိုအပ်သည်များကို မှာကြားသည်။

**လိုက်လံကြည့်ရှုစစ်ဆေး**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော် ဝန်ကြီးချုပ်သည် လှိုင်သာယာမြို့နယ်အတွင်း ရေစီးရေလာကောင်းမွန်စေရေး ဆောင်ရွက်ထားရှိမှု အခြေအနေများကို လိုက်လံကြည့်ရှု စစ်ဆေးပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ လမ်းညွှန်မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် လှိုင်သာယာမြို့နယ်အတွင်း ရေစီးရေလာကောင်းမွန်စေရေးဆောင်ရွက်ထားရှိမှု အခြေအနေများ လိုက်လံကြည့်ရှုစစ်ဆေးစဉ်။

- **လှိုင်သာယာတွင် ရေစီးရေလာကောင်းမွန်ရေးသည် အဓိကဖြေရှင်းဆောင်ရွက်ပေးရမည့်ကိစ္စတစ်ခု ဖြစ်သဖြင့် အလေးထားဆောင်ရွက်သွားရန်လို**
- **တစ်မြို့နယ်လုံး အတိုင်းအတာဖြင့် ရေဝင်ရေထွက် ကောင်းမွန်ရမည်ဖြစ်၊ မိုးရာသီကာလသို့ မရောက်ရှိမီ ရေစီးရေလာ ကောင်းမွန်စေရေးနှင့် ရေထွက်ပေါက်များ စနစ်တကျဖြစ်အောင် ဆောင်ရွက်သွားရန်လို**

## လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်

**လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အစမ့ဝင်ရောက်နေထိုင်နေသည့် မြို့၊ ရွာများ၌ တပ်မတော်၏ တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏နေအိမ်အဆောက်အဦများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာအဆောက်အဦများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ် အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန်ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအစမ့လူသစ်စုဆောင်းခြင်းများကို လုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏အချုပ်အခြာအာဏာကို မဖြစ်မနေကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါ လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ်မူတည်၍ လိုအပ်သလိုတုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့အစမ့ဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့၊ ရွာများရှိ ပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်ကြောင်း။**

( ၃-၉-၂၀၂၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများအား ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက် )

# သီရိမင်္ဂလာတောင်တော်(တောင်ကွဲ)စေတီတော် ပြည်လုံးချမ်းသာစေတီ လုံးတော်ပြည့်ရွှေသင်္ကန်းကပ်လှူခြင်း၊ ဘက်စုံပြုပြင်မွမ်းမံခြင်းနှင့် လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချမင်္ဂလာအခမ်းအနားကျင်းပ

**လွိုင်ကော် မတ် ၁၄**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၊ ဇနီးဒေါ်ကြူကြူလှနှင့် သားသမီး၊ မြေးတစ်စုက မတည်၍ ကယားပြည်နယ်အစိုးရအဖွဲ့နှင့် စေတနာရှင် အလှူရှင်ပြည်သူများ စုပေါင်းလှူဒါန်းမှုဖြင့် သီရိမင်္ဂလာတောင်တော် (တောင်ကွဲ) စေတီတော် ပြည်လုံးချမ်းသာစေတီ အပါအဝင် စေတီတော် ကိုးဆူနှင့် ရုပ်ပွားတော်မြတ်များအား လုံးတော်ပြည့် ရွှေသင်္ကန်းကပ်လှူခြင်း၊ ဘက်စုံပြုပြင်မွမ်းမံခြင်း၊ ဗုဒ္ဓါဘိသေက အနေကဇာတင် ပူဇော်ခြင်း၊ အဘယမုဒြာသိရီရတနာ ဂန္ဓကုဋိတိုက်ဖွင့်လှစ်ခြင်းနှင့် လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချမင်္ဂလာ အခမ်းအနားများကို ယမန်နေ့ နံနက်ပိုင်းက အဆိုပါ စေတီတော် ပရိဝုဏ်အတွင်း ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မျိုးတင်နှင့် တပ်နယ်မှ တာဝန်ရှိသူများ၊ ပြည်နယ်တရားသူကြီးချုပ်၊ ပြည်နယ် အစိုးရအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ စေတနာရှင် အလှူရှင်များနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ဗုဒ္ဓါဘိသေက အနေကဇာတင်ပူဇော်ခြင်းမင်္ဂလာ အခမ်းအနားကို သီရိမင်္ဂလာ တောင်တော် (တောင်ကွဲ) စေတီတော်ရင်ပြင်၌ ပြုလုပ်ရာ ဆရာတော် သံဃာတော်များအား ဥပါသကာများက တံခွန်၊ ကုက္ကား၊ မုလေးပွားများ ဆက်ကပ်လှူဒါန်းကြပြီး ဆရာတော် သံဃာတော်များက ဗုဒ္ဓါဘိသေကအနေကဇာ တင်ပူဇော်ကာ စေတီတော်အား လက်ယာရစ် လှည့်လည်ပူဇော်ကြသည်။

ဆက်လက်၍ အဘယမုဒြာ သိရီရတနာ ဂန္ဓကုဋိတိုက်ဖွင့်ပွဲ မင်္ဂလာအခမ်းအနားကို ပြုလုပ်ရာ တပ်နယ်မှူး၊ ပြည်နယ်တရားသူကြီးချုပ်၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး၊ စီးပွားရေးရာဝန်ကြီး၊ လူမှုရေးရာဝန်ကြီးတို့က အဘယမုဒြာသိရီရတနာ ဂန္ဓကုဋိတိုက်ကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြပြီး ပြည်နယ်ဝန်ကြီးချုပ်က ဂန္ဓကုဋိတိုက် ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးသည်။

ထို့နောက် လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချမင်္ဂလာ အခမ်းအနားကို အဆိုပါ ဂန္ဓကုဋိတိုက်၌ကျင်းပရာ ပြည်နယ်သံဃနာယကအဖွဲ့ ဥက္ကဋ္ဌ လွိုင်ကော်မြို့ ကျောင်းထိုင်ဘုန်းကြီး သင်တန်းကျောင်းဆရာတော် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တပညာစက္က ထံမှ ကိုးပါးသီလခံယူဆောက်တည်ကြကာ ဆရာတော် သံဃာတော်များက အန္တရာယ်ကင်းပရိတ်တရားတော်များ ရွတ်ပွားပူဇော်ကြသည်။ ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တပ်နယ်မှ တာဝန်ရှိသူများ၊ ပြည်နယ်တရားသူကြီးချုပ်နှင့် ပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများက ဆရာတော် သံဃာတော်များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ သီရိမင်္ဂလာ တောင်တော်(တောင်ကွဲ) စေတီတော် ဂေါပကအဖွဲ့ဥက္ကဋ္ဌက ပါဝင်လှူဒါန်းခဲ့ကြသည့် စေတနာရှင် အလှူရှင်များအား လှူဒါန်းမှုအစုစု အတွက် ဂုဏ်ပြုမှတ်တမ်းလွှာများပေးအပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၊ ဇနီး ဒေါ်ကြူကြူလှနှင့် သားသမီး



မြေးတစ်စုတို့၏ လှူဒါန်းမှုတို့အတွက် ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မျိုးတင်က လည်းကောင်း (**အပေါ်ပုံ**)၊ လွိုင်ကော်တပ်နယ်မှ လှူဒါန်းမှုအတွက် တာဝန်ရှိသူတစ်ဦးကလည်းကောင်း၊ ကယားပြည်နယ်အစိုးရအဖွဲ့နှင့် ပြည်နယ်အဆင့် ဌာနဆိုင်ရာများ၊ ပြင်ပအလှူရှင်များ၏ လှူဒါန်းမှုအတွက် လူမှုရေးရာဝန်ကြီးက လည်းကောင်း၊ တစ်ဦးချင်းလှူဒါန်းသည့် အလှူရှင်များက လည်းကောင်း ဂုဏ်ပြုမှတ်တမ်းလွှာများ လက်ခံရယူကြသည်။

ထို့နောက် ပြည်နယ်သံဃနာယကအဖွဲ့ ဥက္ကဋ္ဌ လွိုင်ကော်မြို့ ကျောင်းထိုင်ဘုန်းကြီး သင်တန်းကျောင်းဆရာတော်ထံမှ အနုမောဒနာတရား နာယူကြည်ညို ကြပြီး ရေစက်သွန်းချအမျှပေးဝေကာ ဆရာတော် သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်း၍ ဧည့်ပရိသတ်များအား နေ့လယ်စာ စတုဒိသာဖြင့် တည်ခင်းဧည့်ခံခဲ့သည်။

ယခုကျင်းပပြုလုပ်သည့် သီရိမင်္ဂလာတောင်တော် (တောင်ကွဲ) စေတီတော် ပြည်လုံးချမ်းသာ စေတီအပါအဝင် စေတီတော် ကိုးဆူနှင့် ရုပ်ပွားတော်မြတ်များအား လုံးတော်ပြည့်ရွှေသင်္ကန်း ကပ်လှူခြင်း၊ ဘက်စုံပြုပြင်မွမ်းမံခြင်းအတွက် စေတနာရှင် အလှူရှင်များ၏ လှူဒါန်းမှုမှာ ငွေကျပ်သိန်း ၅၅၆၀ ကျော်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# စစ်ကိုင်းတိုင်းဒေသကြီး၌ ၂၀၂၅ ခုနှစ် ကမ္ဘာ့စားသုံးသူအခွင့်အရေးများနေ့အထိမ်းအမှတ်အခမ်းအနား ကျင်းပ

**မုံရွာ မတ် ၁၄**

စစ်ကိုင်းတိုင်းဒေသကြီး စားသုံးသူရေးရာဦးစီးဌာနက ဦးဆောင်ပြီး မတ် ၁၅ ရက်တွင် ကျရောက်မည့် ၂၀၂၅ ခုနှစ် ကမ္ဘာ့စားသုံးသူအခွင့်အရေးများနေ့ အထိမ်းအမှတ်အခမ်းအနားကို ယနေ့ မွန်းလွဲ ၁ နာရီက တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး ချင်းတွင်းခန်းမ၌ ကျင်းပသည်။




ဦးစွာ စစ်ကိုင်းတိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး ဝင်းတင်စိုးက စားသုံးသူအခွင့်အရေးများ အပြည့်အဝ ရရှိစေရေးအတွက် ဈေးကွက်မရောက်မီနှင့် ဈေးကွက်အတွင်း ကုန်စည်နှင့်ဝန်ဆောင်မှုများကို ဈေးကွက်စောင့်ကြည့် စစ်ဆေးခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း၊ စားသုံးသူအခွင့်အရေး အပြည့်အဝရရှိစေရေးအတွက် တိုင်ကြားနိုင်သည့် နည်းလမ်းများကိုလည်း ပညာပေးခြင်း၊ နည်းစနစ်များ တိုးချဲ့ဆောင်ရွက်ခြင်း၊ တိုင်ကြားမှုအပေါ် စေ့စပ်ညှိနှိုင်း ဖြေရှင်းပေးခြင်း၊ စားသုံးသူကာကွယ်ရေး ဥပဒေနှင့်အညီ စားသုံးသူရေးရာဦးစီးဌာန၊ တိုင်းဒေသကြီးစားသုံးသူရေးရာကော်မတီနှင့် မြန်မာနိုင်ငံစားသုံးသူကော်မရှင်အဆင့်ဆင့်တို့က ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ စားသုံးသူအခွင့်အရေးများသည် စားသုံးသူပြည်သူများ အသက်အိုးအိမ်၊ နေထိုင်မှု ဘေးကင်းလုံခြုံမှုအတွက် အကာအကွယ်ပေးခြင်း ဖြစ်ကြောင်း တိုက်တွန်းပြောကြားသည်။

ဆက်လက်ပြီး တိုင်းဒေသကြီး စားသုံးသူရေးရာကော်မတီ ဥက္ကဋ္ဌ စီးပွားရေးရာဝန်ကြီး ဒေါ်ရီရီသန်းက ကမ္ဘာ့စားသုံးသူအခွင့်အရေးများနေ့အကြောင်းနှင့် တစ်နှစ်တာ လုပ်ငန်း ဆောင်ရွက်ချက်များကို ရှင်းလင်းဆွေးနွေးသည်။ ထို့နောက် တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ် ဦးဇော်ထူးနှင့်အဖွဲ့သည် တက်ရောက်လာကြသူများနှင့်အတူ ကမ္ဘာ့စားသုံးသူအခွင့်အရေးများနေ့ အထိမ်းအမှတ် Video Clip ပြသမှုကို ကြည့်ရှုအားပေးပြီး စားသုံးသူအခွင့်အရေးများနေ့ အထိမ်းအမှတ် ဗဟိုအဆင့် ဆောင်းပါး၊ ကာတွန်းပြိုင်ပွဲတွင် ဆုရရှိသူများအား ဆုများပေးအပ်ချီးမြှင့်သည်။

အဆိုပါ အခမ်းအနား အပြီးတွင် တာဝန်ရှိသူများနှင့် တက်ရောက် လာကြသူများက တိုင်းဒေသကြီး စားသုံးသူရေးရာ ဦးစီးဌာနမှ စားသုံးသူကာကွယ်ရေးဆိုင်ရာ အသိပညာပေးပြခန်းကို လှည့်လည်ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ပြိုင်ပွဲမှသည် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးဆီသို့ (၆) (ဆုရလုပ်ငန်းရှင်များအား ဂုဏ်ပြုခြင်း)

မြင့်စိုး(နတလ)

**စိစစ်အကဲဖြတ်ရွေးချယ်ရေးဒိုင်အဖွဲ့များ ဖွဲ့စည်းဆောင်ရွက်**

ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ပြိုင်ပွဲကြီးကို နေပြည်တော် တပေါင်းကွင်း၌ ဖေဖော်ဝါရီလ ၁၀ ရက်နေ့မှ ၁၆ ရက်နေ့အထိ အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီ၏ လမ်းညွှန်ချက်နှင့်အညီ ဦးစီးကော်မတီ၊ လုပ်ငန်းကော်မတီ၊ လုပ်ငန်းဆပ်ကော်မတီများ ဖွဲ့စည်းဆောင်ရွက်ခဲ့ကြပါသည်။

လုပ်ငန်းဆပ်ကော်မတီ ၁၁ ခုထဲတွင် ပြိုင်ပွဲကျင်းပရေး၊ ဆုရွေးချယ်ရေးနှင့် ဆုချီးမြှင့်ရေးဆပ်ကော်မတီလည်း တစ်ခုအပါအဝင် ဖြစ်ပါသည်။ ပြိုင်ပွဲအမျိုးအစား ခြောက်မျိုး သတ်မှတ်ထားပြီး ပြိုင်ပွဲအလိုက် ပြည်နယ်နှင့် တိုင်းဒေသကြီး MSME အေဂျင်စီများမှ ဆန်ခါတင်ရွေးချယ်ပေးခဲ့သော လုပ်ငန်းရှင်များကို နေပြည်တော်တွင် ဖေဖော်ဝါရီလ ၇ ရက်နေ့မှ ၉ ရက်နေ့အထိ ဒိုင်အဖွဲ့များက တွေ့ဆုံစိစစ် အကဲဖြတ်အမှတ်ပေး ရွေးချယ်ခဲ့ကြပါသည်။

အကဲဖြတ်ဒိုင်ချုပ်အဖွဲ့ကို စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးရင်မောင်ညွန့်က ဥက္ကဋ္ဌအဖြစ် တာဝန်ယူ၍ အဖွဲ့ဝင် ငါးဦးဖြင့် လည်းကောင်း၊ အသေးစား (Micro) စီးပွားရေးလုပ်ငန်းထုတ်ကုန်ဆုအတွက် အကဲဖြတ်ဒိုင်အဖွဲ့ကို သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါ်ငြိမ်းအေးက ဥက္ကဋ္ဌအဖြစ် တာဝန်ယူ၍ အဖွဲ့ဝင် ကိုးဦးဖြင့် လည်းကောင်း၊ အငယ်စား (Small) စီးပွားရေးလုပ်ငန်းထုတ်ကုန်ဆုအတွက် အကဲဖြတ်ဒိုင်အဖွဲ့ကို စက်မှုဝန်ကြီးဌာန စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသိန်းဆွေက ဥက္ကဋ္ဌအဖြစ် တာဝန်ယူ၍ အဖွဲ့ဝင် ၁၀ ဦးဖြင့် လည်းကောင်း၊ အလတ်စား (Medium) စီးပွားရေးလုပ်ငန်းထုတ်ကုန်ဆုအတွက် အကဲဖြတ်ဒိုင်အဖွဲ့ကို စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန မူပိုင်ခွင့်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာမိုးမိုးသွယ်က ဥက္ကဋ္ဌအဖြစ် တာဝန်ယူ၍ အဖွဲ့ဝင် ၁၀ ဦးဖြင့် လည်းကောင်း၊ အသေးစားစက်မှုလက်မှုလုပ်ငန်းများ ထုတ်ကုန်ဆုအတွက် အကဲဖြတ်ဒိုင်အဖွဲ့ကို သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေး ဝန်ကြီးဌာန အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်ဇင်လတ်က ဥက္ကဋ္ဌအဖြစ် တာဝန်ယူ၍ အဖွဲ့ဝင် ကိုးဦးဖြင့် လည်းကောင်း၊ ကုန်ထုတ်သမဝါယမအသင်းစွမ်းဆောင်ရည် အကောင်းဆုံးဆုများအတွက် အကဲဖြတ်ဒိုင်အဖွဲ့ကို သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန သမဝါယမဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်သူရက ဥက္ကဋ္ဌအဖြစ် တာဝန်ယူ၍ အဖွဲ့ဝင် ကိုးဦးဖြင့် လည်းကောင်း၊ ဒေသတစ်ခု ထုတ်ကုန်တစ်ခု(OROP) ထုတ်ကုန် အကောင်းဆုံးဆုအတွက် အကဲဖြတ်ဒိုင်အဖွဲ့ကို သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန သုတေသနနှင့် တီထွင်ဆန်းသစ်မှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာဖြူဖြူဝင်းက ဥက္ကဋ္ဌအဖြစ် တာဝန်ယူ၍ အဖွဲ့ဝင် ၁၀ ဦးဖြင့် လည်းကောင်း ဖွဲ့စည်းဆောင်ရွက်ခဲ့ကြသည်။ ဒိုင်အဖွဲ့ ခြောက်ဖွဲ့သည် စံသတ်မှတ်ချက် (Criteria) များနှင့်အညီ စိစစ်အကဲဖြတ်၍ အောက်ပါအတိုင်း ရွေးချယ်ခဲ့ကြပါသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း အလတ်စားထုတ်ကုန်လုပ်ငန်းတွင် ပထမဆုရ ရန်ကုန်တိုင်းဒေသကြီး "သလ္လာဝတီ" ကုမ္ပဏီလီမိတက်မှ ဦးထူးဝေ အား ဂုဏ်ပြုဆုတံဆိပ်ပေးအပ်ချီးမြှင့်စဉ်။ (၁၄-၂-၂၀၂၅)



ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနားကျင်းပစဉ်။ (၁၄-၂-၂၀၂၅)

**အသေးစား (Micro) စီးပွားရေးလုပ်ငန်း ထုတ်ကုန်ဆု**

ပထမဆုကို မန္တလေးတိုင်းဒေသကြီးမှ ဒေါ်မေနှင်းဝေက Health & Happy ကုန်အမှတ်တံဆိပ်ဖြင့် Nutrition Food ထုတ်လုပ်မှုအတွက် လည်းကောင်း၊ ဒုတိယဆုကို ဧရာဝတီတိုင်းဒေသကြီးမှ ဒေါ်မာလာစန်းက M-Treasure ကုန်အမှတ်တံဆိပ်ဖြင့် ကွမ်းသီးဖတ်ထုတ်ကုန်ထုတ်လုပ်မှုအတွက် လည်းကောင်း၊ တတိယဆုကို ရန်ကုန်တိုင်းဒေသကြီးမှ ဒေါ်ဖြူဖြူဥက "ဝိသာခါ" ကုန်အမှတ်တံဆိပ်ဖြင့် အမွှေးတိုင်နှင့် လူသုံးကုန်ပစ္စည်းအမျိုးမျိုး ထုတ်လုပ်မှုအတွက်လည်းကောင်း အသီးသီးရရှိသွားပါသည်။

အထူးဆု ငါးဆုကို ဦးအောင်ဇင်မင်း၏ "A One Engineering Group တောင်သူအကျိုးပြု လယ်ယာသုံးစက်ပစ္စည်း လုပ်ငန်း"၊ ဒေါ်အိဇင်ဦး၏ "အိလက်ရာ" စားသောက်ကုန်လုပ်ငန်း၊ ဒေါ်ရွှေရွှေမြင့်၏ ပူတာအိုဒေသထွက်ကုန်လုပ်ငန်း၊ ဒေါ်သီတာမြင့်ဝေ၏ "မယ်သီတာ" စားသောက်ကုန်လုပ်ငန်းနှင့် ဦးဇော်မင်းနိုင်၏ "Good & Right" စပျစ်ဝိုင်၊ ဖန်ခါးဝိုင်လုပ်ငန်းတို့က အသီးသီးရရှိကြပါသည်။

**အငယ်စား (Small) စီးပွားရေးလုပ်ငန်း ထုတ်ကုန်ဆု**

ပထမဆုကို စစ်ကိုင်းတိုင်းဒေသကြီးမှ ဦးပြည့်ဖြိုးလှိုင်က "သံစဉ်နေလ" ကုန်အမှတ်တံဆိပ်ဖြင့် ပျားရည်ထုတ်လုပ်မှုအတွက် ရရှိသွားပါသည်။ ဒုတိယဆုကို ရန်ကုန်တိုင်းဒေသကြီးမှ ဦးဇင်မျိုးထိုက်က "MG Myanmar Gasket" ကုန်အမှတ်တံဆိပ်ဖြင့် ကား၊ စက်၊ ဆိုင်ကယ်၊ ပိုက်ဆက် Gasket အမျိုးမျိုးထုတ်လုပ်မှုအတွက် ရရှိသွားပါသည်။ တတိယဆုကို မန္တလေးတိုင်းဒေသကြီးမှ ဦးလှိုင်မိုးက "HMG" ကုန်အမှတ်တံဆိပ်ဖြင့် မော်တော်ယာဉ်လေစစ်ဘူး ထုတ်လုပ်မှုအတွက် ရရှိသွားပါသည်။

အထူးဆု ငါးဆုကို ခွန်မျိုးညွန့်၏ "နောင်ခမ်း" ကော်ဖီလုပ်ငန်း၊ ဦးတက်တိုးဝေ၏ "ထူး" စက်မှုလက်မှုလုပ်ငန်း၊ ဒေါ်နီလာဝင်းကျော်၏ "ပြည့်လျှံ" သဘာဝမြေသြဇာလုပ်ငန်း၊ ဒေါ်မာလာချို၏ "Hturu" သဘာဝဆိုးဆေးနှင့် ချည်ထည်လုပ်ငန်းနှင့် ဒေါ်အိအိလှိုင်၏ "အိလေး" စားသောက်ကုန်လုပ်ငန်းတို့က အသီးသီးရရှိသွားကြပါသည်။

**အလတ်စား (Medium) စီးပွားရေးလုပ်ငန်း ထုတ်ကုန်ဆု**

ပထမဆုကို ရန်ကုန်တိုင်းဒေသကြီးမှ ဦးထူးဝေက သလ္လာဝတီ ကုန်အမှတ်တံဆိပ်ဖြင့် မြူထန်းရည်ဝိုင်ထုတ်လုပ်မှုအတွက် ရရှိသွားပါသည်။ ဒုတိယဆုကို နေပြည်တော်ကောင်စီနယ်မြေမှ ဒေါ်လွဲလွဲဦးက မြန်မာရွှေ ကုန်အမှတ်တံဆိပ်ဖြင့် သစ်သီးခြောက်မျိုးစုံနှင့် စည်သွတ်ဘူးများ ထုတ်လုပ်မှုအတွက် ရရှိပါသည်။ တတိယဆုကို တနင်္သာရီတိုင်းဒေသကြီးမှ ဦးစိုးမိုးနိုင်က မြန်မာအတ္တလန်တစ် ကုန်အမှတ်တံဆိပ်ဖြင့် ပုလဲထုတ်လုပ်မှုအတွက် ရရှိသွားပါသည်။

အထူးဆု ငါးဆုကို ဦးစိုးမိုးသူ၏ "အေးသာယာ" ဝိုင်လုပ်ငန်း၊ ဒေါ်သက်စုငွေ၏ "Jumjel" သဘာဝဇီးနှင့် မန်ကျည်းဖျော်ရည်လုပ်ငန်း၊ ဦးစိန်ဝင်း၏ စပါးနံ့ တာယာအမျိုးမျိုးလုပ်ငန်း၊ ဦးဟိန်းထက်အောင်၏ ပဒုမ္မာဆန်စက်လုပ်ငန်းနှင့် ဦးသန်းထွန်းဝင်း၏ Agro Future Myanmar စိုက်ပျိုးရေးစက်ကိရိယာများ ထုတ်လုပ်မှုလုပ်ငန်းတို့က အသီးသီးရရှိသွားကြပါသည်။

**အသေးစားစက်မှုလက်မှုလုပ်ငန်း (စားသောက်ကုန်စံပြထုတ်ကုန်ဆု)**

မကွေးတိုင်းဒေသကြီးမှ ဒေါ်မိုးသူဇာက "ခါတော်ဦး" ကုန်အမှတ်တံဆိပ်ဖြင့် အသင့်စားလက်ဖက်နှင့် ပဲကြော်မျိုးစုံ ထုတ်လုပ်မှုအတွက် ရရှိပါသည်။

အထူးဆု သုံးဆုကို ဒေါ်သက်မာညို၏ "Better Bee" မြန်မာ့အရည်အသွေးမြင့်ထုတ်ကုန် ပျားရည်နှင့် စားသောက်ကုန်လုပ်ငန်းက လည်းကောင်း၊ ဒေါ်လင်းလင်းခိုင်၏ "Because" ကော်ဖီလုပ်ငန်းက လည်းကောင်း၊ ဦးအောင်မင်းနိုင်၏ "မလိငပိ" ဒေသထွက်စားသောက်ကုန်လုပ်ငန်းက လည်းကောင်း အသီးသီး ရရှိသွားကြပါသည်။

**အသေးစားစက်မှုလက်မှုလုပ်ငန်း (လူသုံးကုန်စံပြထုတ်ကုန်ဆု)**

ရန်ကုန်တိုင်းဒေသကြီးမှ ဒေါ်ခင်ချမ်းမြေ့သူက "ချမ်း" ကုန်အမှတ်တံဆိပ်ဖြင့် ယူကလစ် ရှူဆေး/ လိမ်းဆေး ထုတ်လုပ်မှုအတွက် ရရှိသွားပါသည်။

အထူးဆု သုံးဆုကို ဦးဇော်မင်းဦး၏ "My Like" လူသုံးကုန်လုပ်ငန်းက လည်းကောင်း၊ ဒေါ်ယဉ်မူ၏ "ENE" လူသုံးကုန်လုပ်ငန်းက လည်းကောင်း၊ ဒေါ်ဆုပြည့်ပြည့်ထွန်း၏ "Su Signature" လူသုံးကုန်လုပ်ငန်းက လည်းကောင်း အသီးသီး ရရှိသွားကြပါသည်။

**အသေးစားစက်မှုလက်မှုလုပ်ငန်း (ရက်ကန်းထည်ထုတ်ကုန်စံပြဆု)**

မန္တလေးတိုင်းဒေသကြီးမှ ဒေါ်အေးအေးသန်းက "အင်ကြင်းချယ်" ကုန်အမှတ်တံဆိပ်ဖြင့်

*စာမျက်နှာ ၇ သို့*

# (၂၄)ကြိမ်မြောက် “Ecology of the Big City” ဆိုင်ရာ နိုင်ငံတကာဖိုရမ်(၂၀၂၅) ကျင်းပ






**နေပြည်တော် မတ် ၁၄**

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမင်းသူ ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ယမန်နေ့က ရုရှားနိုင်ငံ စိန့်ပီတာစဘတ်မြို့ သဘာဝပတ်ဝန်းကျင်နှင့် ဂေဟစနစ်ထိန်းသိမ်းကာကွယ်ရေး အသုံးပြုရေး ကော်မတီက ကြီးမှူးကျင်းပသည့် “Ecology of the Big City” ဆိုင်ရာ နိုင်ငံတကာဖိုရမ်၏ Sustainable environment of a metropolis: how to unleash the ecological potential (Plenary Session) ကို အွန်လိုင်းမှ တက်ရောက်ဆွေးနွေးသည်။(ယာပုံ)

အဆိုပါ Plenary Session သို့ ရုရှားနိုင်ငံမှ Mr. Alexander Dvoinih၊ Chairman of the Federation Council Committee on Agrarian and Food Policy and Environmental Management၊ Mr. Alexey Korabelnikov၊ Vice-Governor of Saint-Petersburg၊ Mr. Kirill Soloveichik၊ Chairman of the Committee for Nature Use၊ ဘရာဇီးနိုင်ငံ ဆာပိုလိုမြို့တော်ဝန် Eder Miano တို့တက်ရောက်ဆွေးနွေးကြပြီး ဖိုရမ်သို့ သက်ဆိုင်ရာကိုယ်စားလှယ် စုစုပေါင်း ၅၀၀ တက်ရောက်ကြသည်။

ဆွေးနွေးပွဲတွင် ဒုတိယဝန်ကြီး ဦးမင်းသူက မြန်မာနိုင်ငံအနေဖြင့် ရာသီဥတုဒဏ်ခံနိုင်ရည်ရှိသော မြို့များ တည်ဆောက်နိုင်ရန် အစိမ်းရောင်စကြံများ၊ ရေရှည်တည်တံ့သော ရေနုတ်မြောင်းစနစ်များ၊ သယ်ယူပို့ဆောင်ရေးနှင့် စွန့်ပစ်ပစ္စည်း စီမံခန့်ခွဲမှုစနစ်များ၊ ပြန်ပြည့်မြဲစွမ်းအင်တို့ကို ပေါင်းစပ်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်းနှင့် ၂၀၂၅ ခုနှစ်တွင် တင်ပြမည့် မြန်မာနိုင်ငံ အမျိုးသားအဆင့် ရာသီဥတုပြောင်းလဲမှု လျော့ချရေးနှင့် လိုက်လျောညီထွေ ရှိစေရေးဆိုင်ရာ အကောင်အထည်ဖော်ဆောင်ရွက်မည့် (Nationally Determined Contributions-NDCs 2025 (2 nd update) အစီရင်ခံစာနှင့် စပ်လျဉ်း၍ စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှုအပါအဝင် ကာဗွန်ထုတ်လွှတ်မှုများသည့်ကဏ္ဍများမှ ရည်မှန်းချက်များကို ပိုမိုထည့်သွင်းနိုင်ရေး ကြိုးပမ်းဆောင်ရွက်နေမှု၊ မြို့ပြစွန့်ပစ်ပစ္စည်း စီမံခန့်ခွဲမှုနှင့်ပတ်သက်၍ အမျိုးသားအဆင့် စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှု မဟာဗျူဟာကိုအကောင်အထည်ဖော်ဆောင်ရွက်နေမှုများနှင့် ကမ်းရိုးတန်းဒေသများတွင် မြို့ပြနှင့် စက်မှုစွန့်ပစ်ပစ္စည်းများ စီမံခန့်ခွဲမှုအတွက် စံချိန်စံညွှန်းနှင့် လုပ်ထုံးလုပ်နည်းများထုတ်ပြန်နိုင်ရေး အပြီးသတ်ဆောင်ရွက်နေမှု၊ ပလတ်စတစ် ထုတ်လုပ်ခြင်းမှ စွန့်ပစ်ခြင်းအဆင့်အထိ ပလတ်စတစ် သံသရာစက်ဝန်းတစ်ခုလုံးကို ထိန်းချုပ်ရန်အတွက် အမျိုးသားအဆင့် ပလတ်စတစ်စီမံခန့်ခွဲမှုဆိုင်ရာ လုပ်ငန်းစဉ်ကို ရေးဆွဲဆောင်ရွက်နေမှု၊ မြို့ပြများတွင် ရေရှည်တည်တံ့သော သယ်ယူပို့ဆောင်ရေးကို မြှင့်တင်ရန် ကြိုးပမ်းမှုအနေဖြင့် လျှပ်စစ်မော်တော်ယာဉ်(Electric Vehicles-EV) များကို အသုံးပြုကြစေရေး အားပေးဆောင်ရွက်နေမှုတို့နှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားခဲ့ပြီး မြို့ကြီးများအနေဖြင့် ဂေဟစနစ်အခြေခံလိုက်လျောညီထွေဖြစ်စေမှုနှင့် ပတ်ဝန်းကျင်ဆိုင်ရာ သာတူညီမျှတမှုတို့နှင့်အတူ ကာဗွန်ထုတ်လွှတ်မှုနှင့် စွန့်ပစ်ပစ္စည်းထွက်ရှိမှု လျော့နည်းသော၊ ရာသီဥတုဒဏ်ခံနိုင်ရည်ရှိသော စံနမူနာမြို့ကြီးများအဖြစ် မျိုးဆက်သစ်အဆက်ဆက်တိုင် ဖွံ့ဖြိုးတိုးတက်စေရေး လက်တွဲပူးပေါင်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဆွေးနွေးပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

---

*စာမျက်နှာ ၆ မှ*

သဘာဝဆိုးဆေး လက်ရက်ကန်းထည် အမျိုးမျိုး ထုတ်လုပ်မှုအတွက် ရရှိပါသည်။

အထူးဆုသုံးဆုကို ဒေါ်စုစုရီ၏ “ငွေစန္ဒာ” လက်ရက်ကန်းလုပ်ငန်းက လည်းကောင်း၊ ဦးကျော်မင်းဦး၏ “ကျော်” ရက်ကန်းလုပ်ငန်းက လည်းကောင်း၊ ဦးစည်သူစိုး၏ “ဆွေသစ်” အင်းလေးရိုးရာ ရက်ကန်းလုပ်ငန်းက လည်းကောင်း အသီးသီးရရှိသွားကြပါသည်။

**အသေးစားစက်မှုလက်မှုလုပ်ငန်း (လက်မှုထည်စံပြထုတ်ကုန်ဆု)**

ပြည်ထောင်စုနယ်မြေ နေပြည်တော်မှ ဒေါ်အိအိဝင်းက “နေပြည်တော် ပုံရိပ်သစ်” ကုန်အမှတ်တံဆိပ်ဖြင့် သစ်ထွင်းပန်းချီထုတ်လုပ်မှုအတွက် ရရှိပါသည်။

အထူးဆုသုံးဆုကို ဦးအောင်ကျော်ဆန်း၏ “ပန်းကမ္ဘာ” မြန်မာ့ပန်းပွတ်လုပ်ငန်းက လည်းကောင်း၊ ဒေါ်ခင်မိုးဖြူ၏ “ချမ်းမြေ့မေတ္တာ” ကျောက်မျက်ရတနာ အလှဆင်ပစ္စည်းနှင့် ရွှေပန်းထိမ်လုပ်ငန်းက လည်းကောင်း၊ ဒေါ်ခင်မေကြီး၏ “ခင်ချောင်းသာ” ခရု၊ ကနုကမာ လုပ်ငန်းက လည်းကောင်း အသီးသီး ရရှိကြပါသည်။

**ကုန်ထုတ်သမဝါယမအသင်း စွမ်းဆောင်ရည်ဆု**

ပထမဆုကို မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ် သမဝါယမအသင်းစုက “အနော်ရထာ” ကုန်အမှတ်တံဆိပ်ဖြင့် မြေပဲဆီထုတ်လုပ်မှုအတွက် ရရှိပါသည်။ ဒုတိယဆုကို ရန်ကုန်တိုင်းဒေသကြီးမှ သီရိစန္ဒာအထည်ချုပ်နှင့် အထွေထွေရောင်းဝယ်ရေး သမဝါယမအသင်းက အထည်ချုပ်လုပ်မှုအတွက် ရရှိပါသည်။ တတိယဆုကို နေပြည်တော်မှ သားတင်ဦး အထွေထွေစီးပွားရေးလုပ်ငန်း သမဝါယမအသင်းက မြေပဲဆီ၊ နေကြာဆီထုတ်လုပ်မှုအတွက် ရရှိပါသည်။

အထူးဆုငါးဆုကို အောင်ကောင်းမြတ် လယ်ယာကုန်ထုတ်နှင့် အထွေထွေစီးပွားရေးလုပ်ငန်း သမဝါယမအသင်း၏ နှမ်းရိုးအခြေခံ သဘာဝမြေဩဇာ ထုတ်လုပ်ခြင်းလုပ်ငန်း၊ ရွှေမြန်မာ လက်မှုထည်ပစ္စည်းရောင်းဝယ်ရေးနှင့် အထွေထွေစီးပွားရေးလုပ်ငန်း သမဝါယမအသင်း၏ သစ်သားလက်မှုထည်ပစ္စည်းများ ထုတ်လုပ်ခြင်းလုပ်ငန်း၊ စိမ်းလဲ့မြေ အထွေထွေစီးပွားရေး သမဝါယမအသင်း၏ မျှစ်ချဉ်ထုတ်လုပ်ငန်း၊ စမ်းဝတီမွေးမြူရေးနှင့် သဘာဝမြေဩဇာ ထုတ်လုပ်ရေး သမဝါယမအသင်းလီမိတက်၏ နို့ထွက်ပစ္စည်းနှင့် သဘာဝမြေဩဇာလုပ်ငန်းနှင့် ငွေသီဟစက်မှုကုန်ထုတ်သမဝါယမအသင်း၏ ဆီစစ်ခုံ၊ ပေါင်းစပါးအခြောက်ခံစက်၊ မီးအစားထိုးအသုံးပြုပစ္စည်းများ ထုတ်လုပ်ခြင်းလုပ်ငန်းတို့က အသီးသီး ရရှိကြပါသည်။

**ဒေသတစ်ခုထုတ်ကုန်တစ်ခု (OROP) ထုတ်ကုန်အကောင်းဆုံးဆု**

ပြည်ထောင်စုနယ်မြေ နေပြည်တော်မှ ဒေါ်နန်းခင်အုန်းက Na Rain Dara Co., Ltd. ကုန်အမှတ်တံဆိပ်ဖြင့် စိန်ဖူး (နိုင်ငံတကာစံချိန်မီအဆင့်မြင့်သဘာဝမျှစ်ခြောက်) ထုတ်လုပ်မှုအတွက်၊ ကချင်ပြည်နယ်မှ ဒေါ်ထုံဖူးနင်ဒွေးက “ကဆန်ထီ” စားသောက်ကုန်လုပ်ငန်း ကုန်အမှတ်တံဆိပ်ဖြင့် သစ်ကြားသီး ထုတ်လုပ်မှုအတွက်၊ ကယားပြည်နယ်မှ ဒေါ်သန်းသန်းနုက Treasure Corn Company Limited ကုန်အမှတ်တံဆိပ်ဖြင့် အစေ့ထုတ်ပြောင်းထုတ်လုပ်မှုအတွက်၊ ကရင်ပြည်နယ်မှ ဦးအောင်ဇော်ထက်က “အောင်ဆန်းငွေလာ” ဆန်စက်လုပ်ငန်း ကုန်အမှတ်တံဆိပ်ဖြင့် ဖန်သီးသုခဆန်ရှယ် ထုတ်လုပ်မှုအတွက်၊ ချင်းပြည်နယ်မှ ဒေါ်နှင်းမို့မို့အောင်က ချင်းရိုးရာလက်ရက်ကန်း လုပ်ငန်း ကုန်အမှတ်တံဆိပ်ဖြင့် ချင်းရိုးရာအဝတ်အထည်ထုတ်လုပ်မှုအတွက်၊ စစ်ကိုင်းတိုင်းဒေသကြီးမှ ဦးထွန်းထွန်းက “ထွန်းထွန်း” ငွေထည်ကြေးထည် ကုန်အမှတ်တံဆိပ်ဖြင့် ငွေထည်ကြေးထည်ပစ္စည်းမျိုးစုံ ထုတ်လုပ်မှုအတွက်၊ တနင်္သာရီတိုင်းဒေသကြီးမှ ဒေါက်တာအောင်လွင်က “ပြည့်ဖြိုးထွန်း” အင်တာနေရှင်နယ်လီမိတက် ကုန်အမှတ်တံဆိပ်ဖြင့် ရေထွက်ကုန် ထုတ်လုပ်မှုအတွက်၊ ပဲခူးတိုင်းဒေသကြီးမှ ဒေါ်သီရိရတနာလှိုင်က “ရိုးရာမောင်” ချည်ထည်လုပ်ငန်း ကုန်အမှတ်တံဆိပ်ဖြင့် အင်းမကြူမဟာပုဆိုး၊ ရွှေကောင်စည်းပွင့်၊ ရိုးရာလုံချည်၊ မြန်မာ့ရိုးရာ လက်ထည်များ၊ ပဝါခြုံ တဘက် ထုတ်လုပ်မှုအတွက်၊ မကွေးတိုင်းဒေသကြီးမှ ဦးရဲလင်းအောင်က “စူပါမင်း” ဆီစက်လုပ်ငန်း ကုန်အမှတ်တံဆိပ်ဖြင့် မြေပဲဆီ၊ နှမ်းဆီ ထုတ်လုပ်မှုအတွက်၊ မန္တလေးတိုင်းဒေသကြီးမှ ဦးပြည်ကျော်က “မေမြို့ဖရှက်(ရှ်)” ကော်ဖီလုပ်ငန်း ကုန်အမှတ်တံဆိပ်ဖြင့် ကော်ဖီ၊ လက်ဖက်ရည်ထုတ်ကုန်များ ထုတ်လုပ်မှုအတွက်၊ မွန်ပြည်နယ်မှ ဦးစောလွင်က “နှရော်ဘာ” အပြားကြိတ်လုပ်ငန်း ကုန်အမှတ်တံဆိပ်ဖြင့် ရော်ဘာပြား ထုတ်လုပ်မှုအတွက်၊ ရခိုင်ပြည်နယ်မှ ဒေါ်မအေးက “ရွှေကျား” ရက်ကန်းလုပ်ငန်း ကုန်အမှတ်တံဆိပ်ဖြင့် ရခိုင်ရိုးရာချိတ်အမျိုးမျိုး ထုတ်လုပ်မှုအတွက်၊ ရန်ကုန်တိုင်းဒေသကြီးမှ ဦးမောင်မြင့်က Bright Light Co., Ltd. ကုန်အမှတ်တံဆိပ်ဖြင့် ပဲတီစိမ်း ထုတ်လုပ်မှုအတွက်၊ ရှမ်းပြည်နယ်မှ ဒေါ်သဲစုသဥ္စာဖိုလ်က “Shan Orchard” Myanmar Co., Ltd. ကုန်အမှတ်တံဆိပ်ဖြင့် ထောပတ်ဆီ ထုတ်လုပ်မှုအတွက်နှင့် ဧရာဝတီတိုင်းဒေသကြီးမှ ဒေါ်ဇာခြည်ဌေးက Global Earth Agro & Aqua Industry Public ကုန်အမှတ်တံဆိပ်ဖြင့် ငါးအသားလွှာ၊ ငါးအသားလုံး ထုတ်ကုန်များ ထုတ်လုပ်မှုတို့အတွက် ဆုများ အသီးသီးရရှိကြပါသည်။




ဖေဖော်ဝါရီ ၁၀ ရက်မှ ၁၆ ရက်အထိ ကျင်းပသည့် ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ပြိုင်ပွဲ၌ MSME အသင်းအဖွဲ့များမှ တာဝန်ရှိသူများနှင့် ပြခန်းတာဝန်ခံများ ခင်းကျင်းပြသထားသည့် ပြခန်းများကို ကြည့်ရှုအားပေးစဉ်။

**ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်**

ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ပြိုင်ပွဲ၏ ဆုချီးမြှင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီလ ၁၄ ရက်နေ့ ညနေပိုင်းတွင် နေပြည်တော်ရှိ ဥပ္ပါတသန္တိစေတီတော် တပေါင်းကွင်း၌ ကျင်းပပြုလုပ်ရာ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း တက်ရောက်၍ ဆုများပေးအပ်ချီးမြှင့်သည်။

အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ ဒုတိယဝန်ကြီးများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ MSME အေဂျင်စီဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ၊ အသင်းအဖွဲ့များမှ တာဝန်ရှိသူများနှင့် ပြခန်းတာဝန်ခံများ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် ဒေသခံပြည်သူများ စည်ကားသိုက်မြိုက်စွာ တက်ရောက်ကြသည်။ ။

*(ဆက်လက်ဖော်ပြပါမည်)*

# တနင်္သာရီတိုင်းဒေသကြီးအတွင်း တက္ကသိုလ်ဝင်စာမေးပွဲ အေးချမ်းလုံခြုံစွာကျင်းပနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ တိုင်းဒေသကြီးအတွင်း စာစစ်ဌာန ၁၆ ခု၊ ဖြေဆိုသူဦးရေ ၄၇၅၇ ဦးရှိ

**ထားဝယ် မတ် ၁၄**

၂၀၂၄-၂၀၂၅ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲ အေးချမ်းလုံခြုံစွာကျင်းပနိုင်ရေး လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ယနေ့နံနက် ၉ နာရီက ထားဝယ်မြို့ရှိ တနင်္သာရီတိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

**ဝိုင်းဝန်းကူညီဆောင်ရွက်ပေး**

အစည်းအဝေးတွင် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကိုက တိုင်းဒေသကြီးအတွင်း တက္ကသိုလ်ဝင်စာမေးပွဲကို လာမည့် မတ် ၁၇ ရက်မှ ၂၂ ရက်အထိ ကျင်းပမည်ဖြစ်ပြီး စာစစ်ဌာန ၁၆ ခုတွင် စာမေးပွဲဖြေဆိုနေစဉ်ကာလအတွင်း ကျောင်းသားကျောင်းသူများ အေးချမ်းစွာဖြေဆိုနိုင်ရေး၊ စာစစ်ဌာနသို့ အချိန်မီရောက်ရှိရေး၊ လမ်းခရီးအခက်အခဲများ၊ ကျန်းမာရေးအခြေအနေများကြောင့် အခက်အခဲများရှိပါက ဆက်စပ်ဌာနဆိုင်ရာများက ဝိုင်းဝန်းကူညီဆောင်ရွက်ပေးစေလိုကြောင်း ပြောကြားသည်။

**လုံခြုံရေးဆောင်ရွက်ပေးသွားမည်**

ထို့နောက် ကမ်းရိုးတန်းဒေသ တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်ကျော်ဟန်က တိုင်းဒေသကြီးအတွင်း စာစစ်ဌာန ၁၆ ခုရှိပြီး ဖြေဆိုသူဦးရေ ၄၇၅၇ ဦးရှိကြောင်း၊ တက္ကသိုလ်ဝင်စာမေးပွဲကာလအတွင်း ပူးပေါင်းအဖွဲ့များဖြင့် လုံခြုံရေးဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ပြောကြားပြီး တိုင်းဒေသကြီးပညာရေး ညွှန်ကြားရေးမှူးက တက္ကသိုလ်ဝင်စာမေးပွဲ အေးချမ်းအောင်မြင်စွာကျင်းပနိုင်ရေးအတွက် ဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။



ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးများနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက လုပ်ငန်းစဉ်အား ရှင်းလင်းဆွေးနွေးတင်ပြကြရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# တောင်သူပူးပေါင်းပါဝင်သော ဆင်းရှေကြာ - ၂ နေကြာမျိုးရွေးချယ်ခြင်းကွင်းသရုပ်ပြပွဲ ကျင်းပ

**နေပြည်တော် မတ် ၁၄**

တောင်သူများ ပူးပေါင်းပါဝင်သော ဆင်းရှေကြာ -၂ နေကြာမျိုး ရွေးချယ်ခြင်း ကွင်းသရုပ်ပြပွဲကို ယနေ့နံနက်ပိုင်းက နေပြည်တော် ကောင်စီနယ်မြေ ပုဗ္ဗသီရိမြို့နယ် ဘဲကုန်းစံပြစိုက်ကွင်း၌ ကျင်းပပြုလုပ်ရာ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာတင်ထွဋ် တက်ရောက်အားပေးသည်။



**တောင်သူများနှင့်တွေ့ဆုံ**

ကွင်းသရုပ်ပြပွဲ၌ တောင်သူများနှင့်တွေ့ဆုံစဉ် ဒုတိယဝန်ကြီးက နေကြာသီးနှံသည် စိုက်ပျိုးရေး ဂေဟစနစ် ကောင်း၊ မကောင်းကို ညွှန်ပြပေးနိုင်သော သီးနှံတစ်မျိုးဖြစ်ပြီး ပျက်စီးနေသည့် ဂေဟစနစ်ကိုလည်း ပြန်လည်ပြုပြင်ပေးနိုင်သော သီးနှံတစ်မျိုးဖြစ်ကြောင်း၊ နေကြာကို သင့်တော်သည့် သီးနှံပုံစံတွင် ထည့်သွင်းစိုက်ပျိုးခြင်းဖြင့် ပျား၊ ပိတုန်း၊ လိပ်ပြာ စသည့် ဝတ်မှုန်ကူးမှုကို အထောက်အကူပြုသည့် ပိုးမွှားများ များပြားလာကာ သီးနှံများ ပိုမိုအောင်မြင်လာမည်ဖြစ်ကြောင်း၊ သီးလှည့် စိုက်ပျိုးနိုင်ရေးအတွက် မိုးစပါးပြီး စိုက်ပျိုးနိုင်သည့် သီးနှံများကိုစာရင်းပြုစုကာ ပညာရှင်နှင့် တောင်သူများအားလုံးပူးပေါင်းညှိနှိုင်း၍ လူထုအခြေပြုသီးလှည့်စနစ်ကို ဆောင်ရွက်နိုင်ရေး စီမံကိန်းရေးဆွဲခြင်း၊ စီမံချက်ချမှတ်ခြင်းများ စနစ်တကျဆောင်ရွက်ရန် လိုအပ်ကြောင်း၊ သီးလှည့်စနစ်အောင်မြင်စွာ ကျင့်သုံးနိုင်စေရန် မျိုးစေ့စနစ်ကို တည်ဆောက်ရမည်ဖြစ်ကြောင်း။

**အစေ့ထုတ်ပြောင်းစိုက်ပျိုး**

အဆိုပါစီမံကိန်းများ ရေးဆွဲရာတွင် ဒေသရေမြေရာသီဥတုအရ ဖြစ်ထွန်းနိုင်ခြင်း၊ ဈေးကွက်ရှိခြင်း၊ ဂေဟစနစ် ပြန်လည်ထိန်းညှိပေးနိုင်မှု၊ မြေဆီလွှာဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပေးနိုင်မှု၊ ပိုးမွှားရောဂါများ၏ သံသရာကို ဖြတ်တောက်ပေးနိုင်ရေး စသည့်အချက်များကို ထည့်သွင်းစဉ်းစားရန်လိုကြောင်း၊ ယခုအခါနိုင်ငံတကာတွင် စပါးအပြီး အစေ့ထုတ်ပြောင်းသီးနှံစိုက်ပျိုးခြင်းသည် အထူးရေပန်းစားလျက်ရှိကြောင်း၊ စပါးအပြီးမည်သည့်သီးနှံကို စိုက်ပျိုးလုပ်ကိုင်သည်ဖြစ်စေ ဖြည့်စွက်ရေနှစ်ကြိမ်ခန့် ပေးသွင်းနိုင်ရေး အထူးအလေးထား ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ သီးနှံများ စိုက်ပျိုးရာတွင်အရင်းကျေသီးနှံများကို ကန်သင်းနှင့် စိုက်ခင်းဘေးပတ်လည်တွင် စိုက်ပျိုးရေးနှင့် သစ်စိမ်း မြေဩဇာသီးနှံများကိုလည်း သင့်တော်သည့် နည်းလမ်းဖြင့် ထည့်သွင်းစိုက်ပျိုးသွားရန်ဖြစ်ကြောင်း၊ နေကြာသီးနှံကို မိမိမျိုးမိမိထုတ်သည့်စနစ်ဖြင့် တောင်သူများကိုယ်တိုင် မိမိစိုက်ခင်းမှ စံပွင့်များအား မျိုးခံမျိုးချန်သည့် စနစ်ကို နှစ်စဉ်ဆောင်ရွက်သွားကြရန် တိုက်တွန်းပါကြောင်း ပြောကြားသည်။

**ဖြေကြားဆွေးနွေး**

ယင်းနောက် စိုက်ပျိုးရေးတက္ကသိုလ်နှင့် ဦးစီးဌာနများမှ တာဝန်ရှိသူများ၊ သုတေသီများ၊ ပျဉ်းမနား၊ လယ်ဝေးနှင့် သီရိငါးမြို့နယ်တို့မှ တောင်သူများနှင့်အတူ ဆင်းရှေကြာ -၂ နေကြာမျိုးစေ့ထုတ်စိုက်ခင်းအတွင်း မျိုးခံမျိုးချန် အသုံးပြုနိုင်မည့် စံပွင့်များကိုကြည့်ရှုကြပြီး တောင်သူကြီးများ၏ မေးမြန်းချက်များအပေါ် ဒုတိယဝန်ကြီးနှင့် ပညာရှင်ဝန်ထမ်းများက ဖြေကြားဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# အစိုးရစက်မှုလက်မှုသိပ္ပံ(ကျောက်ဆည်) ၌ မူပိုင်ခွင့်ဆိုင်ရာ အသိပညာပေးဆွေးနွေးပွဲကျင်းပ

**ကျောက်ဆည် မတ် ၁၄**

မန္တလေးတိုင်းဒေသကြီး အစိုးရစက်မှုလက်မှုသိပ္ပံ(ကျောက်ဆည်) စုဝေးခန်းမ၌ မတ် ၅ ရက်က မူပိုင်ခွင့်ဆိုင်ရာ အသိပညာပေး ဆွေးနွေးပွဲ ကျင်းပသည်။

ဦးစွာ အစိုးရစက်မှုလက်မှုသိပ္ပံ(ကျောက်ဆည်)မှ ကျောင်းအုပ်ဆရာကြီး ဒေါက်တာမျိုးသူက တီထွင်သူများအား အသိအမှတ်ဂုဏ်ပြုချီးမြှင့်နိုင်ရန်နှင့် အကျိုးစီးပွားများကိုဥပဒေနှင့် အကာအကွယ်ပေးနိုင်ရေး အသိပညာပေး ဆွေးနွေးပွဲကျင်းပရခြင်းဖြစ်ကြောင်းနှင့် သိပ္ပံနှင့်နည်းပညာဖွံ့ဖြိုးတိုးတက်မှုအကြောင်း၊ သိပ္ပံနှင့် နည်းပညာဆန်းသစ်တီထွင်မှု ဥပဒေများအား ရှင်းလင်းဆွေးနွေးခဲ့ပြီး စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန၊ မူပိုင်ခွင့်ဦးစီးဌာနမှညွှန်ကြားရေးမှူးချုပ် ဒေါက်တာမိုးမိုးသွယ်၊ ညွှန်ကြားရေးမှူးများဖြစ်ကြသည့် ဒေါက်တာအေးသီရိဝေ၊ ဦးလင်းအောင်ဆွေတို့က တီထွင်မှု မူပိုင်ခွင့်၏ အဓိပ္ပာယ်နှင့် တီထွင်မှု မူပိုင်ခွင့် ခွင့်ပြုပေးနိုင်သည့် သက်တမ်းများ၊ အခွင့်အရေးနှင့် စောင့်ထိန်းရမည့် တာဝန်ဝတ္တရားများ၊ နိုင်ငံတော်၏ကုန်ထုတ်လုပ်မှု ဖွံ့ဖြိုးတိုးတက်စေရန်အတွက် နည်းပညာဆန်းသစ်တီထွင်မှုနှင့် နည်းပညာများ ဖြန့်ဖြူးလွှဲပြောင်းရေးများအကြောင်း ရှင်းလင်းဆွေးနွေးရာ အခမ်းအနားသို့ တက်ရောက်လာသူများက သိရှိလိုသည်များကို ပြန်လည်မေးမြန်းခဲ့ကြောင်း သိရသည်။



**သက်မောင်**
**(ကျောက်ဆည်)**

# သန်လျင်မြို့နယ် ဘယက်စံပြကျေးရွာနှင့် အနီးပတ်ဝန်းကျင်ကျေးရွာများရှိ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်

**နေပြည်တော် မတ် ၁၄**

ရန်ကုန်တိုင်းဒေသကြီး သန်လျင်မြို့နယ် ဘယက်စံပြကျေးရွာနှင့် အနီးပတ်ဝန်းကျင် ကျေးရွာများရှိ ဒေသခံပြည်သူများအား ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က အဆိုပါကျေးရွာရှိ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး(SMU) အဆောက်အအုံခန်းမ၌ ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။



ထိုသို့ဆောင်ရွက်ပေးရာတွင် ဆေးကုသရေးအဖွဲ့က ဒေသခံပြည်သူ ၁၁၀ တို့အား အရိုးအကြောရောဂါ၊ ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ ကလေးရောဂါ၊ မျက်စိရောဂါ၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ အထွေထွေရောဂါ တို့နှင့်ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေး စစ်ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးသည်။

ယင်းသို့ ဆောင်ရွက်နေမှုများကို သန်လျင်တပ်နယ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ကချင်ပြည်နယ်အစိုးရအဖွဲ့က ကြီးမှူး၍ သာသနာတော်ဆိုင်ရာဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်း

**မြစ်ကြီးနား မတ် ၁၄**

ကချင်ပြည်နယ် အစိုးရအဖွဲ့က ကြီးမှူး၍ ၂၀၂၅ ခုနှစ် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းပွဲအခမ်းအနားနှင့် ဆွမ်းဆန်စိမ်းလောင်းလှူပူဇော်ပွဲအခမ်းအနားကို ယမန်နေ့က မြစ်ကြီးနားမြို့ သာသနဝ ဗိမ္မာန်တော်၌ကျင်းပရာ နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင် (ရွှေကျင်) မဟာဂန္ဓာရုံကျောင်းတိုက်ဆရာတော် မဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဟိတေသိတထံ အမှူးပြုသောထေရ်ကြီးဝါကြီးဆရာတော်ကြီးများ၊ ဘွဲ့ခံဆရာတော်၊ သီလရှင်ဆရာများ တက်ရောက်တော်မူကြသည်။



အခမ်းအနားသို့ ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်နှင့် ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ အလှူရှင်များနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ကြည်ညိုကြသည်။

ထို့နောက် ပြည်နယ်သာသနာရေးမှူးက အခမ်းအနားဖွင့် စာတမ်းကို ဖတ်ကြားပြီး နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် (ရွှေကျင်) မဟာဂန္ဓာရုံကျောင်းတိုက် ဆရာတော် မဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဟိတေသိတ ထံမှ ငါးပါးသီလခံယူဆောက်တည်တော် မူခြင်းနှင့် သမ္ဗောဒနီယ သြဝါဒကထာတို့ကို နာယူတော်မူကြသည်။

ဆက်လက်၍ ပြည်နယ်လူမှုရေးရာဝန်ကြီး ဦးမိုးမင်းသိန်းက ၂၀၂၅ ခုနှစ် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းရခြင်းနှင့် သာသနာရေးဆိုင်ရာများကို လျှောက်ထားတင်ပြပြီး ပြည်နယ်ဝန်ကြီးချုပ်၊ မြောက်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူးနှင့် တာဝန်ရှိသူများက ပင့်သံဃာတော်များအား လှူဖွယ်ပစ္စည်းများ၊ ဘွဲ့ခံဆရာတော် ၁၂ ပါး၊ သီလရှင်ဆရာကြီး တစ်ပါးတို့အား လှူဖွယ်ပစ္စည်းများနှင့် ဘွဲ့တံဆိပ်တော်အဆောင်အယောင်များကို ဆက်ကပ်လှူဒါန်းခဲ့ကြကာ လူပုဂ္ဂိုလ် အမျိုးသားနှစ်ဦးကို လှူဖွယ်ပစ္စည်းများနှင့် ဘွဲ့တံဆိပ်တော် အဆောင်အယောင်များကို ချီးမြှင့်အပ်နှင်းခဲ့ကြသည်။

ယင်းနောက် ပြည်နယ်သံဃနာယကအဖွဲ့ အကျိုးတော်ဆောင် ဓမ္မရက္ခိတဝန်းသိုကျောင်း ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တကေတုမာလာထံမှ အနုမောဒနာတရားတော်များ နာယူခဲ့ပြီး လှူဒါန်းမှု အစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေခဲ့ကြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် ဇနီး၊ တာဝန်ရှိသူများနှင့် အလှူရှင်များက ဆရာတော်၊ သံဃာတော် မထေရ်မြတ်များနှင့် ဘွဲ့ခံဆရာတော်၊ ဘွဲ့ခံသီလရှင်များနှင့် ဆရာတော်၊ သံဃာတော်များ၊ သီလရှင်များ စုစုပေါင်း ၁၂၆ ဦးတို့အား ဆွမ်းဆန်တော်၊ လှူဖွယ်ပစ္စည်းများအား လောင်းလှူပူဇော်ခဲ့ကြောင်း သိရသည်။

ပြည်နယ် (ပြန်/ဆက်)

# ၂၀၂၄ - ၂၀၂၅ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်စွာကျင်းပနိုင်ရေးနှင့် ကျောင်းသား ကျောင်းသူများ စိတ်အေးချမ်းသာစွာဖြင့် ဖြေဆိုနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးများ ကျင်းပ

**နေပြည်တော် မတ် ၁၄**

၂၀၂၄-၂၀၂၅ ပညာသင်နှစ် တက္ကသိုလ်ဝင် စာမေးပွဲ အောင်မြင်စွာကျင်းပနိုင်ရေးနှင့် ကျောင်းသား ကျောင်းသူများ စိတ်အေးချမ်းသာစွာဖြင့် ဖြေဆိုနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးများကို ယနေ့တွင် ရှမ်းပြည်နယ်၊ မွန်ပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ မန္တလေးတိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီးတို့ရှိ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမများ၌ ကျင်းပပြုလုပ်ကြရာ သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ဝန်ကြီးချုပ်များ၊ တိုင်းမှူးများနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြပြီး အရှေ့မြောက်တိုင်းစစ်ဌာနချုပ်၊ အရှေ့အလယ်ပိုင်းတိုင်း စစ်ဌာနချုပ်၊ ဧရာဝတီတိုင်းစစ်ဌာနချုပ်တို့မှ တိုင်းမှူးများနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက






ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ဝန်ကြီးချုပ်များက အမှာစကားများ ပြောကြားကြသည်။ ထို့နောက် တိုင်းမှူးများနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ၂၀၂၄-၂၀၂၅ ပညာသင်နှစ် တက္ကသိုလ်ဝင် စာမေးပွဲအောင်မြင်စွာ ကျင်းပနိုင်ရေးနှင့် ကျောင်းသားကျောင်းသူများစိတ်အေးချမ်းသာစွာဖြင့် ဖြေဆိုနိုင်ရေးအတွက် လုံခြုံရေးဆိုင်ရာကိစ္စရပ်များ၊ တက္ကသိုလ်ဝင်စာမေးပွဲဆိုင်ရာများ၊ ကျန်းမာရေးဆိုင်ရာကိစ္စရပ်များနှင့် အခြားလိုအပ်သည်များကို သက်ဆိုင်ရာကဏ္ဍအလိုက် အသီးသီးဆွေးနွေးတင်ပြကြသည်။ ယင်းနောက် တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ဝန်ကြီးချုပ်များက ရှင်းလင်းတင်ပြမှုများအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီး နိဂုံးချုပ်အမှာစကားများ ပြောကြားခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများ အပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH ၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH ၊ NUG ၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှု မပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

## လေပြင်းတိုက်ခတ်ခြင်း ဖြစ်ပေါ်နိုင်

**နေပြည်တော် မတ် ၁၄**


မိုးတိမ်တောင်ဖြစ်ပေါ်မှုအခြေအနေမှာ တနင်္သာရီတိုင်းဒေသကြီးတွင် မိုးတိမ်တောင်များ ဖြစ်ထွန်းလျက်ရှိပြီး အဆိုပါမိုးတိမ်တောင်များ ရွေ့လျားရာနေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့် မိုးသီးကြွေခြင်း စသည့်မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုအပ်ပါသည်။

မိုး/ဇလ

❑ **နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုအား နှောင့်ယှက်ခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

# နေရောင်ခြည်စွမ်းအင် (Solar Energy) သုံးနည်းပညာဖြင့် လျှပ်စစ်ထုတ်လုပ်ခြင်း

*ဒေါက်တာသန့်စင် (ရူပဗေဒ)*




နေရောင်ခြည်စွမ်းအင်ဖြင့် လျှပ်စစ်ထုတ်လုပ်ရာတွင် အဓိကပစ္စည်းမှာ ဆိုလာပြား (Solar panel) များဖြစ်ပါသည်။ ဆိုလာပြားများကို ဆီလီကွန်ဒြပ်စင် (Silicon) ပေါ်အခြေခံပြီး တစ်ပိုင်းလျှပ်ကူးပစ္စည်းဖြစ်ရန် ဖန်တီးထုတ်လုပ်ထားပါသည်။ ဆိုလာပြားများကို အဓိကအားဖြင့် မိုနိုဆိုလာပြား (Monocrystalline panels) နှင့် ပိုလီဆိုလာပြား (Polycrystalline panels)ဟူ၍ ခွဲခြားထားပါသည်။ စွမ်းရည်ပိုမိုမြင့်မားသော မိုနိုဆိုလာပြားများကို ပိုမိုအသုံးများကြပါသည်။ မိုနိုဆိုလာပြားများသည် ပိုလီဆိုလာပြားများထက် တပ်ဆင်ရာတွင် နေရာအနည်းငယ်သာလိုအပ်ပြီး စွမ်းအင်ပိုမိုထုတ်လုပ်ပေးပါသည်။ ဈေးနှုန်းလည်း ပိုကြီးပါသည်။


### နည်းပညာမြင့်စွာဖြင့် အပြိုင်အဆိုင်ထုတ်လုပ်နေ

ယခုအခါ ဆိုလာပြားများကို အမေရိကန်၊ အင်္ဂလန်၊ ဂျပန်၊ တရုတ်၊ ဗီယက်နမ်၊ အိန္ဒိယ၊ ထိုင်း စသည့်နိုင်ငံများတွင် နည်းပညာမြင့်စွာဖြင့် အပြိုင်အဆိုင် ထုတ်လုပ်နေကြပါသည်။ မြန်မာနိုင်ငံတွင် အသုံးများသော ဆိုလာပြားများကို တရုတ်၊ ထိုင်း၊ ဗီယက်နမ်၊ အိန္ဒိယနိုင်ငံတို့မှ အများဆုံးတင်သွင်းကြပါသည်။ ဆိုလာပြားများ၏ လျှပ်စစ်ထုတ်လုပ်မှု ပါဝါ (Watt)မှာလည်း ဝပ် ၇၀ မှ ၇၂၀ ခန့်အထိ မြင့်မားစွာ ထုတ်လုပ်ထားပါသည်။ ဆိုလာပြားများပေါ်သို့ နေရောင်ခြည်ကျရောက်သောအခါ နေရောင်ခြည်တွင်ပါဝင်သော ဖိုတွန်အမှုန် (photon particle) လေးများသည် ဆိုလာပြားမျက်နှာပြင်ကို ထိမှန်ရိုက်ခတ်ပြီး ဆိုလာပြားတွင်ပါဝင်သော တစ်ပိုင်းလျှပ်ကူး (Semiconductor) ပစ္စည်းများမှ အီလက်ထရွန်များထွက်ရှိကာ တစ်ဖက်သွားလျှပ်စီး (Direct Current – DC) ကို ထုတ်လွှတ်ပေးပါသည်။ နေရောင်ခြည်တွင် ဖိုတွန်မှုန်လေးများ ပါဝင်နေခြင်းကို ရူပဗေဒပညာရှင်ကြီး အိုင်းစတိုင်း (Albert Einstein) က စတင်တွေ့ရှိခဲ့ပြီး ၁၉၀၅ ခုနှစ်တွင် ဖိုတွန် (Photon) အမှုန်ဟု အမည်ပေးခဲ့ပါသည်။ ထို့ကြောင့် နေရောင်ခြည်ကို အမှုန်သဘာဝနှင့် လှိုင်းသဘာဝ နှစ်မျိုးစလုံးပါဝင်သော လျှပ်စစ်သံလိုက်လှိုင်းဟု ခေါ်ကြပါသည်။

### သုတေသနများပြုလုပ်

စာရေးသူသည် ရန်ကုန်အနောက်ပိုင်းတက္ကသိုလ် ရူပဗေဒဌာနတွင် တွဲဖက်ပါမောက္ခ တာဝန်ဖြင့် ၂၀၀၅ မှ ၂၀၁၁ ခုနှစ်အထိ တာဝန်ထမ်းဆောင်နေစဉ် ပါမောက္ခ ဒေါက်တာခင်မောင်ထွန်း ဦးဆောင်ကာ နေရောင်ခြည်စွမ်းအင်သုံး မီးဖိုဖြင့် ထမင်းဟင်းများချက်ပြုတ်ခြင်း၊ နေရောင်ခြည်စွမ်းအင်ဖြင့် ရေငန်မှရေချိုချက်ခြင်း၊ နေရောင်ခြည်သုံး သီးနှံအခြောက်ခံရုံဖြင့် ခရမ်းချဉ်သီး၊ ခရမ်းသီး၊ စားသုံးသီးနှံများကို အခြောက်ခံပါက မှိုမတက်သည့် အပြင် အရောင်နှင့် အရသာပါမပြောင်းစေဘဲလပေါင်းများစွာ သိမ်းဆည်းထားနိုင်သည့် သုတေသနများကို ပြုလုပ်ခဲ့ပါသည်။ ထို့နောက် ရန်ကုန်တိုင်းဒေသကြီး ပြန်ပြည့်မြဲစွမ်းအင်ကော်မတီတွင်နေရောင်ခြည်စွမ်းအင် အသုံးချကော်မတီ၌ ဥက္ကဋ္ဌတာဝန်ယူကာ စက်မှုဇုန်များရှိ လမ်းများတွင် ဆိုလာဖြင့် မီးတိုင်များ မီးလင်းရန် တပ်ဆင်ပေးခဲ့ပါသည်။ နေပြည်တော်ကားကြီးကွင်းအနီးတွင်လည်း ဆိုလာမီးတိုင်များကို နေပြည်တော်တိုင်းစစ်ဌာနချုပ်က တာဝန်ပေးသဖြင့် တပ်ဆင်ပေးခဲ့ပါသည်။ ၎င်းနောက် ဟသ်ာတတက္ကသိုလ်သို့ ပါမောက္ခတာဝန်ဖြင့် ရာထူးတိုး ပြောင်းရွှေ့သွားပြီး ဧရာဝတီတိုင်းဒေသကြီးအတွင်း ကျေးရွာ ၁၁ ရွာတွင် လျှပ်စစ်မီးမရရှိ

*စာမျက်နှာ ၁၁ သို့*




❏ **မြန်မာနိုင်ငံတွင် အသုံးများသော ဆိုလာပြားများကို တရုတ်၊ ထိုင်း၊ ဗီယက်နမ်၊ အိန္ဒိယနိုင်ငံတို့မှ အများဆုံးတင်သွင်းကြပါသည်။ ဆိုလာပြားများ၏ လျှပ်စစ်ထုတ်လုပ်မှု ပါဝါ (Watt)မှာလည်း ဝပ် ၇၀ မှ ၇၂၀ ခန့်အထိ မြင့်မားစွာ ထုတ်လုပ်ထားပါသည်။ ဆိုလာပြားများပေါ်သို့ နေရောင်ခြည် ကျရောက်သောအခါ နေရောင်ခြည်တွင် ပါဝင်သော ဖိုတွန်အမှုန် (photon particle) လေးများသည် ဆိုလာပြားမျက်နှာပြင်ကို ထိမှန်ရိုက်ခတ်ပြီး ဆိုလာပြားတွင်ပါဝင်သော တစ်ပိုင်းလျှပ်ကူး (Semiconductor) ပစ္စည်းများမှ အီလက်ထရွန်များထွက်ရှိကာ တစ်ဖက်သွားလျှပ်စီး (Direct Current-DC) ကို ထုတ်လွှတ်ပေးပါသည်။**

*စာမျက်နှာ ၁၀ မှ*

သောကြောင့် ကျန်းမာရေးသုံးဆေးပစ္စည်းများ (ဥပမာ- မွေးဆိပ်ဖြေဆေးများ) ကို ရေခဲသေတ္တာများတွင် သိုလှောင်နိုင်ရန် အခက်အခဲရှိသဖြင့် နေရောင်ခြည်စွမ်းအင်သုံး ရေခဲသေတ္တာကို သုတေသနပြုလုပ်ရန် WHO က ကမ်းလှမ်းလာသဖြင့် သုတေသနလုပ်ကြည့်ရာ အောင်မြင်သဖြင့် ကျေးရွာ ၁၁ ရွာတွင် နေရောင်ခြည်စွမ်းအင်သုံး ရေခဲသေတ္တာများ တပ်ဆင်ပေးခဲ့ပါသည်။ ထို့ကြောင့် တိုင်းဒေသကြီးအဆင့် သုတေသနဆုကို ရရှိခဲ့ပါသည်။

**နေရောင်ခြည်စွမ်းအင်သုံး ဆိုလာနည်းပညာဖြင့် လျှပ်စစ်ထုတ်ယူခြင်းမှာ ပိုမိုအဆင့်မြင့်လာ**

၂၀၂၄ ခုနှစ် နောက်ပိုင်းတွင် နေရောင်ခြည်စွမ်းအင်သုံးဆိုလာနည်းပညာဖြင့် လျှပ်စစ်ထုတ်ယူခြင်းမှာ ပိုမိုအဆင့်မြင့်လာပါသည်။ အိမ်တစ်အိမ်တွင် 6 KW နေရောင်ခြည်လျှပ်စစ်သုံး လျှပ်စစ်ပါဝါကို တပ်ဆင်ပါက (၁) 200 AH (Ampere Hour) မှ 300 AH အထိ ရှိသော LiFe Po 4 – battery 51.2 DCV ဘက်ထရီတစ်လုံး၊ (၂) 6.2 KW Solar Hybrid Inverter with Internet Monitoring Wifi Device IP 20 အမျိုးအစားတစ်စုံနှင့် (၃) ဝပ် ၅၀၀ မှ ၇၀၀ အထိ အမျိုးအစားမျိုးစုံရှိသော ဆိုလာပြားများ လိုအပ်ပါသည်။

ယခုခေတ်သုံး လစ်သီယံအိုင်းယွန်း ဖော့စဖိတ်ဘက်ထရီ (Lithium Iron Phosphate – LiFe Po 4) များသည် 3.2 V ပမာဏရှိသော Lithium battery cells လေးများကို ဆက်သွယ်ပေါင်းစည်းထားခြင်းဖြစ်ပါသည်။ ဥပမာ – အဆိုပါ cells ၁၆ ခုကို တန်းဆက်ထားပါက 51.2 V ရရှိမည်ဖြစ်ပြီး 48 V ဆိုလာပြားတွင် အသုံးပြုနိုင်ပါသည်။ လစ်သီယံဘက်ထရီတွင် BMS (Battery Manage–ment System) ပါ ရှိပါသည်။ ၎င်းသည် ဘက်ထရီဆဲလ်များကို အနည်းဆုံး 2.5 V နှင့်အများဆုံး 4.2 V ထက်မကျော်ရန် ကာကွယ်တားဆီးပေးသည့် အပြင် ပြင်ပမှ အပူချိန်မြင့်တက်ခြင်းဖြင့် ဘက်ထရီပျက်စီးခြင်းမဖြစ်ရန် ကာကွယ်ပေးထားပါသည်။

**ဆိုလာပြားများကို ၁၀ နှစ် အာမခံပေးကာ တပ်ဆင်ပေး**

Solar Inverter များတွင် Energy Storage Inverter, Single Phase Inverter, Three Phase Inverter စသည်ဖြင့် အမျိုးမျိုးရှိပါသည်။ အင်ဗာတ်တာများတွင် နေရောင်ခြည်သုံး ဆိုလာပြားများ၊ ဘက်ထရီများ၊ မီးစက်များ၊ အိမ်သုံးလျှပ်စစ်မီးများ စသည်တို့နှင့် တွဲသုံးနိုင်သော အင်ဗာတ်တာများ အမျိုးမျိုးရှိပါသည်။ 6.2 KW (Kilo Watt) မှစ၍ ပါဝါများစွာအသုံးပြုနိုင်သည့် အင်ဗာတ်တာမျိုးစုံ ရှိပါသည်။ အင်ဗာတ်တာဆိုသည်မှာ ဘက်ထရီမှ ထုတ်ပေးသော D.C ဗို့အားကို A.C ဗို့အားသို့ ပြောင်းပေးသောပစ္စည်းဖြစ်ပါသည်။ ဆိုလာအင်ဗာတ်တာများတွင် MPPT (Maximum Power Point Tracking) စနစ်ကို ထည့်သွင်းတည်ဆောက်ထားပါသည်။ ထို့ကြောင့် အသုံးပြုရာတွင် ပိုမိုစိတ်ချရပါသည်။ 6.2 KW အင်ဗာတ်တာကို 280 AH ဘက်ထရီဖြင့် တပ်ဆင်ထားပါက အိမ်တစ်အိမ်တွင် အိမ်သုံးလျှပ်စစ်မီး lighting နှင့် ရေခဲသေတ္တာကို ၂၄ နာရီ အသုံးပြုနိုင်ပြီး ထမင်းပေါင်းအိုးနှင့် တစ်ကောင်အားလေအေးပေးစက်နှစ်လုံးခန့်ကို လေးနာရီခန့် အသုံးပြုနိုင်ပါသည်။ လျှပ်စစ်မီးပျက်သည့်အချိန်တွင် အလိုအလျောက် မီးပြောင်းပေးသော ကိရိယာ ATS ဖြင့် ဆိုလာဘက်ထရီနှင့် အင်ဗာတ်တာမှ လျှပ်စစ်မီးကို ဆက်လက်အသုံးပြုနိုင်ပါသည်။ အိမ်တစ်အိမ်အတွက် စုစုပေါင်း ကုန်ကျစရိတ်မှာ သိန်း ၁၀၀ ကျော်ခန့် ကုန်ကျပါသည်။ ဘက်ထရီ၊ အင်ဗာတ်တာများကို သုံးနှစ် အာမခံပေးပြီး နှစ်နှစ်လက်ခမယူဘဲ ပြုပြင်ပေးပါသည်။ ဆိုလာပြားများကို ၁၀ နှစ် အာမခံပေးကာ တပ်ဆင်ပေးပါသည်။ ထို့ကြောင့် လျှပ်စစ်မီတာခနှင့် တွက်ချက်ကြည့်ပါက ငါးနှစ်ခန့် အသုံးပြုရလျှင် တပ်ဆင်ရသည်မှာ အကျိုးရှိပါသည်။




**"6.2 KW အင်ဗာတ်တာကို 280 AH ဘက်ထရီဖြင့် တပ်ဆင်ထားပါက အိမ်တစ်အိမ်တွင် အိမ်သုံးလျှပ်စစ်မီး lighting နှင့် ရေခဲသေတ္တာကို ၂၄ နာရီ အသုံးပြုနိုင်ပြီး ထမင်းပေါင်းအိုးနှင့် တစ်ကောင်အား လေအေးပေးစက် နှစ်လုံးခန့်ကို လေးနာရီခန့် အသုံးပြုနိုင်။ လျှပ်စစ်မီးပျက်သည့် အချိန်တွင် အလိုအလျောက် မီးပြောင်းပေးသော ကိရိယာ ATS ဖြင့် ဆိုလာဘက်ထရီနှင့် အင်ဗာတ်တာမှ လျှပ်စစ်မီးကို ဆက်လက်အသုံးပြုနိုင်"**

**◆ ယခုအခါတွင် လျှပ်စစ်မီးမရရှိနိုင်သေးသည့် တချို့ကျေးလက်ဒေသများတွင် မြေအောက်မှ ရေများ၊ မြစ်များ၊ ချောင်းများမှ ရေများကို နေရောင်ခြည်စွမ်းအင်သုံး ဆိုလာပြားများ၊ ဆိုလာအင်ဗာတ်တာ (Solar Pumping Inverter) များကို အသုံးပြုကာ ရေတင်ပြီး စိုက်ပျိုးရေးအတွက် အသုံးပြုနေ။ လယ်ယာစိုက်ပျိုးရေးကဏ္ဍအတွက် နေရောင်ခြည်စွမ်းအင်ကို တစ်ဖက်တစ်လမ်းမှ လက်တွေ့အသုံးချနေခြင်းဖြစ်ပါသည်။ စက်ရုံ၊ အလုပ်ရုံများစွာရှိသော စက်မှုဇုန်များတွင်လည်း နေရောင်ခြည်စွမ်းအင်သုံးဆိုလာစနစ်ဖြင့် လျှပ်စစ်ထုတ်ယူအသုံးချနေ။**

လျှပ်စစ်မီးမရှိသည့်နေရာများတွင် ဆိုလာဖြင့် လျှပ်စစ်မီးပေးခြင်းကို Off grid ဟုခေါ်ပြီး လျှပ်စစ်မီးဖြင့် ဆိုလာလျှပ်စစ်ပေါင်းစပ်အသုံးပြုခြင်းကို hybrid အသုံးပြုခြင်းဟု သာမန်အားဖြင့် ခေါ်ဆိုကြပါသည်။ တချို့အိမ်များတွင် သာမန်ဝပ် 580 ဆိုလာပြား၊ ခဲအက်စစ်ဘက်ထရီအိုး၊ Solar Charge Controller တစ်ခုကို အသုံးပြု၍ အိမ်သုံးမီးအဖြစ် တပ်ဆင်ပါက စျေးနှုန်းအနည်းငယ်မျှသာ ကုန်ကျနိုင် ပါသည်။ အိမ်တစ်အိမ်အတွက် အသုံးပြုနိုင်သော ဆိုလာမီးပေးသည့် ပစ္စည်းအစုံလိုက် တစ်စုံချင်းကိုလည်း စျေးကွက်တွင် ရောင်းချနေပါသည်။

စာရေးသူသည် ရန်ကုန်မြို့ရှိ ဟိုတယ်တစ်ခုတွင် Solar ပါဝါ 150 KW (Kilo Watt) ရှိသော ခေတ်မီဆိုလာပြားများ၊ ဘက်ထရီများ၊ အင်ဗာတ်တာများ အသုံးပြု၍ ဆိုလာစွမ်းအင်ဖြင့် ဟိုတယ်တစ်ခုလုံး ဓာတ်လှေကားပါမကျန် အသုံးပြုနိုင်ရန် ဆိုလာတပ်ဆင်နေခြင်းကို သွားရောက်လေ့လာခဲ့ပါသည်။ မြန်မာနိုင်ငံမှ နိုင်ငံခြားတွင် သွားရောက်ပညာသင်ခဲ့သော ဆိုလာနည်းပညာကျွမ်းကျင်သည့် ပညာရှင်များ၊ အလုပ်သမားများ ကိုယ်တိုင်တပ်ဆင်ပြီး လက်တွေ့အသုံးချနေပါသည်။ သိန်း ၄၈၀၀ ကျော်ခန့်သာ ကုန်ကျပါသည်။ KKZ Solar Power Generation Sale and Service မှ တာဝန်ယူတပ်ဆင်နေပါသည်။

ယခုအခါတွင် လျှပ်စစ်မီးမရရှိနိုင်သေးသည့် တချို့ကျေးလက်ဒေသများတွင် မြေအောက်မှ ရေများ၊ မြစ်များ၊ ချောင်းများမှ ရေများကို နေရောင်ခြည်စွမ်းအင်သုံး ဆိုလာပြားများ၊ ဆိုလာအင်ဗာတ်တာ (Solar Pumping Inverter) များကို အသုံးပြုကာ ရေတင်ပြီး စိုက်ပျိုးရေးအတွက် အသုံးပြုနေပါသည်။ လယ်ယာစိုက်ပျိုးရေးကဏ္ဍအတွက် နေရောင်ခြည်စွမ်းအင်ကို တစ်ဖက်တစ်လမ်းမှ လက်တွေ့အသုံးချနေခြင်းဖြစ်ပါသည်။ စက်ရုံ၊ အလုပ်ရုံများစွာရှိသော စက်မှုဇုန်များတွင်လည်း နေရောင်ခြည်စွမ်းအင်သုံး ဆိုလာစနစ်ဖြင့် လျှပ်စစ်ထုတ်ယူအသုံးချနေကြပါသည်။

**နိုင်ငံတော်မှလည်း လိုအပ်သည်များကို ပံ့ပိုးကူညီပေးနေ**

ကမ္ဘာ့နိုင်ငံအသီးသီးတွင် ကာဗွန်ဒိုင်အောက်ဆိုက်ထုတ်လွှတ်မှုအနည်းဆုံး စွမ်းအင်ဖြစ်သည့်အပြင် သဘာဝမှ လက်ဆောင်ပေးထားသော နေရောင်ခြည်စွမ်းအင်ကို လက်တွေ့အသုံးချကာ စက်မှု လက်မှုလုပ်ငန်း၊ စိုက်ပျိုးရေးလုပ်ငန်း၊ ဟိုတယ်များ၊ စက်မှုဇုန်များနှင့် အိမ်များတွင် လက်တွေ့အကျိုးရှိစွာ တပ်ဆင်နေကြပြီး နိုင်ငံတော်မှလည်း လိုအပ်သည်များကို ပံ့ပိုးကူညီပေးနေပါသည်။

ထို့ကြောင့် နေရောင်ခြည်စွမ်းအင်ဖြင့် ခေတ်မီလျှပ်စစ်စွမ်းအင်ကို ထုတ်ယူအသုံးပြုကြပါရန် တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

# စစ်တွေမြို့ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်နှင့် အဘယရာဇမုနိဗုဒ္ဓရုပ်ပွားတော်နှစ်ဆူ ကိန်းဝပ်စံပယ်တော်မူသည့် စံကျောင်းတော်နှစ်ဆောင်အား စိန်ဖူးတော်တင်လှူပူဇော်ပြီး လက်ဝဲသလုံးတော်စေတီတော်မြတ်ကြီးအား ရွှေသင်္ကန်းကပ်လှူကာ စိန်ဖူးတော်၊ ငှက်မြတ်နားတော် ပြန်လည်ပြုပြင်တင်လှူပူဇော်



**နေပြည်တော် မတ် ၁၄**

ရခိုင်ပြည်နယ် စစ်တွေမြို့ လောကာနန္ဒာစေတီတော်မြတ်ကြီး ရင်ပြင်တော်တွင် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်နှင့် အဘယရာဇမုနိဗုဒ္ဓရုပ်ပွားတော် နှစ်ဆူ ကိန်းဝပ်စံပယ်တော်မူသည့် စံကျောင်းတော်နှစ်ဆောင်အား စိန်ဖူးတော်တင်လှူပူဇော်ခြင်းနှင့် အောင်မြေဥပနာ ထည့်သွင်းပူဇော်ခြင်း အခမ်းအနားကို ယမန်နေ့ နံနက်ပိုင်းတွင် လောကာနန္ဒာစေတီတော်မြတ်ကြီး၏ ပရိဝုဏ်အတွင်း၌ ကျင်းပရာ စစ်တွေမြို့ ကြွဖြူ ဘုန်းတော်ကြီးကျောင်းတိုက် ပဓာနနာယကဆရာတော် ဘဒ္ဒန္တ တေဇဝန္တ အမှူးပြုသည့် သံဃာတော်များ ကြွရောက်တော်မူကြပြီး ရခိုင်ပြည်နယ် ဝန်ကြီးချုပ် ဦးထိန်လင်း၊ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ကျော်စွာဦးနှင့် တာဝန်ရှိသူများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် မြို့မိ/မြို့ဖများ တက်ရောက်ကြသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တက်ရောက်လာကြသူများက ကြွဖြူကျောင်းတိုက် ပဓာနနာယက ဆရာတော်ထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြပြီး ဆရာတော်ကြီးများထံ စိန်ဖူးတော်နှင့် ဥပနာတော်များ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် စိန်ဖူးတော်များကို ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက မာရဝိဇယဗုဒ္ဓရုပ်ပွားတော် စံကျောင်းတော်နှင့် အဘယရာဇမုနိဗုဒ္ဓရုပ်ပွားတော် စံကျောင်းတော်သို့ အသီးသီး ပင့်ဆောင်ပူဇော်ကြပြီး လောကာနန္ဒာစေတီတော်မြတ်ကြီး ရင်ပြင်ထက်ရှိ အောင်မြေနေရာတွင် ဥပနာတော်များ ထည့်သွင်းပူဇော်ကြသည်။

ယင်းနောက် စစ်တွေမြို့ ကန်တော်ကြီးအနီးရှိ ရှေးဟောင်း သမိုင်းဝင် လက်ဝဲသလုံးတော်ခေတ် စေတီတော်မြတ်ကြီးအား ရွှေသင်္ကန်း ကပ်လှူပူဇော်ခြင်း၊ စိန်ဖူးတော်၊ ငှက်မြတ်နားတော်များအား ပြန်လည်ပြုပြင်ပူဇော်ခြင်းနှင့် ဗုဒ္ဓါဘိသေကအနေကဇာ တင်ခြင်း၊ မင်္ဂလာအခမ်းအနားကို အဆိုပါ စေတီတော်မြတ်ကြီးရှိ ဓမ္မာရုံ၌ ကျင်းပသည်။

အခမ်းအနားတွင် ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက ကြွဖြူကျောင်းတိုက် ပဓာနနာယက ဆရာတော် အမှူးပြုသော သံဃာတော်များထံ စိန်ဖူးတော်၊ ငှက်မြတ်နားတော်များနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တက်ရောက်လာကြသူများက ဆရာတော်၊ သံဃာတော်များ ရွတ်ပွားချီးမြှင့်တော်မူသော ပရိတ်တရားတော်များကို နာယူကြည်ညိုကြပြီး စိန်ဖူးတော်၊ ငှက်မြတ်နားတော်များအား ပင့်ဆောင်၍ တင်လှူပူဇော်ခဲ့ကြသည်။

ထို့နောက် ကြွရောက်လာကြသည့် သံဃာတော်များက ဗုဒ္ဓါဘိသေကအနေကဇာ တင်ကြပြီး ဗုဒ္ဓါဘိသိက် သွန်းလောင်းပူဇော်ကာ စစ်တွေမြို့ ရွှေစေတီကျောင်းတိုက် ဆရာတော် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဒေါက်တာ ဘဒ္ဒန္တ အရိယဝံသက ဗြဟ္မဟိ ပါဠိဘာသာဖြင့် ဇေယျသိဒ္ဓိခမ်ဂါထာ ရွတ်ပွားပူဇော်သည်။

ယင်းနောက် အလှူရှင်များက ရွှေသင်္ကန်း ကပ်လှူနိုင်ရေးအတွက် အလှူငွေများ ပေးအပ်လှူဒါန်းကြပြီး စစ်တွေမြို့ တပ်ဦးဆုတောင်းပြည့်ကျောင်းတိုက် ဆရာတော် အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ၊ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တ ဉာဏဝံသထံမှ အနုမောဒနာတရားနာယူ၍ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြပြီး ဆရာတော်၊ သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# (၂၉)ကြိမ်မြောက် အာဆီယံငွေရေးကြေးရေးပေါင်းစည်းရေးဆိုင်ရာ အဆင့်မြင့်ကော်မတီအစည်းအဝေး ကျင်းပ





**နေပြည်တော် မတ် ၁၄**

(၂၉)ကြိမ်မြောက် အာဆီယံငွေရေးကြေးရေး ပေါင်းစည်းရေးဆိုင်ရာ အဆင့်မြင့်ကော်မတီ အစည်းအဝေး (29th ASEAN Senior Level Committee Meeting for Financial Integration) ကို ယမန်နေ့တွင် မလေးရှားနိုင်ငံ၌ ကျင်းပရာ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ ဒေါက်တာလင်းအောင်နှင့် တာဝန်ရှိသူများက Virtual စနစ်ဖြင့် တက်ရောက်ကြသည်။

ဦးစွာ အစည်းအဝေး၏ ပူးတွဲသဘာပတိများဖြစ်ကြသည့် ဗီယက်နမ်နိုင်ငံ ဗဟိုဘဏ်နှင့် အင်ဒိုနီးရှားနိုင်ငံ ဗဟိုဘဏ်တို့မှ တာဝန်ရှိသူများက အဖွင့်အမှာစကားများ ပြောကြားကြပြီး မလေးရှားနိုင်ငံမှ အာဆီယံအလှည့်ကျဥက္ကဋ္ဌအဖြစ် တာဝန်ယူစဉ် ၂၀၂၄ ခုနှစ်အတွင်း ဦးစားပေးဆောင်ရွက်မည့် ငွေရေးကြေးရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု လုပ်ငန်းစဉ်များနှင့် စပ်လျဉ်းသည့် အကျဉ်းချုပ်အချက်အလက်များကို မလေးရှားနိုင်ငံ ဗဟိုဘဏ် တာဝန်ရှိသူက ရှင်းလင်းတင်ပြကာ အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့နှင့် အာဆီယံ+၃ မေခရိုစီးပွားရေးသုတေသနရုံးတို့မှ တာဝန်ရှိသူများက ကမ္ဘာ့တစ်ဝန်းနှင့် ဒေသတွင်း၌ လက်ရှိဖြစ်ပေါ်နေသော မေခရိုစီးပွားရေးနှင့် ငွေရေးကြေးရေးဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ အာဆီယံအတွင်းရေးမှူးချုပ်ရုံးက အာဆီယံငွေရေးကြေးရေး ပေါင်းစည်းရေးအတွက် ဦးစားပေးဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများ၏ တိုးတက်မှုအခြေအနေများ၊ အာဆီယံစီးပွားရေး အသိုက်အဝန်းဆိုင်ရာ လုပ်ငန်းစဉ်များအောက်၌ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများ၏ တိုးတက်မှုအခြေအနေများ၊ အေအီးစီ မဟာဗျူဟာမြောက်လုပ်ငန်း စီမံချက် (၂၀၂၆-၂၀၃၀) နှင့် ဘဏ္ဍာရေးဆိုင်ရာ ကဏ္ဍအလိုက်စီမံချက် (၂၀၂၆-၂၀၃၀) တို့နှင့်စပ်လျဉ်းသည့် တိုးတက်မှုအခြေအနေများကို အကျဉ်းချုပ် ရှင်းလင်းတင်ပြပြီး တက်ရောက်လာသည့် ဗဟိုဘဏ်ဒုတိယဥက္ကဋ္ဌများက လိုအပ်သည်များကို အကြံပြုဆွေးနွေးခဲ့ကြသည်။

ထို့နောက် အနာဂတ်ကာလတွင် ဗဟိုဘဏ်များ၏ ပူးပေါင်းဆောင်ရွက်မှုကို တိုးမြှင့်နိုင်ရေးနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနများနှင့် ဗဟိုဘဏ်များအကြား ပူးပေါင်းဆောင်ရွက်မှုစကြံများ ထူထောင်ရေးဆိုင်ရာ မူဘောင်အတွက် သဘောတရားစာတမ်းနှင့် အာဆီယံ ငွေရေးကြေးရေး ပေါင်းစည်းရေးဆိုင်ရာ အဆင့်မြင့် ကော်မတီ၏ လုပ်ငန်းတာဝန် သတ်မှတ်ချက်များကို မလေးရှားနိုင်ငံ ဗဟိုဘဏ်မှ ရှင်းလင်းတင်ပြပြီး ဒုတိယဥက္ကဋ္ဌများထံမှ အတည်ပြုထောက်ခံချက်များ ရယူခဲ့သည်။

ယင်းနောက် အာဆီယံ ငွေရေးကြေးရေး ပေါင်းစည်းရေးလုပ်ငန်းစဉ်များကို ဆောင်ရွက်ရန် ဖွဲ့စည်းထားသည့် လုပ်ငန်းကော်မတီများ၏ ပူးတွဲသဘာပတိများသည် အာဆီယံဘဏ်လုပ်ငန်း ပေါင်းစည်းရေးမူဘောင်၊ ငွေလုံးငွေရင်းစာရင်း ပိုမိုလွတ်လပ်ခွင့်ပြုရေး၊ အရင်းအနှီးဈေးကွက် ဖွံ့ဖြိုးတိုးတက်ရေး၊ အားလုံးပါဝင်သော ငွေရေးကြေးရေး ကဏ္ဍ၊ ငွေရေးကြေးရေး ဝန်ဆောင်မှုလုပ်ငန်းများ လွတ်လပ်ခွင့်ပြုရေး၊ ငွေပေးချေမှုနှင့် စာရင်းရှင်းလင်းမှုစနစ်၊ စွမ်းဆောင်ရည် မြှင့်တင်ရေးကြီးကြပ်ထိန်းကျောင်းမှုကော်မတီတို့နှင့် စပ်လျဉ်းသည့် နောက်ဆုံးတိုးတက်မှုအခြေအနေများ ရှင်းလင်းတင်ပြကြသည်။

အစည်းအဝေးကို မွန်းလွဲပိုင်းတွင် ဆက်လက်ကျင်းပရာ အစည်းအဝေး ပူးတွဲသဘာပတိများသည် အာဆီယံဘဏ္ဍာရေးဆိုင်ရာ လုပ်ငန်းကော်မတီများမှ တင်ပြသည့် ဆုံးရှုံးနိုင်ခြေအန္တရာယ်အပေါ် စောင့်ကြည့်လေ့လာမှုပုံစံကို အခြေခံ၍ ရေးဆွဲထားသည့် အစီရင်ခံစာကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် အဆင့်မြင့်ကော်မတီလုပ်ငန်းအဖွဲ့၏ ပူးတွဲသဘာပတိများက ရေရှည်တည်တံ့ခိုင်မြဲပြီး အကျပ်အတည်းဖြစ်ပေါ်မှုဒဏ်ကို ခံနိုင်ရည်ရှိစေရေးအတွက် ဘဏ္ဍာငွေဖြည့်ဆည်းနိုင်ရေးအစီအစဉ်များနှင့် စပ်လျဉ်း၍ တိုးတက်မှုအခြေအနေများနှင့် ရှေ့ဆက်လက်ဆောင်ရွက်သွားမည့်လုပ်ငန်းစဉ်များကို လည်းကောင်း၊ မလေးရှားနိုင်ငံ ဗဟိုဘဏ်က အာဆီယံဒေသတွင်း ဆိုက်ဘာ လုံခြုံမှုရှိရေး၊ ဆိုက်ဘာတိုက်ခိုက်မှုများကို ကြံ့ကြံ့ခံနိုင်ရေးနှင့် သတင်းအချက်အလက်များအား မျှဝေသည့် စကြံတည်ထောင်ရေးအစီအစဉ်နှင့်စပ်လျဉ်း၍ လက်ရှိဆောင်ရွက်နေမှုအခြေအနေများနှင့် တိုးတက်မှုအခြေအနေများကို လည်းကောင်း၊ ဖိလစ်ပိုင်နိုင်ငံ ဗဟိုဘဏ်မှ အာဆီယံငွေကြေးဖလှယ်မှုအစီအစဉ် ပြန်လည်ထူထောင်ရေးနှင့် စပ်လျဉ်း၍ တိုးတက်မှုအခြေအနေများကို လည်းကောင်း၊ ၂၀၂၅ ခုနှစ်အတွင်း အာဆီယံငွေကြေးဖလှယ်မှုအစီအစဉ်ဆိုင်ရာ သဘောတူစာချုပ်အား လက်မှတ်ရေးထိုးနိုင်ရေး အခြေအနေတို့ကို လည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် အာဆီယံဘဏ်လုပ်ငန်းရှင်များအသင်းက အာဆီယံနိုင်ငံများအကြား အချက်အလက်များ အပြန်အလှန်ချိတ်ဆက် ဆောင်ရွက်ရေးမူဘောင်နှင့်စပ်လျဉ်း၍ အကျဉ်းချုပ်ရှင်းလင်းတင်ပြပြီး ဗဟိုဘဏ်ဒုတိယဥက္ကဋ္ဌများက လမ်းညွှန်မှုများ ပြုလုပ်ကြသည်။

ထို့နောက် ထိုင်းနိုင်ငံဗဟိုဘဏ်က လုံခြုံစိတ်ချရပြီး အားလုံးပါဝင်နိုင်သော ဒစ်ဂျစ်တယ် ဘဏ္ဍာရေးဆိုင်ရာ သဘောတရားနှင့်စပ်လျဉ်း၍ အကျဉ်းချုပ် ရှင်းလင်းတင်ပြပြီး (၂၉)ကြိမ်မြောက် အာဆီယံ ငွေရေးကြေးရေးပေါင်းစည်းရေးဆိုင်ရာ အဆင့်မြင့် ကော်မတီအစည်းအဝေး၏ ပူးတွဲသဘာပတိများဖြစ်သည့် ဗီယက်နမ်နိုင်ငံ ဗဟိုဘဏ်နှင့် အင်ဒိုနီးရှားနိုင်ငံဗဟိုဘဏ်တို့မှ နိဂုံးချုပ် အမှာစကားများ ပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## ဆင်ပေါင်ဝဲမြို့နယ် ချောင်းကောက်ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းပြီးစီး

**ဆင်ပေါင်ဝဲ မတ် ၁၄**

မကွေးတိုင်းဒေသကြီး ဆင်ပေါင်ဝဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် ချောင်းကောက်ကျေးရွာ၌ ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးပြီဖြစ်သည်။

အဆိုပါ ကွန်ကရစ်လမ်းကို တိုင်းဒေသကြီးခွင့်ပြုရန်ပုံငွေကျပ် ၇၂ ဒသမ ၃၈ သန်းဖြင့် ၂၀၂၄ ခုနှစ် ဇွန်လက စတင်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ရာ ယခုအခါလုပ်ငန်းများအားလုံး ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပြီဖြစ်သည်။

ချောင်းကောက်ကျေးရွာ၌ အရှည် ပေ ၂၀၀၀၊ အကျယ် ၁၂ ပေ၊ ဒုခြောက်လက်မရှိ ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းကို ခရိုင်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူး ဦးမိုးဝင်းနှင့် ဝန်ထမ်းများက ယနေ့ သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**မောင်ခိုင်**








# စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် စစ်ကိုင်းမြို့ တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေး ပူးပေါင်းစစ်ဆေးရေးဂိတ်များ ကြည့်ရှုစစ်ဆေး

**မုံရွာ မတ် ၁၄**

စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်သည် တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းက စစ်ကိုင်းမြို့ ရွှေမင်းဝံရိပ်သာရှိ ညှော့ခန်းမ၌ စစ်ကိုင်းမြို့ တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ပူးပေါင်းစစ်ဆေးရေးအဖွဲ့ ရေဝတီတံတား (ရတနာပုံ)နှင့် ကံတလူဂိတ်တို့ရှိ လုံခြုံရေးအဖွဲ့များနှင့် တွေ့ဆုံပွဲအခမ်းအနားသို့ တက်ရောက်သည်။



ဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က ခရီးသွားပြည်သူများ လုံခြုံအေးချမ်းစွာဖြင့် ခရီးသွားလာနိုင်ရေးနှင့် ကုန်စည်စီးဆင်းမှု မြန်ဆန်ရေးတို့အတွက် စီမံအုပ်ချုပ်ရေးအဖွဲ့များနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် မိမိတို့ဆောင်ရွက်နေသည့် လုပ်ငန်းများအပေါ် တာဝန်ကျေပွန်လိုစိတ်ဖြင့် ဌာနများအချင်းချင်း ပူးပေါင်းဆောင်ရွက်သွားကြရန် လိုအပ်ပါကြောင်း၊ မြို့ဝင်မြို့ထွက် လုံခြုံရေးဂိတ်များတွင် ခရီးသည်တင်မော်တော်ယာဉ်များနှင့် ကုန်တင်ယာဉ်များအား တရားမဝင်ငွေကြေးကောက်ခံမှုများ မရှိစေရေး၊ တရားမဝင်ကုန်ပစ္စည်းများ တင်ဆောင်မှုများ မရှိစေရေးနှင့် လုပ်ငန်းများ ဆောင်ရွက်ရာတွင် အဂတိတရား ကင်းရှင်းစွာဖြင့် ဆောင်ရွက်သွားကြရန် လိုအပ်ပါကြောင်း၊ ပြည်သူများနှင့် ထိတွေ့ရသည့် လုပ်ငန်းများအပေါ်တွင် နွေးထွေးပျူငှာစွာဖြင့် ဝန်ထမ်းကောင်းစိတ်ဓာတ်ဖြင့် ပြောဆိုဆက်ဆံသွားကြရန် လိုအပ်ပါကြောင်း၊ လုပ်ငန်းများဆောင်ရွက်ရာတွင် လုံခြုံရေးအသိ၊ သတိတို့ဖြင့် နေထိုင်သွားလာ ဆောင်ရွက်ကြရန် လိုအပ်ပါကြောင်း ပြောကြားခဲ့သည်။

ယင်းနောက် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ပူးပေါင်းစစ်ဆေးရေးအဖွဲ့ ရေဝတီတံတား (ရတနာပုံ)နှင့် စစ်ကိုင်းမြို့အထွက် ကံတလူဂိတ်တို့ရှိ စုပေါင်းလုံခြုံရေးအဖွဲ့များမှ တာဝန်ရှိသူများက မိမိတို့ ဆောင်ရွက်နေသည့် လုပ်ငန်းများနှင့်ပတ်သက်၍ ဆွေးနွေးတင်ပြကြရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က လိုအပ်သည်များကို ဖြည့်ဆည်းပေါင်းစပ်ဆောင်ရွက်ပေးသည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် စစ်ကိုင်းမြို့ဝင် ရေဝတီတံတား (ရတနာပုံ)ရှိ တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ပူးပေါင်းစစ်ဆေးရေး အဖွဲ့ဂိတ်များအား လိုက်လံကြည့်ရှု စစ်ဆေးခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး (ပြန်/ဆက်)**

# ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၁၁)သို့ တက်ရောက်မည့် နိုင်ငံ့သားကောင်းရတနာများအား သွားရောက်တွေ့ဆုံ

**နေပြည်တော် မတ် ၁၄**

ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၁၁)သို့ တက်ရောက်မည့် ရေဝတီတိုင်းဒေသကြီးအတွင်းမှ နိုင်ငံ့သားကောင်းရတနာများအား ယနေ့နံနက်ပိုင်းတွင် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်း၊ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် စိုးကျော်ထက်နှင့်တာဝန်ရှိသူများက တိုင်းစစ်ဌာနချုပ် အားကစားခန်းမ၌ သွားရောက်တွေ့ဆုံသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တိုင်းမှူးတို့က ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၁၁)သို့ တက်ရောက်မည့် နိုင်ငံ့သားကောင်းရတနာများအတွက် အဝတ်အထည်များ ပေးအပ်သည်။ ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက နိုင်ငံ့သားကောင်းရတနာများအား လိုက်လံနှုတ်ဆက်အားပေးစကား ပြောကြားပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

* *ကျောဖုံးမှ*

နေရာတစ်လျှောက်တွင် လေပြင်းများတိုက်ခတ်ခြင်း၊ လေပြင်းနှင့်အတူ ထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်း၊ မိုးသီးကြွေခြင်းနှင့် နေရာကွက်ကျား မိုးထစ်ချုန်းရွာခြင်းစသည့် မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်ပါသည်။ လေပြင်းတိုက်ခတ်စဉ် မြေပြင်/ရေပြင်လေသည် တစ်နာရီလျှင် မိုင် ၄၀ မှ မိုင် ၅၀ အထိ တိုက်ခတ်နိုင်ပါသည်။

**အကြံပြုချက်**

သို့ဖြစ်ပါ၍ ပြည်သူများအနေဖြင့် နွေကာလဖြစ်သည့် မတ်လ၊ ဧပြီလနှင့် မေလများအတွင်း ဖြစ်ပေါ်လာနိုင်သည့် မိုးလေဝသဖြစ်စဉ်များနှင့် ပတ်သက်၍ အထူးဂရုပြုနေထိုင်သွားကြပါရန်နှင့် ပြည်တွင်းလေကြောင်းပျံသန်းရေးနှင့် ရေကြောင်းခရီးစဉ်များအနေဖြင့်လည်း ကြိုတင်သတိပြုနိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

**မိုး/ဇလ**

❑ **မိမိပိုင် နိုင်ငံသားစိစစ်ရေးကတ်၊ Mobile SIM Card၊ Mobile Payment Account၊ Bank Account များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့် ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

❍ *ကျောဖုံးမှ*

မြန်မာ - ထိုင်း အမှတ်(၂) ချစ်ကြည်ရေးတံတားမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံသို့ လူသားချင်းစာနာထောက်ထားမှုနှင့် နိုင်ငံအချင်းချင်းချစ်ကြည်ရင်းနှီးမှုတို့ကို ရှေးရှု၍ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ ပြည်နှင်လွှဲပြောင်းပေးအပ်ခဲ့ပြီး ပြည်ပနိုင်ငံသား ၂၆၀ ကို ထပ်မံစစ်ဆေးဖော်ထုတ် ထိန်းသိမ်းနိုင်ခဲ့သည်။

အဆိုပါ ပြည်နှင်လွှဲပြောင်းပေးမှုလုပ်ငန်းများ စနစ်တကျရှိစေရေးနှင့် အဆင်ပြေချောမွေ့စေရေးအတွက် ကရင်ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး မင်းသူကျော်နှင့် တာဝန်ရှိသူများက လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ဖြည့်စွက်မှာကြားကာ ပေါင်းစပ်ညှိနှိုင်းမှုများ ဆောင်ရွက်ပေးသည်။

ထို့နောက် ပြည်နှင်လွှဲပြောင်းပေးအပ်ပွဲကို ကျင်းပရာ ကရင်ပြည်နယ် လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပြည်သူ့လုံခြုံရေးဝန်ကြီးဌာန ပြစ်မှုဆိုင်ရာစုံစမ်းစစ်ဆေးရေးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် Mr. Liu Ning Ning နှင့် ထိုင်းနိုင်ငံ တာ့ခ်ခရိုင် လူဝင်မှုကြီးကြပ်ရေးဦးစီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပြီး မြန်မာနိုင်ငံမှ တာဝန်ရှိသူများက သက်ဆိုင်ရာနိုင်ငံမှ တာဝန်ရှိသူထံသို့ ပြည်နှင်လွှဲပြောင်း လက်ခံရေးဆိုင်ရာ အထောက်အထားစာရွက်စာတမ်းများကို စနစ်တကျ လွှဲပြောင်းပေးအပ်သည်။

အလားတူ မြဝတီမြို့ - မင်းလက်ပံနှင့် KK Park နယ်မြေများသို့ တရားမဝင်လမ်းကြောင်းများမှတစ်ဆင့် ဝင်ရောက်နေကြသည့် ပြည်ပနိုင်ငံသား ၂၆၀ ကို ယနေ့တွင် ထပ်မံစစ်ဆေးဖော်ထုတ် ထိန်းသိမ်းနိုင်ခဲ့ပြီး သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံးပြန်လည်လွှဲပြောင်းပေးအပ်နိုင်ရေး လိုအပ်သည့်ကိုယ်ရေးအချက်အလက်များနှင့် မှတ်တမ်းများ စာရင်းကောက်ယူခြင်းလုပ်ငန်းကို ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များဖြင့် ဆောင်ရွက်လျက်ရှိသည်။

၂၀၂၅ ခုနှစ် ဇန်နဝါရီ ၃၀ ရက်မှ မတ် ၁၄ ရက်အထိ မြန်မာနိုင်ငံအတွင်းသို့ တရားမဝင်ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား စုစုပေါင်း ၆၂၇၅ ဦးကို စစ်ဆေးဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့ကာ ၎င်းတို့အနက်မှ ၃၅၈၈ ဦးကို ထိုင်းနိုင်ငံမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျ လွှဲပြောင်းပေးခဲ့ပြီး ကျန်ရှိသည့် ပြည်ပနိုင်ငံသား ၂၆၈၇ ဦးကို သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးရန် အသင့်ဖြစ်နေပြီဖြစ်ကြောင်းနှင့် ၎င်းတို့ကို ကောင်းမွန်စွာ ထိန်းသိမ်းစောင့်ရှောက်ထားရှိသည်။

နိုင်ငံတော်အစိုးရ အနေဖြင့် နိုင်ငံတော်နှင့် ပြည်သူများအား ခြိမ်းခြောက်ထိခိုက်များ ရှိလာသည့် အွန်လိုင်းလိမ်လည်မှု၊ အွန်လိုင်းလောင်းကစားမှု အပါအဝင် အွန်လိုင်းဒုစရိုက်မှုမျိုးစုံကို အမျိုးသားရေးအသွင်ဖြင့် နိုင်ငံတကာအဖွဲ့အစည်းများ၊ ပြည်သူများနှင့် ပူးပေါင်းလက်တွဲကာ ထိထိရောက်ရောက် ပြတ်ပြတ်သားသား တိုက်ဖျက်နှိမ်နင်းပြီး ထိန်းသိမ်းလွှဲပြောင်းပေးလျက်ရှိပါကြောင်းနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် တာဝန်ရှိသူအဆင့်ဆင့်တို့ကလည်း အွန်လိုင်းလိမ်လည်မှု၊ အွန်လိုင်းလောင်းကစားမှုအပါအဝင် အွန်လိုင်းဒုစရိုက်မှုလုပ်ငန်းများ မရှိစေရေး ဖော်ထုတ်ခြင်း၊ အရေးယူခြင်းတို့ကို ပြတ်ပြတ်သားသား ကိုင်တွယ် ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## အီးယူဝိုင်များအပေါ် အခွန်စည်းကြပ်မှု ၂၀၀ ရာခိုင်နှုန်းအထိပြုလုပ်မည်ဟု ထရမ့်ခြိမ်းခြောက်

**ဝါရှင်တန် မတ် ၁၄**

ဥရောပသမဂ္ဂ(အီးယူ)က အမေရိကန် ဝီစကီများအပေါ်တွင် ဧပြီ ၁ ရက်မှစတင်ကာ အခွန်စည်းကြပ်ရန် ရည်ရွယ်ပြီးနောက် အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က ဥရောပဝိုင်နှင့် ရှမ်ပိန်များအပေါ်တွင် အခွန်စည်းကြပ်မှု၂၀၀ ရာခိုင်နှုန်းပြုလုပ်မည်ဟု ခြိမ်းခြောက်ခဲ့သည်။

ဝီစကီအပေါ်တွင် အခွန်စည်းကြပ်မှု ၅၀ ရာခိုင်နှုန်းကို ဥရောပသမဂ္ဂက ရုပ်သိမ်းရန် ပျက်ကွက်ခဲ့ပါက ဥရောပ အရက်တင်သွင်းမှုအပေါ် အခွန်စည်းကြပ်မှုပြုလုပ်သွားမည်ဟု ထရမ့်က မတ် ၁၄ ရက်တွင် ပြောကြားခဲ့သည်။ ဥရောပသမဂ္ဂ အဖွဲ့ကြီးအား ရန်လိုမှုအရှိဆုံးနှင့် အခွန်ကောက်ခံမှုဆိုင်ရာ အလွဲသုံးစားလုပ်သူများဟု ထရမ့်က စွပ်စွဲခဲ့သည်။




အမေရိကန်သည် ပြင်သစ်ဝိုင် ထုတ်လုပ်သူများအတွက် အကြီးဆုံး ဈေးကွက်ကြီးဖြစ်ကြောင်း ပြင်သစ်ဝိုင်အဖွဲ့အစည်းက ပြောသည်။ အမေရိကန်က အပြုအမူအပေါ် စိတ်ပျက်မိကြောင်း ပြင်သစ်ကုန်သွယ်ရေးဝန်ကြီး လောရင့်စိန့်မာတင်က ပြောသည်။

ထရမ့်သည် ၎င်းကိုယ်တိုင်စတင်ခဲ့သည့် ကုန်သွယ်ရေးစစ်ပွဲကို အရှိန်မြှင့်လျက်ရှိကြောင်း၊ ပြင်သစ်နှင့် လုပ်ဖော်ကိုင်ဖက်များသည် ထရမ့်၏ ခြိမ်းခြောက်မှုကို လက်လျှော့မည်မဟုတ်ကြောင်း ၎င်းက ဆက်ပြောသည်။ ကနေဒါနိုင်ငံသည်လည်း ထရမ့်၏ ပရမ်းပတာကုန်သွယ်ရေးအတွက် စိတ်ပျက်လျက်ရှိသည်။ **အင်န်အိတ်ချ်ကေ**

## အာဖဂန်နစ္စတန်နိုင်ငံ၌ မူးယစ်ဆေးစွဲသူ ၆၀၀ ပြန်လည်ကျန်းမာပြီး မိသားစုနှင့် ပြန်လည်တွေ့ဆုံ

**ကဘူးလ် မတ် ၁၄**

အာဖဂန်နစ္စတန်နိုင်ငံ၌ မူးယစ်ဆေးစွဲသူ ၆၀၀ ခန့်သည် ကန်ဒါဟာပြည်နယ် ပြန်လည်ထူထောင်ရေးစခန်း၌ ပြန်လည်ကျန်းမာလာပြီးနောက် မိသားစုနှင့်ပြန်လည်ပေါင်းစည်းခဲ့ကြသည်ဟု ပြည်တွင်းမီဒီယာတွင် မတ် ၁၄ ရက်က ဖော်ပြထားသည်။

ပြန်လည်ထူထောင်ရေးစခန်းတွင် ဆေးစွဲသူများကို အသက်မွေးဝမ်းကျောင်းပညာရပ်များ သင်ကြားပေးခဲ့ကြောင်း၊ ယခုအခါ အဆိုပါလူ ၆၀၀ စလုံးမှာ မိသားစုနှင့် ပြန်လည်ပေါင်းစည်းမိသွားပြီဖြစ်ကြောင်း ပြည်တွင်းသတင်းဌာနတွင် ဖော်ပြထားသည်။

ထိုစဉ် ယခင်ဆေးစွဲသူများကို အသက်မွေးဝမ်းကျောင်းပညာရပ်ခြောက်ခုတွင် လေ့ကျင့်သင်ကြားပေးခဲ့ပြီး မိသားစုနှင့် ပြန်လည်တွေ့ဆုံပြီးနောက် အသက်မွေးဝမ်းကျောင်းပြုလုပ်ရန်အတွက် လုပ်ငန်းခွင်သုံးကိရိယာအစုံအလင်ကိုပါ ရရှိခဲ့ကြသည်။ **ဆင်ဟွာ**

## ဒန်ဗာလေဆိပ်တွင် အမေရိကန်လေကြောင်းလိုင်းမှ လေယာဉ်တစ်စင်း မီးလောင်

**လော့စ်အိန်ဂျလိစ် မတ် ၁၄**

အမေရိကန် လေကြောင်းလိုင်းမှ လေယာဉ်တစ်စင်း အမေရိကန်ပြည်ထောင်စု ကော်လိုရာဒိုပြည်နယ် ဒန်ဗာလေဆိပ်တွင် မတ် ၁၃ ရက်က ဆင်းသက်စဉ် မီးလောင်ခဲ့သည်ဟု အမေရိကန် လေကြောင်း ဗဟိုစီမံခန့်ခွဲမှုအဖွဲ့က ပြောသည်။

ဘိုအင်း ၇၃၇-၈၀၀ လေယာဉ်သည် ကော်လိုရာဒိုမြို့မှ ထွက်ခွာလာခဲ့ပြီးနောက် အင်ဂျင်တုန်ခါမှုကို လေယာဉ်အမှုထမ်းများ သိရှိသည့်အခါ ဒန်ဗာလေဆိပ်သို့ လမ်းကြောင်းပြောင်းခဲ့ကြောင်း အမေရိကန် လေကြောင်းဗဟိုစီမံခန့်ခွဲမှုအဖွဲ့က ပြောသည်။




**လမ်းကြောင်းပြောင်းဆင်းသက်**

အဆိုပါလေယာဉ်သည် မူလက ဒါလက်စ်ဖို့ဒ်ဝေါ့ဒ် အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ဆင်းသက်ရန် ဦးတည်ခဲ့သည်။ သို့သော်လည်း ညနေ ၅ နာရီ ၁၅ မိနစ်တွင် ဒန်ဗာအပြည်ပြည်ဆိုင်ရာလေဆိပ်သို့ လမ်းကြောင်းပြောင်းကာ ဆင်းသက်ခဲ့ရသည်။ ယင်းဖြစ်ရပ်နှင့်ပတ်သက်၍ စုံစမ်းစစ်ဆေးမှုများ ပြုလုပ်နေသည်ဟု အမေရိကန်လေကြောင်း ဗဟိုစီမံခန့်ခွဲမှုအဖွဲ့က ပြောသည်။

**ခရီးသည်များကိုကယ်ထုတ်**

မြေပြင်တွင် လေယာဉ် ဖြည်းဖြည်းမောင်းနှင်စဉ် လေယာဉ်အင်ဂျင်တစ်လုံး မီးစွဲလောင်ခဲ့ပြီး အရေးပေါ် ရော်ဘာလျှောများ အသုံးပြု၍ ခရီးသည်များကို ကယ်ထုတ်ခဲ့ရသည်။ လေယာဉ်ပေါ်တွင် ခရီးသည် ၁၇၂ ဦးနှင့် လေယာဉ်အမှုထမ်း ခြောက်ဦး လိုက်ပါလာသည်။ ခရီးသည်များနှင့် လေယာဉ်အမှုထမ်းများကို လေဆိပ်သို့ ရွှေ့ပြောင်းပေးခဲ့ကြောင်း လေကြောင်းလိုင်းက ပြောသည်။ **ဆင်ဟွာ**



## သီရိလင်္ကာနိုင်ငံ၌ အုန်းသီးထုတ်လုပ်မှု သိသိသာသာကျဆင်း

**ကိုလံဘို မတ် ၁၄**

သီရိလင်္ကာနိုင်ငံ၏ အုန်းသီးထုတ်လုပ်မှုမှာ ၂၀၂၄ ခုနှစ် ဒီဇင်ဘာလက ၃၃ ဒသမ ၁ ရာခိုင်နှုန်းနှင့် ၂၀၂၅ ခုနှစ် ဇန်နဝါရီလအတွင်း ၃၂ ဒသမ ၃ ရာခိုင်နှုန်း သိသိသာသာကျဆင်းခဲ့ကြောင်း စိုက်ပျိုးရေးအချက်အလက်ထုတ်ပြန်ချက်၌ နိုင်ငံ၏ဗဟိုဘဏ်က မတ် ၁၄ ရက်တွင် ထုတ်ပြန်ထားသည်။

ထို့ပြင် သီရိလင်္ကာနိုင်ငံ၌ ကုန်းတွင်းငါးဖမ်းလုပ်ငန်း ကျဆင်းလာမှုကြောင့် ဒီဇင်ဘာလအတွင်း ငါးထုတ်လုပ်မှုမှာလည်း ၁၂ ဒသမ ၀ ရာခိုင်နှုန်း ကျဆင်းခဲ့ကြောင်း ဗဟိုဘဏ်က ဆက်လက်ထုတ်ပြန်ထားသည်။ သို့သော်လည်း ဒီဇင်ဘာလအတွင်း လက်ဖက်ထုတ်လုပ်မှုမှာ ၉ ဒသမ ၆ ရာခိုင်နှုန်းနှင့် ၂၀၂၅ ခုနှစ် ဇန်နဝါရီလအတွင်း ၁၄ ဒသမ ၆ ရာခိုင်နှုန်း တိုးလာကြောင်း သိရသည်။

ဆက်လက်ပြီး ၂၀၂၄ ခုနှစ် ဒီဇင်ဘာလအတွင်း ရော်ဘာထုတ်လုပ်မှုမှာ ၃၂ ဒသမ ၄ ရာခိုင်နှုန်း တိုးလာသော်လည်း ၂၀၂၅ ခုနှစ် ဇန်နဝါရီလအတွင်း ရော်ဘာထုတ်လုပ်မှုကျဆင်းလာကြောင်း ဗဟိုဘဏ်မှ သိရသည်။ လက်ဖက်၊ ရော်ဘာနှင့် အုန်းသီးများမှာ သီရိလင်္ကာနိုင်ငံ၏ အဓိကပို့ကုန်သီးနှံများဖြစ်ကြောင်း သိရသည်။ **ဆင်ဟွာ**

## အွန်လိုင်းဂိမ်းကစားပြီး ရာဇဝတ်မှုသားကောင်ဖြစ်လာသည့်ကလေးများ တိုးပွားလာကြောင်း ဂျပန်ရဲတပ်ဖွဲ့ ပြောကြား

**တိုကျို မတ် ၁၄**

အွန်လိုင်းဂိမ်းကစားပြီး ရာဇဝတ်မှုသားကောင်ဖြစ်လာသည့် ကလေးများ တိုးပွားလာနေကြောင်း ဂျပန်ရဲတပ်ဖွဲ့က ပြောကြားလိုက်သည်။

၂၀၂၄ ခုနှစ်အတွင်း လူမှုမီဒီယာအသုံးပြုသည့် အသက် ၁၈ နှစ်အောက် အရွယ်မရောက်သေးသူ ၁၄၈၆ ဦးသည် ရာဇဝတ်သားကောင်များဖြစ်လာကြောင်း ဂျပန်ရဲတပ်ဖွဲ့ အေဂျင်စီက အတည်ပြုခဲ့သည်။

လူမှုမီဒီယာ အသုံးပြုသည့် ကလေးများအနက် အွန်လိုင်းဂိမ်းကစားသည့် ကလေး ၉၈ ဦးရှိပြီး ၂၀၂၃ ခုနှစ်ကထက် ကိုးဦးတိုးလာကြောင်းသိရသည်။ အဆိုပါကလေး ၉၈ ဦးအနက် ၅၆ ဦး သို့မဟုတ် ထက်ဝက်ကျော်သည် အလယ်တန်း ကျောင်းသားများဖြစ်ပြီး ၂၂ဦးသည် မူလတန်းကျောင်းသားများဖြစ်ကာ ၁၈ ဦးသည် အထက်တန်းကျောင်းသားများ ဖြစ်ကြောင်း ရဲတပ်ဖွဲ့က ပြောသည်။

အွန်လိုင်း ဂိမ်းများသည် အမည်မသိပါဝင်သူများကို စကားသံနှင့် အပြန်အလှန်ဆက်သွယ်ခြင်း သို့မဟုတ် စာသားနှင့် အပြန်အလှန် ဖလှယ်ခြင်းများကို အလွယ်တကူ ပြုလုပ်နိုင်ကြောင်းလည်း ရဲတပ်ဖွဲ့က ထောက်ပြပြောကြားခဲ့သည်။

၂၀၂၅ ခုနှစ် ဇန်နဝါရီလတွင် အွန်လိုင်းဂိမ်းကစားပြီး သူငယ်ချင်းဖြစ်လာသူတစ်ဦးက အသက် ၁၇ နှစ်အရွယ် အထက်တန်းကျောင်းသားတစ်ဦးကို နိုင်ငံရပ်ခြားတွင် အလုပ်သွားလုပ်ရန် အားပေးအားမြှောက် ပြုလုပ်ခဲ့သည်။ အဆိုပါကျောင်းသားသည် တယ်လီဖုန်းလိမ်လည်မှုအုပ်စုတစ်စု၏ အလုပ်စေခိုင်းခြင်းကို ခံခဲ့ရသည်။ **အင်န်အိတ်ချ်ကေ**



# မြန်မာ့သနပ်ခါးနှင့် ကျန်းမာရေးအကျိုးကျေးဇူးများ

မြန်မာနိုင်ငံသူ နိုင်ငံသားများသည် သနပ်ခါးကို အစောဆုံး အေဒီ ၅ ရာစုခန့် ပုဂံခေတ်တွင် စတင် အသုံးပြုခဲ့ကြကြောင်း နံရံဆေးရေးပန်းချီ အထောက်အထားများအရ လေ့လာသိရသည်။ ထိုမှဆက်တိုက် ပင်းယခေတ်၊ အင်းဝခေတ်၊ တောင်ငူခေတ်၊ ညောင်ရမ်းခေတ်၊ ကုန်းဘောင်ခေတ်မှသည် ယနေ့ မျက်မှောက်ခေတ်ထိအောင် ခေတ်အဆက်ဆက် သုံးစွဲလာကြသည်။ သနပ်ခါးလိမ်းကျံသည့် မြန်မာ့သနပ်ခါး ယဉ်ကျေးမှုဓလေ့ကို ကျား၊ မ မခွဲဘဲ လူတန်းစားပေါင်းစုံ နှစ်ခြိုက်စွာ အသုံးပြုလျက်ရှိကြသည်။

ပေါက်ပေါက်

### ဒြပ်မဲ့ယဉ်ကျေးမှု

နှစ်လိုဖွယ်ကောင်းသည့် မြန်မာ့သနပ်ခါး ယဉ်ကျေးမှုဓလေ့ကို ယူနက်စကို၏ လူသားမျိုးနွယ်ကိုယ်စားပြု ဒြပ်မဲ့ယဉ်ကျေးမှု အမွေအနှစ်စာရင်းတွင် စာရင်းဝင်နိုင်ရန် ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနက ကြိုးပမ်းလျက်ရှိသည်။ လက်ရှိတွင် သနပ်ခါးကို ကျောက်ပျဉ်နှင့် သွေးပြီး လိမ်းရသည့်ဓလေ့အား ကမ္ဘာ့အမွေအနှစ် စာရင်းဝင်နိုင်ရေးအတွက် ၂၀၂၅ ခုနှစ် မတ်လကုန်မတိုင်ခင် ၁၀ မိနစ်စာ မှတ်တမ်းဗီဒီယိုနှင့်အတူ တင်သွင်းရန် ဆောင်ရွက်လျက်ရှိသည်။

မြန်မာ့သနပ်ခါးယဉ်ကျေးမှုဓလေ့ကို ယူနက်စကိုသို့ဝင်ရောက်နိုင်ရေး ကြိုးပမ်းမှုမတိုင်ခင်က မြန်မာ့ရိုးရာအတာသင်္ကြန်ပွဲတော်ကို ၂၀၂၄ ခုနှစ် ဒီဇင်ဘာ ၂ ရက်မှ ၇ ရက်အထိ ပါရာဂွေးနိုင်ငံ အာဆွန်စီယွန်မြို့၌ ပြုလုပ်သည့် (၁၉)ကြိမ်မြောက် ကမ္ဘာ့ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်ညီလာခံ၌ ယူနက်စကို၏ ကမ္ဘာ့ဒြပ်မဲ့ယဉ်ကျေးမှု အမွေအနှစ်အဖြစ် သတ်မှတ်ခံခဲ့ရသည်။ မြန်မာ့ရိုးရာအတာသင်္ကြန်ပွဲတော်သည် မြန်မာနိုင်ငံ၏ ပထမဆုံးဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်တစ်ခု ဖြစ်လာသကဲ့သို့ မြန်မာ့သနပ်ခါးသည်လည်း ဒုတိယမြောက် ကမ္ဘာ့ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်ဖြစ်လာစေရေး ဆက်လက်ကြိုးပမ်းနေခြင်းဖြစ်သည်။

သနပ်ခါးသည် မြန်မာအမျိုးသမီးများ အစဉ်အဆက်သုံးစွဲခဲ့ကြသည့် ရိုးရာအလှပြင်ပစ္စည်းတစ်မျိုးဖြစ်သည်။ တစ်နည်းဆိုသော် သနပ်ခါးသည် မြန်မာအမျိုးသမီးများ၏ မူပိုင်ဖြစ်သည်။ အမျိုးသားတချို့လည်း သနပ်ခါးကို နှစ်သက်စွာလိမ်းကြသည်။ ဘိုးဘေးဘီဘင်ကစ၍ ၂၁ ရာစုတိုင် ခေတ်တွေမည်မျှပြောင်းပြောင်း သနပ်ခါးကို မြန်မာ့ရိုးရာအလှကုန်ပစ္စည်းအဖြစ် ကမ္ဘာက အသိအမှတ်ပြုလက်ခံနေသည်ကို စိုးစဉ်းမျှ ယုံမှားသံသယဖြစ်ဖွယ်မရှိနိုင်ပေ။

မြန်မာနိုင်ငံ၏ သနပ်ခါးအမျိုးစားထဲတွင် ရှင်မတောင်သနပ်ခါးနှင့် ရွှေဘိုသနပ်ခါးတို့သည် နာမည်ကြီးလှပေသည်။ သနပ်ခါးနှင့် ဓာတ်မတည့်သူမရှိသလောက်ရှားသည်။ ရှေးမြန်မာအညာကျေးလက်တောသူလေးများ၏ ဓလေ့တစ်ခုရှိပါသည်။ သနပ်ခါးကို လက်ကလေးဖြင့် သပ်ယူကာ နဖူးပေါ်ကိုတင်၍ ဗုဒ္ဓသရဏံဂစ္ဆာမိ၊ ညာဘက်ပါးပေါ်တင်ကာ ဓမ္မံသရဏံဂစ္ဆာမိ၊ ဘယ်ဘက်ပါးပေါ်တင်ကာ သံဃံသရဏံဂစ္ဆာမိဟုဆိုကာ သနပ်ခါးလိမ်းရင်း သရဏဂုံ တည်ဆောက်ကြသည်။



အရာတော်ဒေသထွက် သနပ်ခါးတုံးများ ရွေးချယ်နေသည့် မြန်မာအမျိုးသမီးငယ်များ။

"မိုးလင်းတာနဲ့ မျက်နှာပေါ်မှာ သနပ်ခါးလေးရှိမှ ကျက်သရေရှိတာ"၊ "မြန်မာမိန်းကလေးတိုင်း သနပ်ခါးကို မြတ်မြတ်နိုးနိုးလိမ်းကြတယ်"၊ "မြန်မာမိန်းကလေးတွေရဲ့ အသားအရေလှတာဟာ သနပ်ခါးကြောင့်ပေါ့"၊ "သနပ်ခါးလူးထားရင် လူက လန်းဆန်းနေတယ်"၊ "သနပ်ခါးနံ့က စိတ်ကြည်တယ်ဒါကြောင့် သနပ်ခါးကိုအမြဲလူးတယ်"စသည်ဖြင့် သနပ်ခါးလူးလေ့ရှိသူအများစုက သနပ်ခါးကောင်းကြောင်း အမွှမ်းတင်ပြောသည့် စကားသံများကို အမြဲလိုလိုကြားရသည်။

### မာကျူရီကင်းသော မြန်မာ့သနပ်ခါး

အလှကုန်ပစ္စည်းအများစုကို တားမြစ်ဓာတုဆေးဝါးများဖြင့် ပြုပြင်ဖော်စပ်ထားသည်။ သုံးစွဲသူများကို ဘေးဥပဒ်ဖြစ်စေသော အသားဖြူခရင်(မ်)တွေကို လိမ်းမည့်အစား ရှေးထုံးမပျက် မြန်မာ့ရိုးရာသနပ်ခါး အေးအေးမွှေးမွှေးလေးကို ကိုယ်တိုင်သွေးလိမ်းပြီး အလှဆင်သင့်သည်။ ထိုင်းနိုင်ငံရှိ သုတေသီများက သနပ်ခါးအခေါက်တွင်ပါရှိသော ဓာတ်ပစ္စည်းများကို အသေးစိတ်လေ့လာခဲ့ကြရာ သနပ်ခါးမှာ antioxidant (ခေါ်) ခန္ဓာကိုယ်အကျိုးပြုဓာတ်တိုးဆန့်ကျင်ပစ္စည်းတစ်မျိုး ပါရှိနေသည့်အပြင် အသားအရေရောင်ရမ်းခြင်းကို သက်သာစေသော ဓာတ်ပစ္စည်းများ၊ ဗက်တီးရီးယားများကို သေစေသော ဓာတ်များနှင့် အရေပြားအရောင်ကို အပြောင်းအလဲဖြစ်စေသော ဟော်မုန်းထွက်ရှိမှုကို ဟန့်တားပေးနိုင်သည့် ဓာတ်ပစ္စည်းများလည်း သဘာဝအလျောက်ပါရှိနေကြောင်း လေ့လာတွေ့ရှိထားကြသည်။ သနပ်ခါးက နေပူဒဏ်၊ နေလောင်ခြင်းဖြစ်စေသည့် အဆင့်မြင့်ခရမ်းလွန်ရောင်ခြည်ကို ကာကွယ်ထားနိုင်ကြောင်း ကျွမ်းကျင်ဆရာဝန်ကြီးများကလည်း အကြံပြုထားသည်။

### အလားအလာကောင်းသော မြန်မာ့သနပ်ခါး

မြန်မာ့သနပ်ခါးကို အသင့်လိမ်း၍ရသည့် အဆင့်အထိ အချောထည်ပြုလုပ်ကာ အာဆီယံနိုင်ငံများဖြစ်ကြသော ဖိလစ်ပိုင်၊ အင်ဒိုနီးရှားနှင့် မလေးရှားနိုင်ငံတို့သို့ တင်ပို့နိုင်ရန် စီစဉ်ဆောင်ရွက်နေကြောင်း မြန်မာ့သနပ်ခါးစိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်းမှ သိရသည်။ လက်ရှိတွင် မြန်မာ့သနပ်ခါးသည် ပြည်တွင်းဈေးကွက်၌ ရောင်းအားပုံမှန်ရှိပြီး ပြည်ပဈေးကွက်သို့ အကြမ်းထည်အဖြစ် တင်ပို့၍မရသည့်အတွက် လိမ်း၍ရသည့်အဆင့်အထိ အချောထည်ထုတ်လုပ်ကာ ခရင်(မ်)ပုံစံမျိုး ပြုလုပ်တင်ပို့နိုင်မည်ဖြစ်ကြောင်း သိရသည်။

ထို့ပြင် မြန်မာ့သနပ်ခါး စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်းအနေဖြင့် မြန်မာ့သနပ်ခါးကို UNESCO အသိအမှတ်ပြု ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်စာရင်းတင်သွင်းနိုင်ရေးကိုလည်း ပါဝင်ဆောင်ရွက်ပေးနေကြောင်းနှင့် ပြည်တွင်း၌ သနပ်ခါးကို မြန်မာနိုင်ငံအလယ်ပိုင်း အရာတော်၊ မုံရွာ၊ ပခုက္ကူ၊ ရေစကြို၊ မြိုင်၊ ပေါက် စသည့်မြို့နယ်များတွင် အများဆုံးစိုက်ပျိုးပြီး ခန့်မှန်းစိုက်ဧကသုံးသိန်းဝန်းကျင်ခန့်ရှိကြောင်းနှင့် သနပ်ခါးပင်များသည် ခြောက်နှစ်မှ ခုနစ်နှစ်အတွင်း ဈေးကွက်သို့ စတင်ဝင်ရောက်ပြီး သားတက်သနပ်ခါးခင်းများကို အပင်သက်တမ်းငါးနှစ်မှ ခြောက်နှစ်အတွင်း စတင်ရောင်းချနိုင်ကာ အရည်အသွေးအကောင်းဆုံး သနပ်ခါးပင်တစ်ပင်ရရှိရန် သက်တမ်း ၃၅ နှစ်ကြာမြင့်ကြောင်း လေ့လာသိရသည်။

### သနပ်ခါးတုံးကောင်းကောင်း ရွေးချယ်နည်း

သနပ်ခါးပင်၏ တန်ဖိုးသည် အခေါက်နှင့်အပွေးဖြစ်သည်။ "အပွေးမြင် အပင်သိ" ဟူသော ဆိုရိုးစကားရှိလေသည်။ အပင်အမြင့် မည်မျှရှည်စေကာမူ အပွေးမကောင်းပါက ရနံ့မမွှေးတတ်သလိုတာရှည်လည်း အသွေးမခံတော့ပေ။ အပင်တုတ်ခိုင်ခြင်း မတုတ်ခိုင်ခြင်းထက်၊ အပွေး၏ အရောင်အသွေးနှင့် သူ၏အထုကိုကြည့်ပါ။ သနပ်ခါးအပွေးများမှာ ကြေးနီရောင်အပွေး၊ ဥသျှစ်ပွေး၊ ဂုံးပွေးဟူ၍ သုံးမျိုးရှိရာ ကြေးနီရောင်အပွေးမှာ လက်ချောင်းကလေးများလို အခေါက်များ အမြောင်းလိုက်ကြွနေပြီး အပွေးမှာ မာကျော၍ ကြေးနီရောင် သို့မဟုတ် ပုစွန်ဆီရောင်ရှိသည့် ပထမတန်းစား အပွေးဖြစ်သည်။ ဥသျှစ်မှည့်ခြောက်ရောင် အပွေးခေါက်မှာ ပြားကပ်ပြီး အပွေးအသင့်အတင့်ထူ၍၊ ဂုံးပွေးမှာ အဖြူရောင်အခေါက်ပါး၊ အပွေးလည်းပါးပြီး ပွယောင်းသော အညံ့စား သနပ်ခါးဖြစ်သည်။ လက်သည်းဖြင့် အပွေးကို အသာဖိဆိတ်ကြည့်ပါ၊ လက်သည်းနစ်ဝင်သွားပါက အခေါက်သားနု၍ မဝယ်ပါနှင့်။ လက်ဖြင့်ကိုင်ဆကြည့်ပါက ပေါ့လွန်းနေလျှင် ပြန်ချထားလိုက်ပါ။ ယင်းအတုံးသည် အသားကျစ်မှုနည်းခြင်း၊ ခုတ်ဖြတ်ထားသည့် အချိန်ကာလကြာနေခြင်းတို့ကြောင့် အတွင်းမှရေဓာတ်ခန်းသွားပြီး အလေးချိန်ပေါ့နေခြင်းဖြစ်သည်။

သက်တမ်းရင့်အပင်က အသားကျစ်သိပ်မှုကြောင့် ရေငွေ့ပျံနှုန်းနှေးကာ အခြားအပင်များထက် ပိုမိုလေးတစ်နေပါသည်။ ဖြတ်ထားကာစ သနပ်ခါးတုံး၏ အတွင်းသားမှာ စွဲမက်စရာ ချိုသင်းသော အနံ့ကလေးဖြစ်သည်။ သို့မဟုတ်ဘဲ ချဉ်စူးစူးအနံ့ရနေလျှင် မှိုစွဲနေပြီဟုမှတ်ပါ။ သနပ်ခါးတုံး၏ ထိပ်ဝရှိ အခေါက်နှင့် အတုံးသားအကြားမှာ ပြာမှိုင်းမှိုင်း အရောင်ဝင်နေပြီဆိုပါက မှိုတက်နေပါပြီ။ အလယ်က အသားနေရာမှာပါ ပြာနေပြီဆိုပါက ယင်းသည် သေနေသော သနပ်ခါးပင်ခြောက်ကို ခုတ်လာခဲ့ခြင်းဖြစ်၍ ကိုင်ကြည့်ရုံဖြင့် ပေါ့ရွတ်နေပါလိမ့်မည်။

### သတိပြုရန်

သဘာဝသနပ်ခါးအတုံးစစ်စစ်များ ရှိကြသလို၊ လွယ်ကူမြန်ဆန် အသုံးပြုနိုင်ရန်အတွက် ကြိတ်ပြီးသား အသင့်သုံးသနပ်ခါးများကို တာရှည်ခံအောင် ပြုလုပ်၍ သနပ်ခါးအရည်၊ အနှစ်စသည်ဖြင့် ဘူး၊ ပုလင်းတို့ဖြင့် အလွယ်တကူ ဝယ်ယူရရှိနိုင်သည်။ ယင်းအသင့်သုံး သနပ်ခါးဘူးနှင့် ပုလင်းများတွင် တာရှည်ခံစေရန်နှင့် အခြားအမွှေးအနံ့ပစ္စည်းများ ပါဝင်နေသောကြောင့် လူတချို့မှာ ဓာတ်မတည့်မှုများ ဖြစ်စေနိုင်ပါသည်။ သို့သော် ဈေးကွက်ထဲမှာ စံချိန်စံနှုန်းပြည့် အသိအမှတ်ပြုသနပ်ခါးဘူး၊ ပုလင်းများရှိကြရာ မိမိ အသားအရေနှင့် ဓာတ်တည့်သော အသင့်လိမ်းသနပ်ခါးဘူးများကို ရွေးချယ်အသုံးပြုတတ်ပါစေ။

အချုပ်ဆိုရသော် မြတ်နိုးဖွယ်ကောင်းသည့် မြန်မာ့သနပ်ခါးအား ၂၀၂၁ ခုနှစ်မှစ၍ နိုင်ငံတော်က တပို့တွဲလပြည့်နေ့ကို "မြန်မာ့သနပ်ခါးနေ့" အဖြစ် အထူးတလည် သတ်မှတ်လိုက်သည့်အတွက် သနပ်ခါးကြိုက်သော စာရေးသူတို့က လွန်စွာဝမ်းသာပီတိဖြစ်ရပါသည်။ သနပ်ခါးစိုက်ဒေသငါးမြို့ဖြစ်သော အရာတော်၊ ရေစကြို၊ မြိုင်၊ ရွှေဘိုနှင့် ပေါက်မြို့များတွင် တပို့တွဲလပြည့်ညတွင် မြို့အလိုက် ဘုရားများ၌ သနပ်ခါးမီးပူဇော်ခြင်း (သနပ်ခါးဖြင့် အနွေးဓာတ်ပူဇော်ခြင်း)နှင့်အတူ ထမနဲကျွေး စတုဒိသာပွဲများလည်း ပြုလုပ်ကြသည်။

ယခုအခါ မြန်မာ့သနပ်ခါးကို ဒြပ်မဲ့ယဉ်ကျေးမှု ကမ္ဘာ့အမွေအနှစ်စာရင်းဝင် ဖြစ်စေရေးအတွက် နိုင်ငံတော်အစိုးရနှင့်အတူ အလွှာအသီးသီး၊ အဖွဲ့အစည်းပေါင်းစုံမှ အားတက်သရော ကြိုးပမ်းလျက်ရှိရာ စာရေးသူလည်း သနပ်ခါးချစ်သူတစ်ဦးဖြစ်ပေရာ နှစ်လိုဖွယ်ကောင်းသည့် မြန်မာ့သနပ်ခါး ယဉ်ကျေးမှုဓလေ့ကို ယူနက်စကို၏ လူသားမျိုးနွယ်ကိုယ်စားပြု ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်စာရင်းအဖြစ် ကမ္ဘာ့အလယ်တွင် မှတ်တိုင်တစ်ရပ် စိုက်ထူနိုင်ပါစေကြောင်း လေးလေးနက်နက် ဆုမွန်တောင်းပါသည်။ ။

**❖ သနပ်ခါးသည် မြန်မာအမျိုးသမီးများ အစဉ်အဆက်သုံးစွဲခဲ့ကြသည့် ရိုးရာအလှပြင်ပစ္စည်းတစ်မျိုးဖြစ်သည်။ တစ်နည်းဆိုသော် သနပ်ခါးသည် မြန်မာအမျိုးသမီးများ၏ မူပိုင်ဖြစ်သည်**

**❖ မြတ်နိုးဖွယ်ကောင်းသည့် မြန်မာ့သနပ်ခါးအား ၂၀၂၁ ခုနှစ်မှစ၍ နိုင်ငံတော်က တပို့တွဲလပြည့်နေ့ကို "မြန်မာ့သနပ်ခါးနေ့" အဖြစ် အထူးတလည်သတ်မှတ်**

**❖ မြန်မာ့သနပ်ခါးကို ဒြပ်မဲ့ယဉ်ကျေးမှု ကမ္ဘာ့အမွေအနှစ်စာရင်းဝင်ဖြစ်စေရေးအတွက် နိုင်ငံတော်အစိုးရနှင့်အတူ အလွှာအသီးသီး၊ အဖွဲ့အစည်းပေါင်းစုံမှ အားတက်သရော ကြိုးပမ်းလျက်ရှိ**

# တပေါင်းလပြည့်နေ့တွင် သထုံမြို့ရှိ သမိုင်းဝင်ရွှေစာရံစေတီတော်မြတ်ကြီး၌ ဘုရားဖူးပြည်သူများဖြင့် စည်ကား

**သထုံ မတ် ၁၄**

မွန်ပြည်နယ် သထုံမြို့ရှိ သမိုင်းဝင်လေးဆူဓာတ်စံ ရွှေစာရံစေတီတော်မြတ်ကြီးတွင် တပေါင်းလပြည့်နေ့၌ ကုသိုလ်ဒါနပြုသူများ၊ အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးပြည်သူများ စည်ကားစွာ လာရောက်ဖူးမြော်ကြသည်။

စေတီတော်မြတ်ကြီးသို့ အများပြည်သူ ပိတ်ရက်ကာလ ကျိုက်ထီးရိုး၊ ကျိုက္ခမီ၊ စက်စဲ စသည့် အောက်မြန်မာပြည်ဘုရားဖူး အပန်းဖြေခရီးထွက်သူများနှင့် ဒေသခံများ လာရောက်ဖူးမြော်ကြသူများဖြင့် စည်ကားခဲ့ကြောင်း စေတီတော်ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

တပေါင်းလပြည့်နေ့ နံနက်ပိုင်းမှ စတင်ကာ ရွှေစာရံစေတီတော်အား ဗုဒ္ဓါဘိသေကအနေကဇာတင်ပြီး သံဃာတော်များအား ဆွမ်းဆန်စိမ်း လောင်းလှူခြင်း၊ စေတီတော်အား ဆွမ်း၊ ပန်း၊ ရေချမ်း၊ ဆီမီး ကပ်လှူပူဇော်ကြခြင်း၊ တရားဘာဝနာများ ပွားများခြင်း စသည့် ကုသိုလ်ပြုကြသည်။

သမိုင်းမှတ်တမ်းများအရ သထုံရွှေစာရံစေတီတော်မြတ်ကြီးမှာ ဘုရားရှင်သက်တော်ထင်ရှားရှိစဉ်ကာလ မဟာသက္ကရာဇ် ၁၁၁ ခုနှစ်၊ သူရိယစန္ဒာမင်းကြီးလက်ထက်၌ တည်ထားကိုးကွယ်ခဲ့ပြီး ကကုသံဘုရားရှင်၏ ဆံတော်ရှစ်ဆူ၊ ကောဏဂုံဘုရားရှင်၏ တောင်ဝှေးတော်၊ ကဿပဘုရားရှင်၏ မြသပိတ်တော်နှင့် ဂေါတမဘုရားရှင်၏ သွားတော်လေးဆူတို့ဖြင့် ဘုရားရှင်လေးဆူတို့၏ ဓာတ်တော်မွေတော်များကို ဌာပနာသွင်း ပူဇော်ထားသောကြောင့် လေးဆူဓာတ်စံ ရွှေစာရံစေတီဟူ၍ ထင်ရှားကျော်ကြားသော စေတီတစ်ဆူဖြစ်ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**



# ဘားအံမြို့ အရန်မီးသတ်တပ်ဖွဲ့ဝင်များအား တူညီဝတ်စုံများပေးအပ်



**ဘားအံ မတ် ၁၄**

ကရင်ပြည်နယ် ဘားအံမြို့နယ်၌ ရပ်ကွက်၊ ကျေးရွာများမှ အရန်မီးသတ်တပ်ဖွဲ့ဝင်များအား အရန်မီးသတ် တူညီဝတ်စုံပေးအပ်ပွဲနှင့် ချီးမြှင့်ငွေပေးအပ်ပွဲကို မတ် ၁၂ ရက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ကရင်ပြည်နယ်တိုင်းရင်းသားရေးရာဝန်ကြီး ဦးစန်းကိုက အမှာစကားပြောကြားပြီး ရပ်ကွက်၊ ကျေးရွာအုပ်စု တစ်စုလျှင် ငွေကျပ်တစ်သိန်းနှုန်းဖြင့် စုစုပေါင်းငွေကျပ် ၁၈ သိန်းနှင့် ပြည်နယ်မီးသတ်ဦးစီး ဌာနမှူး ဦးကျော်ကျော်က တူညီဝတ်စုံများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**

# ကျိုက်လတ်၌ မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး အသိပညာပေး

**ကျိုက်လတ် မတ် ၁၄**

ဧရာဝတီတိုင်းဒေသကြီး ကျိုက်လတ်မြို့နယ်၌ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး အသိပညာပေးခြင်းနှင့် လက်တွေ့သရုပ်ပြသခြင်းကို မတ် ၁၃ ရက်က ပညာရတနာဇီဇဝါ ကိုယ်ပိုင်အထက်တန်းကျောင်း၌ ကျင်းပရာ မြို့နယ်မီးသတ်ဦးစီးမှူး ဦးနိုင်လင်းက မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးအတွက် ကြိုတင်ပြင်ဆင်ရန်နှင့် လိုက်နာရမည့်အချက်များ၊ အရေးပေါ်အခြေအနေဖြစ်ပေါ်လာပါက ဆောင်ရွက်ရမည့် လုပ်ငန်းများကို ရှင်းလင်းပြောကြားသည်။ ဆက်လက်၍ မြို့နယ်မီးသတ်ဦးစီးမှူးနှင့် တပ်ဖွဲ့ဝင်များက မီးသတ်ဆေးဘူးအသုံးပြုပုံနှင့် လက်တွေ့မီးငြိမ်းသတ်မှုများကို သရုပ်ပြသခဲ့ကြောင်း သိရသည်။ **(အောက်ပုံ)**

**မြို့နယ်(ပြန်/ဆက်)**



# တာမွေမြို့နယ်၌ လူ့အခွင့်အရေးဆိုင်ရာ အသိပညာပေးဆွေးနွေး

**ရန်ကုန် မတ် ၁၄**

ရန်ကုန်တိုင်းဒေသကြီး တာမွေမြို့နယ် ကျိုက္ကဆံလမ်းရှိ မူးယစ်ဆေးစွဲသူများ ပြန်လည်ထူထောင်ရေးအသင်း(မြန်မာ)ဗဟို မေတ္တာစံအိမ်ခန်းမ၌ မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေးကော်မရှင်နှင့် ပူးပေါင်း၍ လူ့အခွင့်အရေးဆိုင်ရာ အသိပညာပေးရှင်းလင်းဆွေးနွေးပွဲကို ယမန်နေ့က ကျင်းပသည်။

အခမ်းအနားတွင် မူးယစ်ဆေးစွဲသူများ ပြန်လည်ထူထောင်ရေးအသင်း(မြန်မာ)ဗဟိုမှ ဥက္ကဋ္ဌ ဦးစံရှိန်က အမှာစကားပြောကြားပြီး မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေးကော်မရှင်မှ ဒုတိယ ညွှန်ကြားရေးမှူး ဒေါ်မိမိခိုင်က လူ့အခွင့်အရေး အခြေခံအယူအဆ၊ လူသားတစ်ဦးချင်း၏ အခွင့်အရေးနှင့် တာဝန်များ၊ မူးယစ်ဆေးဝါးသုံးစွဲသူများ ပြန်လည်ထူထောင်ရေးနှင့် လူ့အခွင့်အရေးဆိုင်ရာ စံနှုန်းများ၊ ကမ္ဘာ့လူ့အခွင့်အရေး ကြေညာစာတမ်းနှင့် ပတ်သက်၍ လည်းကောင်း၊ လက်ထောက် ညွှန်ကြားရေးမှူး ဦးကောင်းခန့်ဇင်က မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင် ဖွဲ့စည်းခြင်းနှင့် လုပ်ငန်း ဆောင်ရွက်ချက်များနှင့် ပတ်သက်၍ လည်းကောင်း အသိပညာပေး ရှင်းလင်းဆွေးနွေးသည်။ (ဝဲပုံ)



ထို့နောက် တက်ရောက်လာကြသူများက သိရှိလိုသည်များကို မေမြန်းခဲ့ကြရာ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်မှ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားခဲ့ကြောင်း သိရသည်။

**နိုင်လင်းအောင်(ပြန်/ဆက်)**

# အုတ်ဖိုမြို့နယ် မြို့မဈေး မီးဘေးလုံခြုံရေးအတွက် မီးငြိမ်းသတ်ခြင်း လက်တွေ့သရုပ်ပြ

**အုတ်ဖို မတ် ၁၄**

ပဲခူးတိုင်းဒေသကြီး အုတ်ဖိုမြို့မဈေးကြီး၌ မီးဘေးကြိုတင်ကာကွယ်ရေးအတွက် မြို့နယ်စည်ပင်သာယာရေးအဖွဲ့နှင့် မြို့နယ်မီးသတ်ဦးစီးဌာနတို့ ပူးပေါင်း၍ မီးငြိမ်းသတ်ခြင်း လက်တွေ့သရုပ်ပြခြင်းကို ယမန်နေ့က ပြုလုပ်သည်။

ဦးစွာ မြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးမှူး ဦးကျော်ကျော်လင်းက မြို့မဈေး မီးဘေးကြိုတင်ကာကွယ်ရေး လိုက်နာဆောင်ရွက်ရန်အချက်များကို အသိပညာပေးပြောကြားပြီးနောက် မီးငြိမ်းသတ်မှု လက်တွေ့သရုပ်ပြသည်။ **(အောက်ပုံ)**

အဆိုပါ လက်တွေ့မီးငြိမ်းသတ်သရုပ်ပြလေ့ကျင့်ရာသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးဖြိုးဝေလင်း၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ လက်တွေ့ပါဝင်ဆောင်ရွက်ကြောင်း သိရသည်။ **အောင်သူ(ပြန်/ဆက်)**



# စလင်းမြို့နယ်ရှိ တက္ကသိုလ်ဝင်တန်းစာစစ်ဌာနများ မီးဘေးလုံခြုံရေးစစ်ဆေး



**စလင်း မတ် ၁၄**

မကွေးတိုင်းဒေသကြီး စလင်းမြို့နယ်၌ ၂၀၂၄-၂၀၂၅ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲကာလ မီးဘေးလုံခြုံရေးအတွက် မတ် ၁၂ ရက်က အထက(တပ်တွင်း)နှင့် အမှတ်(၁)အခြေခံပညာ အထက်တန်းကျောင်းသို့ မြို့နယ်မီးသတ်ဦးစီးမှူး ဦးဝင်းဗိုလ် ဦးဆောင်သော မီးသတ်တပ်ဖွဲ့ဝင်များ ပူးပေါင်းအဖွဲ့က ကွင်းဆင်းစစ်ဆေးသည်။

စလင်းမြို့နယ်၌ စာစစ်ဌာနလေးခုရှိရာ အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်းစာစစ်ဌာနတွင် ၅၀၈ ဦး၊ အထက(ဆင်ဖြူကျွန်း) စာစစ်ဌာနတွင် ၄၆၇ ဦး၊ အထက(တညောင်) စာစစ်ဌာနတွင် ၁၆၁ ဦး၊ အထက(တပ်တွင်း) စာစစ်ဌာနတွင် ၈၆ ဦး စုစုပေါင်း ကျောင်းသားကျောင်းသူ ၁၂၂၂ ဦး ဖြေဆိုသွားမည်ဖြစ်ကြောင်း သိရသည်။

**မောင်လွင်(စလင်း)**

## PDF Game ဆော့ကစားခြင်းကြောင့် ဥပဒေအရအရေးယူခံရနိုင်သည်

အကြမ်းဖက်လုပ်ငန်းများဆောင်ရွက်နေသည့် PDF အဖွဲ့များအား တစ်ဖက်တစ်လမ်းမှ ထောက်ပံ့လှူဒါန်းစေရန်၊ လူငယ်လူရွယ်များ၏ မသိစိတ်များအတွင်း တပ်မတော် အပေါ် အထင်အမြင်လွဲမှားစေရန်နှင့် တော်လှန်လိုစိတ်တိုးပွားလာစေရန် စသည့် ရည်ရွယ်ချက်များဖြင့် NUG,CRPH လက်အောက်ခံ အကြမ်းဖက်အဖွဲ့အစည်းများက PDF Game Application များ တီထွင်ဖန်တီးအသုံးပြုလျက်ရှိကြောင်း စိစစ်တွေ့ရှိရသည့်အတွက် PDF Game ဆော့ကစားခြင်းသည် အကြမ်းဖက်အဖွဲ့အား ထောက်ပံ့ခြင်းဖြစ်၍ ဥပဒေအရ အရေးယူခံရနိုင်ကြောင်း အသိပေးအပ်ပါသည်။

## အမုန်းစကားကို ဆန့်ကျင်ကြ၊ တားဆီးကြရမည်

လူမျိုး၊ ကိုးကွယ်ရာဘာသာ၊ ကျား/မ(သို့မဟုတ်) မည်သူမည်ဝါဖြစ်သည်ဆိုသည့် အကြောင်းအရာတို့အပေါ် အခြေပြု၍ လူပုဂ္ဂိုလ်တစ်ဦး(သို့မဟုတ်) လူအုပ်စုတစ်စုကို မှျတမှုမရှိစွာ ဝေဖန်သည့် (သို့မဟုတ်) မလိုမုန်းထားမှုကို ဖော်ပြသည့်ဆက်ဆံမှုတစ်မျိုးမျိုးကို ရည်ညွှန်းပြီး အကြမ်းဖက်ရန် လှုံ့ဆော်ခြင်းသည် အမုန်းစကားပင် ဖြစ်သည်။

အမုန်းစကားပြန့်ပွားခြင်းသည် လူ့အဖွဲ့အစည်းအတွင်း ခွဲခြားဆက်ဆံမှုနှင့် အကြမ်းဖက်မှုကို ဖြစ်ပေါ်စေပြီး ဂုဏ်သိက္ခာရှိစွာနေထိုင်ရန်နှင့် ငြိမ်းချမ်းပြီး ညီညွတ်သည့် လူ့အဖွဲ့အစည်းတည်ဆောက်ရန် မျှော်မှန်းချက်တို့ကို ထိခိုက်စေသည့်အပြင် အကျင့်စာရိတ္တကိုလည်း ထိပါးစေသည်။

သို့ဖြစ်၍ ပြည်သူများအနေဖြင့် အမုန်းစကားများကို ရှုတ်ချရန်နှင့်တားဆီးရန် စီမံဆောင်ရွက်ရမည်။ အမုန်းစကားဆန့်ကျင်သည့် လှုပ်ရှားမှုများတွင် အားလုံးပါဝင်ရန်နှင့် ပံ့ပိုးအားပေးရမည်။

## သထုံမြို့နယ်၌ (၅၁)နှစ်မြောက် မွန်ပြည်နယ်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် နှစ်ထပ်ကျောင်းသစ်ဖွင့်

**သထုံ မတ် ၁၄**

မွန်ပြည်နယ် သထုံမြို့နယ်၌ (၅၁)နှစ်မြောက် မွန်ပြည်နယ်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ပေါ်တော်မူကျေးရွာ အခြေခံပညာမူလတန်းလွန်ကျောင်း နှစ်ထပ်ကျောင်းဆောင်သစ်ဖွင့်ပွဲကို ယနေ့နံနက်က အဆိုပါ ကျောင်းဆောင်သစ်၌ ပြုလုပ်သည်။



အခမ်းအနားတွင် ကျောင်းဆောင်သစ်ကို သထုံခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးရဲနိုင်၊ ခရိုင်စီမံအုပ်ချုပ်ရေး အဖွဲ့ဝင် ဦးမောင်မောင်မြင့်၊ ခရိုင်ပညာရေးမှူး ဦးခဲမိုင်း၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဇော်မိုးစိုး၊ မြို့နယ်ပညာရေးမှူး ဦးမြင့်ထွေးနှင့် ကျောင်းအုပ်ဆရာမကြီး ဒေါ်အိအိမင်းဦးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ယင်းနောက် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌက အမှာစကားပြောကြားပြီး တာဝန်ယူဆောင်ရွက်ခဲ့သည့် Mother Land and Development Company မှ တာဝန်ရှိသူတစ်ဦးက ကျောင်းဆောင်သစ်အား လွှဲပြောင်းပေးအပ်ရာ မြို့နယ်ပညာရေးမှူးက လက်ခံရယူသည်။

ပေါ်တော်မူကျေးရွာအခြေခံပညာမူလတန်းလွန်ကျောင်းတွင် ၂၀၂၄-၂၀၂၅ ပညာသင်နှစ်၌ ကျောင်းသားကျောင်းသူ စုစုပေါင်း ၆၀၀ ခန့် ပညာသင်ကြားခဲ့ကြပြီး ကျောင်းသား ကျောင်းသူများ စိတ်အေးချမ်းမြေ့စွာ ပညာသင်ကြားနိုင်ရေးအတွက် အဆိုပါ ကျောင်းဆောင်သစ်ကို ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေဖြင့် အလျားပေ ၁၀၀၊ အနံပေ ၃၀ ရှိ RC နှစ်ထပ်အဆောက်အအုံ တည်ဆောက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

## ရွှေတောင်မြို့နယ်၌ နွေစပါးလက်ဆွဲကောက်စိုက်စက်ဖြင့် နွေစပါး (ဗီယက်နမ်) မျိုး စိုက်ပျိုးသရုပ်ပြ

**ရွှေတောင် မတ် ၁၄**

ပဲခူးတိုင်းဒေသကြီး ရွှေတောင်မြို့နယ် မင်းကွန်းကျေးရွာအုပ်စု မင်းကွန်းကျေးရွာနှင့် တပ်သစ်ကျေးရွာ ကွင်းအမှတ် ( ၄၄၂ A/ ၄၈၆) စနစ်ကျစက်မှုလယ်ယာကွင်းအတွင်းရှိ တောင်သူ ဦးကျော်လွင်၏ လယ်မြေတွင် ယနေ့နံနက်ပိုင်းက လက်ဆွဲကောက်စိုက်စက် (အင်ဂျင်ပါ)၊ လက်ဆွဲကောက်စိုက်စက်(အင်ဂျင်မပါ)ဖြင့် နွေစပါး(ဗီယက်နမ်) စပါးမျိုး စိုက်ပျိုးသရုပ်ပြအခမ်းအနားကျင်းပသည်။

အခမ်းအနားတွင် ပြည်ခရိုင်စက်မှုလယ်ယာဦးစီးဌာနနှင့် ရွှေတောင်မြို့နယ် စိုက်ပျိုးရေးမွေးမြူရေးကြီးကြပ်မှုကော်မတီတို့မှ လက်ဆွဲကောက်စိုက်စက်(အင်ဂျင်ပါ)၊ လက်ဆွဲကောက်စိုက်စက်(အင်ဂျင်မပါ) ဖြင့် နွေစပါး(ဗီယက်နမ်) စပါးမျိုး လက်တွေ့စိုက်ပျိုးခြင်းများ သရုပ်ပြဆောင်ရွက်သည်။

အခမ်းအနားသို့ ရွှေတောင်မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ၊ မြို့နယ်စိုက်ပျိုးရေးမွေးမြူရေးကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဦးဟံဝင်းအောင်နှင့် အဖွဲ့ဝင်များ၊ ပြည်ခရိုင်စက်မှုလယ်ယာဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးကိုကို၊ ကြာနီကန်ရပ်ကွက်၊ မင်းကွန်းကျေးရွာအုပ်စု၊ အိုးထိမ်းကုန်းကျေးရွာအုပ်စု၊ မယားမာန်ကျေးရွာအုပ်စု၊ ကြို့ကုန်းကျေးရွာအုပ်စုတို့ရှိ တောင်သူများ တက်ရောက်ကြောင်း သိရသည်။

**ကိုကိုမင်း(ပြန် /ဆက်)**



## MNL-2 Promotion Amateur Club Tournament 2025 ပြိုင်ပွဲ အုပ်စုပထမနေ့ စတင်ကျင်းပ

**ရန်ကုန် မတ် ၁၄**

MNL-2 Promotion Amateur Club Tournament 2025 ပြိုင်ပွဲ အုပ်စုပထမနေ့ကို မတ် ၁၄ ရက်က စတင်ကျင်းပရာ Zan United အသင်း၊ Enjoy Brother အသင်းတို့ နိုင်ပွဲရရှိသည်။



Enjoy Brother အသင်းနှင့် W United အသင်း ယှဉ်ပြိုင်စဉ်။

နံနက်ပိုင်းကျင်းပသည့်ပွဲတွင် Happy Friendship အသင်းနှင့် Young Boy အသင်း တစ်ဂိုးစီ သရေကျပြီး ညနေပိုင်းကျင်းပသည့်ပွဲများတွင် Enjoy Brother အသင်းက W United အသင်းကို လေးဂိုးပြတ်၊ Zan United အသင်းက Asia Lion အသင်းကို သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။ ပြိုင်ပွဲ ဒုတိယနေ့ကို မတ် ၁၅ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်ပြီး နံနက် ၈ နာရီခွဲတွင် မြရောအသင်းနှင့် အင်းစိန်စီးတီးအသင်း၊ ညနေ ၄ နာရီတွင် 10/Mon အသင်းနှင့် TKG Hmawbi အသင်း ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

ပြိုင်ပွဲကို အုပ်စုနှစ်ခုခွဲ၍ ကျင်းပမည်ဖြစ်ပြီး အုပ်စု (A) တွင် Young Boy အသင်း၊ Zan United အသင်း၊ Enjoy Brother အသင်း၊ Happy Friendship အသင်း၊ W United အသင်း၊ Asia Lion အသင်း၊ အုပ်စု (B) တွင် TKG Hmawbi အသင်း၊ အင်းစိန်စီးတီးအသင်း၊ YRFA အသင်း၊ 10/Mon အသင်းနှင့် မြရောအသင်းတို့ ပါဝင်နေသည်။ အုပ်စုတစ်ခုစီမှ အမှတ်အများဆုံး နှစ်သင်းစီမှာ ဆီမီးဖိုင်နယ် တက်ရောက်ခွင့်ရမည်ဖြစ်ပြီး ဗိုလ်လုပွဲရောက် နှစ်သင်းမှာမူ ခြေစစ်ပွဲအောင်မြင်မည်ဖြစ်ကာ လာမည့်ရာသီ MNL-2 သို့ တန်းတက်ခွင့်ရမည် ဖြစ်သည်။

**ရဲရင့်လွင်**

✻ ကျောဖုံးမှ

သွင်းယူပေးခဲ့သည်။ မန်ယူအသင်းကလည်း ချေပဂိုးရရှိရေး ကြိုးပမ်းလာခဲ့ရာ ပွဲချိန် ၁၆ မိနစ်တွင် ရရှိခဲ့ပြီး အသင်းခေါင်းဆောင် ဖာနန်ဒက်စ်က ပယ်နယ်တီမှတစ်ဆင့် သွင်းယူပေးခဲ့သည်။ ချေပဂိုးရရှိပြီးနောက် မန်ယူအသင်းက သိသိသာသာ ဖိအားပေးနိုင်ခဲ့ပြီး ပွဲကိုထိန်းချုပ်ကစားနိုင်ခဲ့သည်။ ပွဲချိန် မိနစ် ၅၀ တွင် မန်ယူအသင်းအတွက် ဒုတိယအကြိမ်ရရှိသည့် ပယ်နယ်တီကို ဖာနန်ဒက်စ်က အမှားအယွင်းမရှိ အဆုံးသတ်သွင်းယူနိုင်ခဲ့သည်။ ပွဲချိန် ၆၃ မိနစ်တွင် ဆိုစီဒက်အသင်းမှ လူစားဝင်ခံစစ်ကစားသမား အရမ်ဘူရူ တိုက်ရိုက်အနီကတ်ပြထုတ်ပယ်ခံခဲ့ရသည့်အတွက် လက်ကျန်ပွဲချိန်များကိုတစ်ယောက်လျော့ဖြင့် ဆက်လက်ယှဉ်ပြိုင်ကစားခဲ့ရသည်။ မန်ယူအသင်းအတွက် တတိယဂိုးနှင့် စတုတ္ထဂိုးကို ပွဲကစားချိန် ၈၇ မိနစ်နှင့် မိနစ် ၉၀ တွင် ဖာနန်ဒက်စ်နှင့် ဒါးလော့သ်တို့က သွင်းယူပေးခဲ့သည်။ ယခုပွဲစဉ်တွင် မန်ယူအသင်းကစားသမား ဖာနန်ဒက်စ် အထူးခြေစွမ်းပြသနိုင်ခဲ့ပြီး ဟက်ထရစ် သွင်းဂိုးရယူနိုင်ခဲ့သည်။

အခြားပွဲစဉ်ရလဒ်များတွင် ဘီလ်ဘာအိုက ရိုးမားကို သုံးဂိုး - တစ်ဂိုး၊ ဖရန့်ဖတ်က အိုင်းယက်စ်ကို လေးဂိုး-တစ်ဂိုး၊ အိုလံပီယာကော့စ်က ဘိုဒိုဂလင့်ကို နှစ်ဂိုး-တစ်ဂိုး၊ လိုင်ယွန်က FCSB ကို လေးဂိုး-ဂိုးမရှိ၊ ဗီနာဘာချီက ရိန်းဂျားကို နှစ်ဂိုး-ဂိုးမရှိ၊ စပါးက အယ်ခမာကို သုံးဂိုး-တစ်ဂိုးဖြင့် အသီးသီး နိုင်ပွဲရရှိခဲ့ပြီး လာဇီယိုနှင့် ပီလ်ဇာန်အသင်း ပွဲစဉ်တွင် တစ်ဖက်တစ်ဂိုးစီ သရေကျခဲ့သည်။ ယူရိုပါလိဂ်ဒုတိယအကျော့ပွဲစဉ်များ ယှဉ်ပြိုင်ကစားအပြီးတွင် နှစ်ကျော့ပေါင်း ရလဒ်ဖြင့် ဘီလ်ဘာအို၊ ဖရန့်ဖတ်၊ လာဇီယို၊ ဘိုဒိုဂလင့်၊ လိုင်ယွန်၊ ရိန်းဂျား၊ စပါးအသင်းတို့ နောက်တစ်ဆင့် တက်လှမ်းနိုင်ခဲ့သည်။

**အောင်ဇော်**

အိမ်ပြင်ပ၌ထွန်းသော မီးများကို နေ့အလင်းရောင်ရှိချိန်တွင် ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကိုချွေတာပါ။

## ရှေးဦးပြုစုခြင်းအခြေခံသင်တန်း အမှတ်စဉ် ၁/၂၀၂၅ ဖွင့်လှစ်

**ရန်ကုန် မတ် ၁၄**

ရှေးဦးပြုစုခြင်း အခြေခံသင်တန်း အမှတ်စဉ် ၁/၂၀၂၅ ဖွင့်ပွဲကို ယနေ့ နံနက်ပိုင်းက ကမာရွတ်ခရိုင် အထွေထွေ အုပ်ချုပ်ရေးမှူးရုံး၌ ကျင်းပရာ ကမာရွတ်ခရိုင်စီမံ အုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမြင့်ဝေ တက်ရောက်အမှာစကား ပြောကြားသည်။



အဆိုပါသင်တန်းကို ကမာရွတ်ခရိုင် ကြက်ခြေနီကြီးကြပ်မှု ကော်မတီနှင့် ကမာရွတ်ခရိုင် အမျိုးသမီးရေးရာအဖွဲ့၊ ကမာရွတ်ခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့တို့ ပူးပေါင်း၍ မတ် ၁၄ ရက်မှ ၁၆ ရက်အထိ ဖွင့်လှစ်သွားမည်ဖြစ်သည်။

သင်တန်းတွင် ခရိုင်ကြက်ခြေနီမှ သင်တန်းနည်းပြ ရှစ်ဦးဖြင့် သင်တန်းသား သင်တန်းသူ ၃၀ ကို ပို့ချသင်ကြားပေးသွားမည်ဖြစ်ပြီး သင်တန်းသား သင်တန်းသူများအား အရည်အချင်းစစ်စာမေးပွဲ ပြုလုပ်သွားမည်ဖြစ်ကာ အောင်မြင်သူများကို ၁၈၁ နိုင်ငံ အသိအမှတ်ပြု အောင်လက်မှတ်ထုတ်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **ကျော်ဆန်းမြင့်(ပြန်/ဆက်)**



## အုတ်ဖိုမြို့နယ်၌ နွေစပါး (သုံးသီးထပ်)ကို တိုက်ရိုက်မျိုးစေ့ချကိရိယာဖြင့် စုပေါင်းစိုက်ပျိုး

**အုတ်ဖို မတ် ၁၄**

ပဲခူးတိုင်းဒေသကြီး အုတ်ဖိုမြို့နယ် ဂုံညင်းတန်းအုပ်စု ဂုံညင်းတန်းကျေးရွာ ကွင်းအမှတ် (၇၉၇)တွင် ယနေ့နံနက်ပိုင်းက နွေစပါး (သုံးသီးထပ်)အား တိုက်ရိုက်မျိုးစေ့ချကိရိယာ (Drum seeder) ဖြင့် စုပေါင်းစိုက်ပျိုးလျက်ရှိကြောင်း သိရသည်။

အဆိုပါ နွေစပါး (သုံးသီးထပ်) စိုက်ပျိုးမှုကို ခရိုင်စိုက်ပျိုးရေးကြီးကြပ်မှုကော်မတီဝင်များ၊ မြို့နယ်စိုက်ပျိုးကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဦးဖြိုးဝေလင်းနှင့်အဖွဲ့ဝင်များက ကြည့်ရှုအားပေးသည်။

အုတ်ဖိုမြို့နယ်၌ နွေစပါး (သုံးသီးထပ်) အား ၉၉၉၆ ဧကအထိ စိုက်ပျိုးသွားမည်ဖြစ်ကြောင်းသိရသည်။

**အောင်သူ (အုတ်ဖို)**

## အင်္ဂပူမြို့၌ မီးဘေးကြိုတင်ကာကွယ်နိုင်ရေး ရုံးဌာနများကို ကွင်းဆင်းစစ်ဆေး

**အင်္ဂပူ မတ် ၁၄**

ဧရာဝတီတိုင်းဒေသကြီး အင်္ဂပူမြို့နယ်၌ ဌာနဆိုင်ရာ ရုံးအဆောက်အအုံများ မီးဘေးအန္တရာယ် မကျရောက်စေရန်နှင့် ကြိုတင်ကာကွယ်မှုများ ဆောင်ရွက်ထားမှုကို ယနေ့ နံနက်ပိုင်းက မြို့နယ် မီးသတ်ဦးစီးဌာနက ကွင်းဆင်းစစ်ဆေးကြသည်။

ကွင်းဆင်း စစ်ဆေးရာ၌ ပွင့်လင်းရာသီ ရောက်ရှိလာပြီဖြစ်သဖြင့် မီးဘေးအန္တရာယ်ကင်းဝေးစေရန်အတွက် ဌာနဆိုင်ရာ အဆောက်အအုံများတွင် လျှပ်စစ်ဝိုင်ယာကြိုးများ စနစ်တကျသွယ်တန်းထားရှိမှု၊ မီးချိတ်၊ မီးကပ်များ၊ သဲအိတ်၊ ရေအိတ်များနှင့် အရေးပေါ်မီးငြိမ်းသတ်နိုင်ရန် မီးသတ်ဆေးဘူးများထားရှိမှုနှင့်မီးသတ်ဦးစီးဌာနမှ ထုတ်ပြန်ထားသည့် စည်းကမ်းချက်များနှင့် ကိုက်ညီမှု ရှိ/မရှိ



တို့ကို မြို့နယ်မီးသတ်ဦးစီးမှူး ဦးရဲမင်းသိန်း ဦးဆောင်သော မီးသတ် တပ်ဖွဲ့ဝင်များက ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## ပြည်ကြီးတံခွန်မြို့နယ်၌ မီးဘေးကြိုတင်ကာကွယ်ရေး အသိပညာပေး



**မန္တလေး မတ် ၁၄**

မန္တလေးတိုင်းဒေကြီး ပြည်ကြီးတံခွန်မြို့နယ်အတွင်း တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုမည့် အထက (၂၇)စာဖြေဌာန ပတ်ဝန်းကျင်ရှိ အိမ်ခြေ ၂၀၀၊ အိမ်ထောင်စု ၂၃၀ ခန့်တို့အား မီးလောင်မီးလန့်မှု မဖြစ်ပွားစေရေးအတွက် ယမန်နေ့က မြို့နယ်မီးသတ်ဦးစီးမှူး ဦးကျော်ကျော်ဦး ဦးဆောင်၍ သန္ဓေအင်အား ၁၀ ဦး၊ အရန်အင်အား ၄၀၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့်ရာအိမ်မှူးများ ပူးပေါင်းကာ တစ်အိမ်တက်ဆင်း စစ်ဆေး၍ မီးသုံးစွဲမှုများနှင့် မီးဘေးကြိုတင် ကာကွယ်ရေးအတွက် မီးချိတ်၊ မီးကပ်၊ ရေ၊ သဲနှင့် မီးသတ်ဆေးဘူးများ ပြည့်စုံစွာထားရှိစေရေးမှာကြားပြီး မီးသတိပေးလက်ကမ်းစာစောင်များဖြန့်ဝေခဲ့ကြောင်း သိရသည်။

ယယ



မြန်မာနိုင်ငံဓာတ်ပုံအသင်း (၇၅)နှစ်ပြည့် စိန်ရတုကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် လွန်ခဲ့သောနှစ်ပေါင်း ၈၀ ကျော်က ဓာတ်ပုံဆရာဦးကိုကို (လမ်းမတော်) အသုံးပြုရိုက်ကူးခဲ့သည့် ROLlEIFLEX ကင်မရာတစ်လုံးနှင့်Filder များ၊ ဆက်စပ်ပစ္စည်းများကိုကျန်ရစ်သူမိသားစုကိုယ်စား ဦးစိုးမင်း (ရန်ကင်းစိုးမင်း)က မတ် ၁၄ ရက်တွင် ပေးအပ်လှူဒါန်းရာ မြန်မာနိုင်ငံဓာတ်ပုံအသင်းဥက္ကဋ္ဌ ဦးသန်းထွန်းဦး (တက်နေဝန်း)နှင့် အသင်းအမှုဆောင်များ လက်ခံရယူစဉ်။

အာကာလင်း

## အများအားဖြင့် သာယာမည်

**နေပြည်တော် မတ် ၁၄**

တနင်္သာရီတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်တို့တွင် နေရာကျဲကျဲနှင့် စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းတွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် အများအားဖြင့် သာယာမည်။

**မိုး/ဇလ**

## ငါးမွေးမြူရေးကန်များ အပူချိန်ပြင်းထန်လွန်ကဲမှုဒဏ်မှ ကြိုတင်ကာကွယ်ရေးနှိုးဆော်ချက်

- ➢ နေအပူချိန်မြင့်မားလွန်ကဲမှုကြောင့် ငါးမွေးမြူရေးကန်များရှိ ကန်ရေများ ရေငွေ့ပြန်ပြီး ရေလျော့နည်းကျဆင်းလာသဖြင့် ကန်ထဲရှိငါးများ၏ စွန့်ပစ်အညစ်အကြေးကြောင့်သော်လည်းကောင်း၊ မွေးမြူထားသောငါးများကို အစာကျွေးလွန်ကဲသဖြင့် စားကြွင်းစားကျန်များကြောင့် သော်လည်းကောင်း၊ ရေထုညစ်ညမ်းပြီး ဆက်စပ်၍ ငါးရောဂါကျရောက်တတ်သဖြင့် ဩဇာဓာတ်ထည့်သွင်းခြင်းနှင့် ငါးအစာအလွန်အကျွံကျွေးခြင်းကို လျှော့ချပေးပါရန်။
- ➢ နံနက်ပိုင်း မိုးအုံ့သောရက်၊ နှင်းကျသောရက်များနှင့် နေထွက်နောက်ကျသောရက်များတွင် ငါးများခေါင်းထောင်လျက် ကူးခတ်ခြင်း၊ ကမ်းစပ်သို့ စုပြုံလာခြင်းမျိုးရှိပါက ငါးမွေးမြူကန်သည်ညဘက်နှင့် နံနက်စောစောတို့တွင် အောက်ဆီဂျင်လျော့နည်းမှုဖြစ်ပွားနေသဖြင့် ကန်အတွင်းသို့ ရေသစ်သွင်းခြင်း၊ ရေပန်းချခြင်း၊ ရေဒလက်များမောင်းပေးခြင်း၊ မွေးမြူကန်အတွင်း လေလှော်ပေးခြင်းစသည့် နည်းလမ်းများအား ရေတွင် ပျော်ဝင်အောက်ဆီဂျင် မြင့်တက်စေရေး ဆောင်ရွက်ပေးပါရန်။
- ➢ ငါးမွေးမြူရေးကန်များ နေအပူချိန်လွန်ကဲမှုကြောင့် ရေခန်းလာပါက သန့်ရှင်းသောရေသစ်များ ဖြည့်သွင်းပေးပါရန်။
- ➢ ရေသစ်သွင်းရန် အခက်အခဲရှိပါက မွေးမြူထားသောငါးများကို အရေအတွက်လျှော့ချမွေးမြူရန်။
- ➢ အပူချိန်ပြင်းပြသည့် အချိန်များဖြစ်သည့် နေ့လယ်ပိုင်းတွင် ငါးများကန်ပြောင်းရွှေ့ခြင်းမပြုရန်။
- ➢ ကန်ရေအရည်အသွေးသတ်မှတ်ချက်ဖြစ်သည့် ရေကြည်နှုန်း (၂၅-၄၀) စင်တီမီတာအတွင်း ရှိနေစေရန် (မိမိလက်ကို တံတောင်ဆစ်အထိ ရေတွင်နှစ်၍ လက်ဝါးကိုဖြန့်ပါက ခပ်ရေးရေးမြင်ရသော အခြေအနေရှိရပါမည်)။
- ➢ ကန်ရေအပူချိန်မြင့်မားသောအချိန်များတွင် ရေထုညစ်ညမ်းမှုဖြစ်စေသည့် ကစော်ဖတ်၊ ဝါစေ့ဖတ်များ ကျွေးခြင်းကို ရှောင်ကြဉ်၍ ပုံမှန်အစာများကိုသာ ချိန်ဆကျွေးပါရန်။
- ➢ အစာကျွေးပြီးပါက အစာကျန်များရှိ/မရှိကို ပုံမှန်စစ်ဆေးပါရန်။
- ➢ မွေးမြူရေးကန်အား လိုအပ်ပါက ရေသစ်လဲလှယ်နိုင်ရေးအတွက် ရေကောင်းရေသန့်သိုလှောင်သည့် အရန်ကန်စီစဉ်ထားရှိပြီး ရေများရနိုင်သမျှ သိုလှောင်ထားပါရန်။
- ➢ ကန်အခြေအနေနှင့် ရေအရည်အသွေးပြောင်းလဲမှုအခြေအနေများကို နေ့စဉ် နံနက် (၆) နာရီ၌ ပုံမှန်စစ်ဆေးပါရန်။
- ➢ ငါးမွေးကန်၌ ပုံမှန်မဟုတ်သော အခြေအနေပြောင်းလဲခြင်းမျိုးများ ဖြစ်ပေါ်လာသည်ကို တွေ့ရှိရပါက အနီးဆုံးငါးလုပ်ငန်းဦးစီးဌာနသို့ ဆက်သွယ်ဆောင်ရွက်ပါရန်။

**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန**
**ငါးလုပ်ငန်းဦးစီးဌာန**

# အလုံမြို့နယ်၌ (၃၉) ကြိမ်မြောက် စူဠဘွဲ့နှင်းသဘင်ကျင်းပ

**ရန်ကုန် မတ် ၁၄**

ရန်ကုန်တိုင်းဒေသကြီး အလုံမြို့နယ် ဆင်မင်းရပ်ကွက် ကွင်းကျောင်း ပရိယတ္တိစာသင်တိုက်ပညာသီရိဗိမာန်တော်ကြီး၌ (၃၉)ကြိမ်မြောက် စူဠဘွဲ့နှင်းသဘင်အခမ်းအနားကို မတ် ၁၂ ရက်က ကျင်းပသည်။

အခမ်းအနားသို့ မြို့နယ်ဩဝါဒါစရိယဆရာတော်ကြီးနှင့် မြို့နယ်သံဃနာယက အဖွဲ့ဝင်ဆရာတော်များ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးရဲကိုကိုနှင့် အဖွဲ့ဝင်များ၊ မြို့နယ်ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ တက်ရောက်ပြီး ဦးစွာ ဩဝါဒါစရိယဆရာတော်ကြီးထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြသည်။

ဆက်လက်၍ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌက သာသနာရေးဆိုင်ရာများ လျှောက်ထားပြီး ဆရာတော် သံဃာတော်များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

ထို့နောက် ကျောင်းတိုက်ရှစ်တိုက်မှ စာအောင်သံဃာတော်များအား အောင်လက်မှတ်နှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

**တင်ဝင်းလေး(ကြည့်မြင်တိုင်)**



# ပုသိမ်မြို့နယ်၌ လူမှုစီးပွားမြှင့်တင်ရေးစီမံကိန်း (Pilot Project) မွေးမြူရေးလုပ်ငန်းများ အောင်မြင်

**ပုသိမ် မတ် ၁၄**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့နယ် ပျဉ်းကတိုးကုန်းကျေးရွာအုပ်စု စိုင်ခြံကျေးရွာရှိ အားမာန်မွေးမြူရေးနှင့် အထွေထွေလုပ်ငန်း သမဝါယမအသင်းမှ လူမှုစီးပွားမြှင့်တင်ရေးစီမံကိန်းအဖြစ် နို့စားနွားမွေးမြူရေးလုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးခန့်ဇော်သည် ယနေ့နံနက်ပိုင်းက ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

အသင်းဥက္ကဋ္ဌက (၂၀၂၄-၂၀၂၅)ဘဏ္ဍာနှစ် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေဖြင့် လူမှုစီးပွားမြှင့်တင်ရေးစီမံကိန်းအဖြစ် မွေးမြူရေးလုပ်ငန်းအတွက် ငွေကျပ် ၁၈ ဒသမ ၉၅ သန်း အရင်းမပျောက် လည်ပတ်ငွေအဖြစ် ပံ့ပိုးချေးငွေရရှိမှုအခြေအနေ၊ လုပ်ငန်းအောင်မြင် တိုးတက်မှုနှင့် အသင်းသားများအတွက် အကျိုးကျေးဇူးရရှိမှုအခြေအနေများကို တင်ပြရာ အမြဲတမ်းအတွင်းဝန်က ပေါင်းစပ်ညှိနှိုင်းပေးကြောင်း သိရသည်။

**ခရိုင် (ပြန်/ဆက်)**



# မြနန်းစံကျော်ရွှေနန်းတော်နှင့် ရွှေနန်းတော်ကျောင်းသို့ လာရောက်လေ့လာသူ ည့်သည် ငါးသောင်းကျော်ရှိ

**မန္တလေး မတ် ၁၄**

မန္တလေးမြို့ရှိ မြနန်းစံကျော်ရွှေနန်းတော်နှင့် မန္တလေးတောင်ခြေအနီးရှိ ရွှေနန်းတော်ကျောင်း (ရွှေကျောင်းကြီး) သို့ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ဖေဖော်ဝါရီလအထိ လာရောက်လေ့လာကြသည့် ပြည်တွင်းပြည်ပဧည့်သည် စုစုပေါင်း ၅၈၂၀၄ ဦး ရှိကြောင်း ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန(မန္တလေးဌာနခွဲ)မှ သိရသည်။

အဆိုပါ မြနန်းစံကျော်ရွှေနန်းတော်နှင့် ရွှေနန်းတော်ကျောင်းသည် နှစ်ပေါင်း ၁၆၅ နှစ်ရှိပြီဖြစ်သော ရှေးဟောင်းအဆောက်အအုံများဖြစ်ပြီး ရှေးဟောင်းမြန်မာ့လက်မှု အနုပညာကို လေ့လာသူများနှင့် အပန်းဖြေအနားယူသူများ လာရောက်ကြသည်။

"လာရောက်သူတွေက ရှေးမြန်မာတို့ရဲ့ လက်မှုအနုပညာတွေကို လေ့လာကြသလို နန်းတော်ဆောင်တွေကြည့်ပြီး အံ့ဩကြတယ်။ နန်းတော်ဝန်းကျင်မှာလည်း သန့်ရှင်းလှပတဲ့ မြက်ခင်းတွေနဲ့ဆိုတော့ ဓာတ်ပုံရိုက်ကြ၊ အနားယူကြတယ်။ ရုံးပိတ်ရက်၊ ကျောင်းပိတ်ရက်တွေမှာ လာရောက်တဲ့သူ ပိုများတယ်။ ရွှေနန်းတော်ကျောင်းမှာဆိုရင်လည်း ရှေးဟောင်းလက်ရာတွေနဲ့ ဓာတ်ပုံရိုက်ကြတာများတယ်" ဟု ယင်းဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

မြနန်းစံကျော် ရွှေနန်းတော်နှင့် ရွှေနန်းတော်ကျောင်းသို့ ဝင်ရောက်လေ့လာသည့် စာရင်းများအရ ပြည်ပဧည့်သည် ၄၉၉၃ ဦးနှင့် ပြည်တွင်းဧည့်သည် ၅၃၂၁၁ ဦးဖြစ်ပြီး ပြည်တွင်းဧည့်သည်စာရင်းများအရ မြနန်းစံကျော်ရွှေနန်းတော်သို့ ဝင်ရောက်သူ ၁၄၁၄၅ ဦးနှင့် ရွှေနန်းတော်ကျောင်းသို့ ဝင်ရောက်သူ ၃၉၀၆၆ ဦးဖြစ်သည်ဟု သိရသည်။

"ရွှေနန်းတော်မှာ ဝင်ရောက်လေ့လာမယ်ဆိုရင် ဝင်ကြေးအနေနဲ့ လူကြီးတစ်ဦးကို ငွေကျပ် ၅၀၀ သတ်မှတ်ပြီး ကလေးနဲ့ ကျောင်းသား ကျောင်းသူတွေဆိုရင် အခမဲ့ဝင်ရောက်လေ့လာခွင့်ရှိပါတယ်။ ရွှေကျောင်းကြီးမှာလည်း အဲဒီအတိုင်း ဝင်ကြေးသတ်မှတ်ထားပါတယ်။ ပြည်ပခရီးသွားတွေအနေနဲ့ မန္တလေးဇုန်ဝင်ကြေး ပေးသွင်းပြီးရင် ရွှေနန်းတော်၊ ရွှေနန်းတော်ကျောင်းနဲ့ ဗားကရာကျောင်းအပါအဝင် ဝင်ရောက်လေ့လာနိုင်ပါတယ်"ဟု ၎င်းက ဆက်လက်ပြောကြားသည်။



ရွှေနန်းတော်၊ ရွှေနန်းတော်ကျောင်းနှင့် ဗားကရာကျောင်း (အမရပူရ)ပါဝင်သော မန္တလေးဇုန်ဧရိယာတွင် ပြည်ပခရီးသွားတစ်ဦးလျှင် ဇုန်ဝင်ကြေး ငွေကျပ် ၁၅၀၀၀ ကောက်ခံကြောင်းနှင့် ရွှေနန်းတော်နှင့် ရွှေနန်းတော်ကျောင်းကြီးသို့ ဝင်ရောက်လေ့လာမည့် ပြည်တွင်းဧည့်သည်များအား ဝင်ကြေးမှာ တစ်ဦးလျှင် ငွေကျပ် ၅၀၀ ကောက်ခံကြောင်း သိရသည်။

**မင်းထက်အောင်**
**(မန်းကိုယ်ပွား)**

# မွန်ပြည်နယ်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် သထုံမြို့နယ်၌ အထူးကုဆရာဝန်ကြီးများနှင့်အဖွဲ့ နယ်လှည့်ကွင်းဆင်း ဆေးကုသ

**သထုံ မတ် ၁၄**

မွန်ပြည်နယ် သထုံမြို့နယ်၌ (၅၁)နှစ်မြောက် မွန်ပြည်နယ်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ပြည်နယ်အစိုးရအဖွဲ့၏ ဦးဆောင်မှုဖြင့် ပြည်နယ်ကုသရေးဦးစီးဌာနနှင့် ပြည်သူ့ကျန်းမာရေးဦးစီးဌာနတို့ ပူးပေါင်းကာ နောင်ဘိုကျေးရွာနှင့် အနီးဝန်းကျင်ကျေးရွာတို့မှ ပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို ယနေ့ နံနက်က အဆိုပါကျေးရွာရှိ ကဿဖဘုန်းတော်ကြီးကျောင်းဓမ္မာရုံ၌ ဆောင်ရွက်ကြသည်။

နယ်လှည့်ကုသရာတွင် မွန်ပြည်နယ်ကုသရေးဦးစီးဌာနမှူး ဒေါက်တာ မြင့်မိုရ်စိုး၊ သထုံခရိုင်ပြည်သူ့ဆေးရုံအုပ်ကြီး ဒေါက်တာ ကျော်ဝင်းဇော်နှင့် ခရိုင်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာ သန်းဦးတို့ ဦးဆောင်သည့် အရိုး၊ သွား၊ သားဖွားမီးယပ်၊ ကလေးအထူးကုဆရာဝန်ကြီးများ၊ ခွဲစိတ်ဆရာဝန်ကြီးနှင့် အထွေထွေရောဂါကုသမားတော်ကြီးများပါဝင်သည့် အထူးကုဆေးကုသရေးအဖွဲ့တို့က ပြည်သူများအား ကျန်းမာရေးစစ်ဆေးကုသခြင်းနှင့် လိုအပ်သည့်ဆေးဝါးများ အခမဲ့ပေးအပ်ခြင်း၊ လိုအပ်သည့်ဆေးကုသမှုများ ညွှန်ကြားပေးခြင်း၊ ကျန်းမာရေးအသိပညာပေးခြင်း စသည်တို့ကို ဆောင်ရွက်ပေးကြရာ ကျေးရွာနေပြည်သူ စုစုပေါင်း ၂၀၈ ဦးခန့်အား စစ်ဆေးကုသပေးခဲ့ကြောင်း သိရသည်။

**ခရိုင် (ပြန်/ဆက်)**



# ရန်ကုန်တိုင်းဒေသကြီး၌ တက္ကသိုလ်ဝင်စာမေးပွဲ စာစစ်ဌာန ၉၁ ခု ဖွင့်လှစ်မည်

**ရန်ကုန် မတ် ၁၄**

ရန်ကုန်တိုင်း ဒေသကြီးအတွင်း ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက် ၁၁ နာရီက ရန်ကုန်တိုင်းဒေသကြီး အလုံမြို့နယ်ရှိ အမှတ်(၄) အခြေခံပညာ အထက်တန်းကျောင်း သီရိရတနာခန်းမ၌ ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး ဦးဌေးအောင်၊ ရန်ကုန်တိုင်းဒေသကြီး ပညာရေးမှူးရုံး ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာ ချိုချိုမြတ်အောင်၊ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ စာစစ်ဌာနများမှ ကျောင်းအုပ်ကြီးများ တက်ရောက်ကြသည်။

ဦးစွာ ရန်ကုန်တိုင်းဒေသကြီး ပညာရေးမှူးရုံး ဒုတိယညွှန်ကြားရေးမှူးချုပ်က ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ စာစစ်ဌာနများတွင် တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ဆောင်ရွက်ထားရှိမှုများကို ရှင်းလင်းပြောကြားပြီး တိုင်းဒေသကြီးလူမှုရေးရာဝန်ကြီးက တိုင်းဒေသကြီးအတွင်း တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် လိုအပ်သည်များကို မှာကြားသည်။



ထို့နောက် တက်ရောက်လာကြသည့် စာစစ်ဌာနများမှ ကျောင်းအုပ်ကြီးများက အထွေထွေဆွေးနွေးကြပြီး ရန်ကုန်တိုင်းဒေသကြီးအတွင်း၌ စာစစ်ဌာန ၉၁ ခု ဖွင့်လှစ်သွားမည်ဖြစ်ရာ တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုရန် ကျောင်းသား ကျောင်းသူ ၃၉၂၆၃ ဦး စာရင်းပေးသွင်းထား ကြောင်း သိရသည်။

**အောင်မြင့်(ပြန်/ဆက်)**

**မလိုအပ်သော မီးများကို ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ။**

# မွန်ပြည်နယ်အတွင်း တက္ကသိုလ်ဝင်စာမေးပွဲ စာစစ်ဌာန ၂၃ ခု၌ ကျောင်းသား ကျောင်းသူ ၉၃၀၀ ခန့် ဖြေဆိုရန် စာရင်းပေးထား

**မော်လမြိုင် မတ် ၁၄**

မွန်ပြည်နယ်အစိုးရအဖွဲ့ရုံး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ မွန်းလွဲပိုင်းက မော်လမြိုင်မြို့ ပြည်နယ်အစိုးရအဖွဲ့ရုံး အောင်ဆန်းခန်းမ၌ ကျင်းပရာ မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်း၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ကျော်လင်းမောင်၊ ပြည်နယ်ဝန်ကြီးများနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်းက မတ် ၁၇ ရက်မှ ၂၂ ရက်အထိ တက္ကသိုလ်ဝင်စာမေးပွဲများဖြေဆိုကြမည့် ကျောင်းသား ကျောင်းသူများ စိတ်အေးချမ်းသာစွာနှင့် ဘေးကင်းလုံခြုံစွာ စာမေးပွဲဖြေဆိုနိုင်ရေးအတွက် သက်ဆိုင်ရာ လုံခြုံရေးတပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာအဖွဲ့အစည်းများ၊ တာဝန်ရှိသူများက အနှောင့်အယှက်ကင်းရှင်းစွာ ဖြေဆိုနိုင်ရေးအတွက် အားလုံးဝိုင်းဝန်း ပူးပေါင်းကူညီဆောင်ရွက်ကြရန်၊ မွန်ပြည်နယ်၌ စာစစ်ဌာန ၂၃ ခုရှိပြီး ကျောင်းသား ကျောင်းသူ ၉၃၅၃ ဦး ဖြေဆိုမည်ဟု စာရင်းပေးသွင်းထားကြောင်း၊ စာမေးပွဲဖြေဆိုသည့် ကာလအတွင်း ကျောင်းသား ကျောင်းသူများအနေဖြင့် သက်ဆိုင်ရာ စာဖြေဌာနများသို့ သွားလာမှုအဆင်ပြေစေရေး၊ မော်တော်ယာဉ်လိုင်းများ တိုးချဲ့ပြေးဆွဲရေး၊ ယာဉ်ရှုပ်ထွေးသည့် နေရာများတွင် ယာဉ်ထိန်းရဲများ တာဝန်ချထားပေးရေး၊ စာမေးပွဲဆိုင်ရာလုပ်ငန်းများ လုံခြုံမှုရှိစေရေး၊ လျှပ်စစ်မီးမပြတ်တောက်စေရေး ဆောင်ရွက်သွားကြရန် လိုကြောင်း ပြောကြားသည်။

ထို့နောက် အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ကျော်လင်းမောင်က ကျောင်းသား ကျောင်းသူများ တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်အောင် ဖြေဆိုနိုင်ရေးအတွက် မိမိတပ်ဖွဲ့ဝင်များ၏ လုံခြုံရေးဆောင်ရွက်ပေးမည့် အစီအစဉ်များနှင့် လိုအပ်သည်များကို ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။



ယင်းနောက် လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး ကျော်စွာမြင့်၊ ပြည်နယ်လူမှုရေးရာဝန်ကြီး ဦးစောကြည်နိုင်၊ ပြည်နယ်ဝန်ကြီးများနှင့် တက်ရောက်လာသည့် အဖွဲ့အစည်းများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများက ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်စွာဖြေဆိုနိုင်ရေးအတွက် လုပ်ငန်းကဏ္ဍအလိုက် ဆွေးနွေးတင်ပြကြရာ ပြည်နယ်ဝန်ကြီးချုပ်က လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**စည်သူ(ပြန်/ဆက်)**

# ပေါင်မြို့နယ်၌ ဖူးစားပြောင်းများ အောင်မြင်ဖြစ်ထွန်းပြီး ဈေးကောင်းရရှိ

**ပေါင် မတ် ၁၄**

မွန်ပြည်နယ် ပေါင်မြို့နယ်ရှိ ကျေးရွာများတွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဒေသခံတောင်သူများ တစ်နိုင်တစ်ပိုင်စိုက်ပျိုးထားသည့် ဖူးစားပြောင်းစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းပြီး ဈေးကောင်းရရှိကာ တောင်သူများ အဆင်ပြေလျက်ရှိသည်။



ပေါင်မြို့နယ်၌ တောင်သူအများစုက မိုးစပါးများရိတ်သိမ်းပြီးအချိန်တွင် ဟင်းသီးဟင်းရွက်စိုက်ပျိုးရေး လုပ်ငန်းများကို အားထားလုပ်ကိုင်ကြပြီး ဆောင်းသီးနှံများအနေဖြင့် ဖူးစားပြောင်း၊ ခရမ်းချဉ်၊ ပန်းဂေါ်ဖီ၊ မုန်လာဥဖြူ၊ ခရမ်းသီး၊ ရွှေဖရုံသီး၊ ကျောက်ဖရုံသီး၊ ငရုတ် စသည့်သီးနှံများကို စိုက်ပျိုးကြသည်။

စိုက်ပျိုးထားသည့် သီးနှံများ အောင်မြင်ဖြစ်ထွန်းစေရေးအတွက် စိုက်ပျိုးရေး နည်းပညာများ၊ မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးနိုင်ရေး၊ မျိုးစေ့များ ပံ့ပိုးပေးအပ်ခြင်း၊ သီးနှံပိုးမွှားရောဂါ ကြိုတင်ကာကွယ်ရေး နည်းလမ်းများနှင့် ကွင်းတာဝန်ခံ ဝန်ထမ်းများက ကြီးကြပ် ဆောင်ရွက်ပေးလျက်ရှိကြောင်း မြို့နယ်စိုက်ပျိုးရေး ဦးစီးဌာနမှ သိရသည်။

ပေါင်မြို့နယ်၌ ဒေသခံတောင်သူများက သီးနှံဝင်ငွေ တိုးပွားစေရေးအတွက် ရိုးရိုးသကြားပြောင်းဖူးနှင့် ကောက်ညှင်းပြောင်းဖူးများကို အများဆုံး စိုက်ပျိုးကြကြောင်း စိုက်ပျိုးရေးတောင်သူများထံမှ သိရသည်။

**မွန်မလေး (ပြန်/ဆက်)**

# လွိုင်လင်မြို့နယ်အတွင်း စတုတ္ထအကြိမ် ဘိန်းခင်း ၃၂ ဧက ဖျက်ဆီး

**လွိုင်လင် မတ် ၁၄**

ရှမ်းပြည်နယ်(တောင်ပိုင်း) လွိုင်လင်မြို့နယ် ပင်လုံမြို့ အနောက်မြောက်ဘက်ရှိ လျှိုမြောင်များတွင် ရေသွင်းစိုက်ပျိုးထားသော ဘိန်းခင်းများကို စတုတ္ထအကြိမ်အဖြစ် မတ် ၁၂ ရက်မှစတင်၍ ရဲတပ်ဖွဲ့နှင့် သက်ဆိုင်ရာ ဌာနဆိုင်ရာများ ပူးပေါင်းအဖွဲ့က သွားရောက်ဖျက်ဆီးခဲ့သည်။

ထိုသို့ သွားရောက်ဖျက်ဆီးရာတွင် လွိုင်လင်ခရိုင် ရဲတပ်ဖွဲ့မှူး ယာယီ ဒုတိယရဲမှူးကြီး မိုးညွန့်ထွန်း ဦးဆောင်ပြီး မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး စိုးလွင်ဦး ဦးစီးသည့် ပူးပေါင်းအဖွဲ့သည် ပင်လုံမြို့ အနောက်မြောက်ဘက်ရှိ လျှိုမြောင်များအတွင်း ရေသွင်းစိုက်ပျိုးထားသော သီးပွင့်ဆဲ ဘိန်းခင်း ၃၂ ဧကကို ဖျက်ဆီးခဲ့ကြောင်း သိရသည်။

**အယ်မင်း(လွိုင်လင်)**



# ပူတာအိုခရိုင်၌ အင်္ဂလိပ်စာ ပညာဒါန သင်တန်းဖွင့်

**ပူတာအို မတ် ၁၄**

ကချင်ပြည်နယ် ပူတာအိုခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကြီးမှူး၍ ကျောင်းသား ကျောင်းသူများ အခြေခံအင်္ဂလိပ်သဒ္ဒါကို တတ်မြောက်နိုင်ရန်အတွက် ပညာဒါနအဖြစ် အလယ်တန်းအဆင့် အခြေခံအင်္ဂလိပ်သဒ္ဒါ သင်တန်းဖွင့်ပွဲအခမ်းအနားကို ယနေ့ မွန်းလွဲပိုင်းက ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာနခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်တင်တင်ချိုက သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်များကို ပြောကြားသည်။

အဆိုပါသင်တန်းသို့ ပူတာအိုမြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများမှ သင်တန်းသားသင်တန်းသူ ၄၀ တို့ကို နှစ်လကြာ သင်ကြားပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

**ဖုန်ကန်(ပူတာအို)**

## အများပြည်သူသို့ အသိပေးကြေညာချက်

၁။ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သည် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးလုပ်ငန်းများကို ထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် ကော်မရှင်အပါအဝင် ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများတွင် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါသည်။

၂။ ကော်မရှင်အနေဖြင့် သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများ၏ ကြီးကြပ်မှုအောက်ရှိ အများပြည်သူနှင့် ဆက်သွယ်ဆောင်ရွက်လျက်ရှိသော ရုံး/ဌာနများတွင် ဝန်ဆောင်မှုရယူခဲ့ကြသော ပြည်သူများ၏ တယ်လီဖုန်းများသို့ Short Code နံပါတ် “1111” အသုံးပြု၍ SMS မှတစ်ဆင့် မေးခွန်းများ မေးမြန်းခြင်းနှင့် တုံ့ပြန်မှုရယူခြင်းအစီအစဉ်(Public Feedback Programme–PFP) ကို အသုံးပြုဆောင်ရွက်လျက်ရှိပါသည်။

၃။ အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ်အရ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်နှင့် ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများထံမှ Short Code နံပါတ် “1111” ဖြင့် ဝန်ဆောင်မှုရယူစဉ်က ကြုံတွေ့ခဲ့ရသည့်အခြေအနေများနှင့်စပ်လျဉ်း၍ ပေးပို့မေးမြန်းလိုက်သော SMS များကို မှန်ကန်စွာ ပြန်လည်ဖြေကြားပေးခြင်းဖြင့် သက်ဆိုင်ရာဌာနအသီးသီး၏ ဝန်ဆောင်မှု လုပ်ငန်းအရည်အသွေးကို သိရှိနိုင်မည်ဖြစ်ပြီး အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအတွက် လိုအပ်ချက်များကို ပြုပြင်နိုင်မည်ဖြစ်ပါသည်။

၄။ သို့ဖြစ်ပါ၍ ပြည်သူလူထုအနေဖြင့် ကော်မရှင်နှင့် ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများရှိ အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့များက Short Code “1111” ဖြင့် SMS ပေးပို့မေးမြန်းလိုက်သောမေးခွန်းများကို ပြန်လည်ဖြေကြားပေးခြင်းသည် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးလုပ်ငန်းများတွင် တစ်ဖက်တစ်လမ်းမှ ပါဝင်ဆောင်ရွက်ခြင်းဖြစ်သဖြင့် အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ်ကို အတူတကွ ပူးပေါင်းပါဝင်ဆောင်ရွက်စေလိုပါကြောင်း အသိပေးနှိုးဆော်တင်ပြအပ်ပါသည်။




**အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်**

# တရားမဝင် သစ်မျိုးစုံ၊ လုပ်ငန်းသုံးပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ လိုင်စင်မဲ့ မော်တော်ယာဉ်များနှင့် တရားမဝင်ကုန်ပစ္စည်းတင် မော်တော်ယာဉ်များ ဖမ်းဆီးရမိ

**နေပြည်တော် မတ် ၁၄**

တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင် ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

မတ် ၁၁ ရက်နှင့် ၁၂ ရက်တို့တွင် ရောဝတီတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျ ပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မြန်အောင်ခရိုင်အတွင်း၌ စက်လှေတစ်စင်းပေါ်မှ တရားမဝင် ကျွန်းသစ် ၀ ဒသမ ၂၂၀ တန်၊ သစ်မာ ၂ ဒသမ ၁၈၀ တန်၊ အခြားသစ် ၃ ဒသမ ၄၃၂ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၁၇၃၄၁) နှင့် အဆိုပါသစ်များ တင်ဆောင်လာသည့် စက်လှေတစ်စင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၀၀၀၀၀) တို့ကို သစ်တောဥပဒေအရ လည်းကောင်း၊ ပုသိမ်မြို့ အမှတ် (၁၅) ရပ်ကွက် မြတ်တိုမီးပွိုင့်အနီး၌ လိုင်စင်မဲ့ Honda Fit မော်တော်ယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၈၀၀၀၀၀၀) ကို ပို့ကုန်သွင်းကုန်ဥပဒေအရ လည်းကောင်း၊ စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၅၁၇၃၄၁ ကို ဖမ်းဆီးအရေးယူ ဆောင်ရွက်လျက်ရှိသည်။




ကရင်ပြည်နယ်၌ ဖမ်းဆီးရရှိမှု။

ထို့ပြင် စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မတ် ၁၁ ရက်တွင် စစ်ကိုင်းမြို့နယ် ရတနာပုံတံတား ပူးပေါင်းစစ်ဆေးရေးဂိတ်၌ တရားမဝင် ကျွန်းသစ် ၀ ဒသမ ၆၆၈ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၈၉၀၆၄) ကို သစ်တောဥပဒေအရ လည်းကောင်း၊ မတ် ၁၄ ရက်တွင် ကလေးမြို့နယ် ပဲဝိုင်း စစ်ဆေးရေးဂိတ်အနီး၌ လိုင်စင်မဲ့ မော်တော်ယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၀၀၀၀၀၀) ကို ပို့ကုန်သွင်းကုန်ဥပဒေအရ လည်းကောင်း၊ စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၅၈၉၀၆၄ ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူ ဆောင်ရွက်လျက်ရှိသည်။

မတ် ၁၂ ရက်တွင် ကရင်ပြည်နယ်တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ဘားအံမြို့နယ် ဘားအံစက်မှုဇုန်အနီး၌ မော်တော်ယာဉ် ၂၃ စီး အပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်း မရှိသည့် လုပ်ငန်းသုံးပစ္စည်း ၆၂ မျိုး၊ လူသုံးကုန်ပစ္စည်း ၁၆ မျိုး (ခန့်မှန်းတန်ဖိုး ငွေကျပ် ၅၂၂၉၈၀၃၀၀) နှင့် အဆိုပါ ပစ္စည်းများ တင်ဆောင်လာသည့် Nissan Condor Truck ငါးစီး၊ Nissan Diesel Truck နှစ်စီး၊ Hino Truck တစ်စီး၊ စက်မှုဇုန် ထုတ် Tun Hlaing Truck တစ်စီး၊ Nidi Truck တစ်စီး၊ Super Mandalar Truck တစ်စီး၊ Man Tractor Head သုံးစီး၊ Scania Tractor Head တစ်စီး၊ Volvo Tractor Head တစ်စီး၊ Nissan Diesel Tractor Head တစ်စီး၊ Chenglong Tractor Head တစ်စီး၊ Mitsubishi Fuso Tractor Head တစ်စီး၊ Dong Feng Tractor Head တစ်စီး၊ Shacman Tractor Head တစ်စီး နှင့် နောက်တွဲယာဉ် ၁၀ တွဲ(ခန့်မှန်းတန်ဖိုးငွေကျပ် ၉၈၅၀၀၀၀၀၀) စုစုပေါင်း ခန့်မှန်းတန်ဖိုး ငွေကျပ် ၁၅၀၇၉၈၀၃၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူ ဆောင်ရွက်လျက်ရှိသည်။

မတ် ၁၁ ရက်၊ ၁၂ ရက်နှင့် ၁၄ ရက်တို့တွင် ဖမ်းဆီးရမိမှု စုစုပေါင်းမှာ အမှုတွဲ ၄၇ မှု၊ (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၃၅၀၈၆၇၀၅) ကို ဖမ်းဆီးရမိခဲ့သည်။ နိုင်ငံတော်၏ စီးပွားရေးဦးတည်ချက်များနှင့်အညီ ကုန်သွယ်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရာတွင် တရားမဝင်ကုန်သွယ်မှုများသည် အဓိက အဟန့်အတားဖြစ်ပေါ်စေပြီး လူမှုစီးပွားရေးကဏ္ဍအပေါ် များစွာဆိုးကျိုးသက်ရောက်ခြင်းများကြောင့် သက်ဆိုင်ရာ တာဝန်ရှိသူများက ယခုထက် ပိုမိုတားဆီးစစ်ဆေးကြပ်မတ် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။

**သတင်းစဉ်**

## ဆော်ဒီအာရေဗျနိုင်ငံ Tabuk မြို့၌ အလုပ်လုပ်ကိုင်စဉ် အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသားတစ်ဦး အမိနိုင်ငံသို့ ပြန်လည်ခေါ်ဆောင်

**ရန်ကုန် မတ် ၁၄**

နိုင်ငံတော်အစိုးရအနေဖြင့် ပြည်ပတွင်ရောက်ရှိနေသည့် အမိနိုင်ငံသားများ အခက်အခဲကြုံတွေ့နေရပါက နိုင်ငံသားများအပေါ် အလေးအနက်ထား တန်ဖိုးထားသည့်အနေဖြင့် မည်သို့သော အခြေအနေတွင် အခက်အခဲတွေ့ကြုံရသည့်တိုင် မြန်မာသံရုံးနှင့် ကောင်စစ်ဝန်ချုပ်ရုံးတို့သည် သက်ဆိုင်ရာနိုင်ငံ သံရုံးများနှင့် ချိတ်ဆက်၍ အမိနိုင်ငံသားများ မြန်မာနိုင်ငံသို့ အေးချမ်းလုံခြုံစွာ အမြန်ဆုံး ပြန်လည်ရောက်ရှိနိုင်ရေး ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ဆော်ဒီအာရေဗျနိုင်ငံ Tabuk မြို့တွင် အလုပ်လုပ်ကိုင်စဉ် အခက်အခဲ ကြုံတွေ့နေရသည့် မြန်မာနိုင်ငံသား မညိမ်းညိမ်းခက်အား အမိနိုင်ငံသို့ အမြန်ဆုံး ပြန်လည် ပို့ဆောင်နိုင်ရန်နှင့် ထွက်ခွာခွင့်(Exit Permit)ရရှိရန် မြန်မာသံရုံးအနေဖြင့် သက်ဆိုင်ရာနိုင်ငံ လူဝင်မှုကြီးကြပ်ရေးဌာန၊ သက်ဆိုင်ရာတာဝန်ရှိသူများနှင့် ညှိနှိုင်းဆောင်ရွက်ခဲ့ရာ မတ် ၁၀ ရက်တွင် ရီရတ်ဒ်-နယူးဒေလီ-ဗန်ကောက်-ရန်ကုန် လေကြောင်းခရီးစဉ်ဖြင့် ပြန်လည်ထွက်ခွာနိုင်ခဲ့ပြီး ယမန်နေ့ နံနက် အစောပိုင်းတွင် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိခဲ့သည်။

နိုင်ငံတော်အစိုးရ အနေဖြင့် ပြည်ပတွင် အလုပ်လုပ်ကိုင်စဉ် အခက်အခဲကြုံတွေ့ရသည့် မြန်မာနိုင်ငံသားများကို မြန်မာသံရုံးနှင့် ကောင်စစ်ဝန်ချုပ်ရုံးတို့၏ ညှိနှိုင်းကူညီဆောင်ရွက်မှုဖြင့် အမိနိုင်ငံသို့ ပြန်လည်ခေါ်ဆောင်ပေးလျက်ရှိရာ ယခုကဲ့သို့ အမိနိုင်ငံသားများ ကူညီကယ်တင်ပေးမှုအား အလုပ်သမားနှင့် မိဘဆွေမျိုးများက နိုင်ငံတော်အစိုးရ၊ မြန်မာသံရုံးနှင့် ကောင်စစ်ဝန်ချုပ်ရုံးတို့အား



မညိမ်းညိမ်းခက်

လှိုက်လှဲစွာ အထူးကျေးဇူးတင်လျက်ရှိကြောင်း သိရသည်။

**ညိမ်းသူ(သတင်းစဉ်)**
**ဓာတ်ပုံ - ကနူး**

## ဆင်ဖြူကျွန်းမြို့ နေပူကန်ကျေးရွာရှိ နေအိမ် ၈၀ ကျော်ကို လုံခြုံရေးတပ်ဖွဲ့ဝင်များက မီးရှို့ဖျက်ဆီးနေကြောင်း သတင်းတု၊ သတင်းအမှားများ မဟုတ်မမှန် ရေးသားဖြန့်ဝေလျက်ရှိ

**နေပြည်တော် မတ် ၁၄**

မကွေးတိုင်းဒေသကြီး စလင်းမြို့နယ် ဆင်ဖြူကျွန်းမြို့ နေပူကန်ကျေးရွာရှိ နေအိမ် ၈၀ ကျော်ကို လုံခြုံရေးတပ်ဖွဲ့ဝင်များက မီးရှို့ဖျက်ဆီးနေကြောင်း တရားမဝင် ပြည်ဖျက်မီဒီယာများက သတင်းတု၊ သတင်းအမှားများ မဟုတ်မမှန် ရေးသားဖြန့်ဝေလျက်ရှိကြောင်း တွေ့ရှိရသည်။

အဆိုပါသတင်းနှင့် ပတ်သက်၍ နယ်မြေခံ လုံခြုံရေးတာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ လုံခြုံရေးတပ်ဖွဲ့ဝင်များ အနေဖြင့် စလင်းမြို့နယ်အတွင်း အကြမ်းဖက်သမားများ စိမ့်ဝင်မှုမရှိစေရေးနှင့် အဖျက်အမှောင့်လုပ်ငန်းများ မလုပ်ဆောင်နိုင်စေရန်အတွက် လိုအပ်သည့် နယ်မြေလုံခြုံရေး လုပ်ငန်းများကို ထုတ်ပြန်ထားသည့် စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ ပုံမှန်ဆောင်ရွက်လျက်ရှိပြီး ကျေးရွာများအား မီးရှို့ဖျက်ဆီးမှုမရှိကြောင်း၊ အကြမ်းဖက်သမားများကသာ ကျေးရွာများအတွင်း တရားမဝင်ခိုအောင်းနေထိုင်လျက်ရှိပြီး ၎င်းတို့အား ထောက်ခံအားပေးမှု မရှိသည့် ရပ်ကွက်/ ကျေးရွာများကို ခေါင်းစဉ်အမျိုးမျိုးတပ်၍ မီးရှို့ဖျက်ဆီးခြင်းများ လုပ်ဆောင်လျက်ရှိကြောင်း၊ အထက်ပါသတင်းသည် တရားမဝင် ပြည်ဖျက်မီဒီယာများက အကြမ်းဖက်သမားများ၏ အကြမ်းဖက်လုပ်ရပ်များအား ဖုံးကွယ်ရန်နှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအပေါ် ပြည်သူများ အထင်အမြင်လွဲမှားစေရန်ရည်ရွယ်၍ မဟုတ်မမှန် သတင်းများအား လူမှုကွန်ရက်ပေါ်တွင် ရေးသားဖြန့်ဝေနေခြင်းသာဖြစ်ကြောင်း သိရှိရသည်။

**သတင်းစဉ်**




## အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများအား လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများအား ဖော်ထုတ်အရေးယူ

**နေပြည်တော် မတ် ၁၄**

အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသည့် CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံ အဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ် အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများသိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ၂၀၂၅ ခုနှစ် မတ် ၁၃ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့် "U Khin Cho" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့နယ် ရွာတော်ကုန်းကျေးရွာနေ ခင်ချိုအား နံနက် ၁၁ နာရီ ၁၅ မိနစ်တွင်လည်းကောင်း၊ "Myint Nwe" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ဧရာဝတီတိုင်းဒေသကြီး ကြံခင်းမြို့နယ် ရွာသစ်ကျေးရွာနေ မြင့်နွယ်အား မွန်းလွဲ ၁ နာရီတွင်လည်းကောင်း သက်ဆိုင်ရာ ရဲစခန်းအသီးသီး၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ် အရေးယူဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

ပရီမီယာလိဂ်ပွဲစဉ် (၂၉) ကို မတ် ၁၅ ရက်တွင် ယှဉ်ပြိုင်ကစားသွားမှာ ဖြစ်ပါတယ်။ တန်းဆင်းဇုန်ဖိအားရှိတဲ့ အသင်းအချင်းချင်းတွေ့ဆုံမှုအပြင် ကစားပုံမာကျောတဲ့ အသင်းအချင်းအချင်းတွေ့ဆုံတဲ့ပွဲစဉ်တွေ ပါဝင်နေတာကြောင့် လက်မလွှတ်တမ်း စောင့်ကြည့်သွားရမှာ ဖြစ်ပါတယ်။

**ပရီမီယာလိဂ်ပွဲစဉ် (၂၉)**

**၁၅-၃-၂၀၂၅ စနေနေ့**

- အဲဗာတန် - ဝက်စ်ဟမ်း
- အစ်ဆွစ် - နော့တင်ဟမ်
- မန်စီးတီး - ဘရိုက်တန်
- ဆောက်သမ်တန် - ဝုဖ်
- ဘုန်းမောက် - ဘရန့်ဖို့ဒ်

# ပြိုင်ဆိုင်မှုပြင်းထန်လာဦးမယ့် မန်စီးတီးနဲ့ ဘရိုက်တန်တို့ရဲ့ အားပြိုင်မှု

## အဲဗာတန် Vs ဝက်စ်ဟမ်း ည ၉း၃၀

တန်းဆင်းဇုန်ဖိအားရှိတဲ့ အသင်းအချင်းချင်း တွေ့ဆုံမှုဖြစ်တဲ့အတွက် ပြိုင်ဆိုင်မှု ပြင်းထန်လာမှာ သေချာတယ်။ ဝက်စ်ဟမ်းက အဲဗာတန်ထက် ခံစစ်ပိုင်း ပိုအားနည်းတယ်။ နောက်ဆုံးသုံးပွဲဆက် နိုင်ပွဲပျောက်ဆုံးမှု ချေဖျက်ဖို့ ကြိုးစားလာမယ့် အဲဗာတန် အသာရမယ်။

**အဲဗာတန်နှင့် ဝက်စ်ဟမ်းအသင်းတို့ရဲ့ နောက်ဆုံး သုံးပွဲရလဒ်**

| | | | |
|---|---|---|---|
| ဝက်စ်ဟမ်း | ၀ - ၀ | အဲဗာတန် | ပရီမီယာလိဂ် |
| အဲဗာတန် | ၁ - ၃ | ဝက်စ်ဟမ်း | ပရီမီယာလိဂ် |
| ဝက်စ်ဟမ်း | ၀ - ၁ | အဲဗာတန် | ပရီမီယာလိဂ် |

## အစ်ဆွစ် Vs နော့တင်ဟမ် ည ၉း၃၀

အစ်ဆွစ်က တန်းဆင်းဇုန်မှ လွတ်မြောက်ဖို့ ခြေကုန်ထုတ်လာမှာဖြစ်တယ်။ နောက်ပိုင်းပွဲစဉ်တွေမှာ ခြေစွမ်းမတည်မငြိမ်ဖြစ်နေတဲ့ နော့တင်ဟမ်ကလည်း နိုင်ပွဲဆက်ရရှိရေး ခြေကုန်ထုတ်လာမှာဖြစ်တယ်။ အစ်ဆွစ်ထက် နော့တင်ဟမ်နိုင်ဖွယ်ရာရှိတယ်။

**အစ်ဆွစ်နှင့် နော့တင်ဟမ်အသင်းတို့ရဲ့ နောက်ဆုံး သုံးပွဲရလဒ်**

| | | | |
|---|---|---|---|
| နော့တင်ဟမ် | ၁ - ၁ | အစ်ဆွစ် | အက်ဖ်အေ |
| နော့တင်ဟမ် | ၁ - ၀ | အစ်ဆွစ် | ပရီမီယာလိဂ် |
| အစ်ဆွစ် | ၁ - ၁ | နော့တင်ဟမ် | ပရီမီယာလိဂ် |

## မန်စီးတီး Vs ဘရိုက်တန် ည ၉း၃၀

မန်စီးတီးက နောက်ဆုံးကစားခဲ့တဲ့ နော့တင်ဟမ်နဲ့ပွဲစဉ်မှာ ရှုံးနိမ့်ထားတယ်။ ပြိုင်ဘက်ဘရိုက်တန်က ပြိုင်ပွဲစုံ နောက်ဆုံးခြောက်ပွဲဆက် နိုင်ပွဲရရှိထားတယ်။ မန်စီးတီးခက်ခက်ခဲခဲ ရှုန်းကန်ရနိုင်ပြီး မထင်မှတ်ဘဲ ဘရိုက်တန်နိုင်ပွဲရနိုင်တယ်။

**မန်စီးတီးနှင့် ဘရိုက်တန်အသင်းတို့ရဲ့ နောက်ဆုံး သုံးပွဲရလဒ်**

| | | | |
|---|---|---|---|
| ဘရိုက်တန် | ၂ - ၁ | မန်စီးတီး | ပရီမီယာလိဂ် |
| ဘရိုက်တန် | ၀ - ၄ | မန်စီးတီး | ပရီမီယာလိဂ် |
| မန်စီးတီး | ၂ - ၁ | ဘရိုက်တန် | ပရီမီယာလိဂ် |

## ဆောက်သမ်တန် Vs ဝုဖ် ည ၉း၃၀

ဆောက်သမ်တန်က အမှတ်ပေးဇယားအောက်ဆုံးရောက်နေပြီး နောက်ဆုံးငါးပွဲဆက် ရှုံးနိမ့်ထားတယ်။ ပြိုင်ဘက် ဝုဖ်က တန်းဆင်းဇုန်အသင်းနဲ့ရမှတ်ကွာဟမှု ကျဉ်းမြောင်းနေတဲ့အပြင် နောက်ဆုံးနှစ်ပွဲဆက် နိုင်ပွဲပျောက်ဆုံးထားတယ်။ ဝုဖ်နိုင်ဖွယ်ရာရှိတယ်။

**ဆောက်သမ်တန်နှင့် ဝုဖ်အသင်းတို့ရဲ့ နောက်ဆုံး သုံးပွဲရလဒ်**

| | | | |
|---|---|---|---|
| ဝုဖ် | ၂ - ၀ | ဆောက်သမ်တန် | ပရီမီယာလိဂ် |
| ဆောက်သမ်တန် | ၁ - ၂ | ဝုဖ် | ပရီမီယာလိဂ် |
| ဝုဖ် | ၁ - ၀ | ဆောက်သမ်တန် | ပရီမီယာလိဂ် |



■ အက်စ်တွန်ဗီလာတိုက်စစ်ကစားသမား ရက်ဖို့ဒ်။

# တူချယ်၏ ပထမကစားသမားစာရင်းတွင် ရက်ဖို့ဒ်ပြန်လည်ပါဝင်လာ

အက်စ်တွန်ဗီလာတိုက်စစ်ကစားသမား မားကပ်စ်ရက်ဖို့ဒ်သည် အင်္ဂလန်နည်းပြ သောမက်စ်တူချယ်၏ ပထမကစားသမားစာရင်းတွင် ပြန်လည်ရွေးချယ်ခံခဲ့ရကြောင်း သိရသည်။

ရက်ဖို့ဒ်သည် အင်္ဂလန်အသင်းအတွက် ၂၀၂၄ ခုနှစ် မတ်လက ဘရာဇီးအသင်းနှင့် ချစ်ကြည်ရေးခြေစမ်းပွဲတွင် နောက်ဆုံးပါဝင်ယှဉ်ပြိုင်ကစားထားသည်။ ၎င်းသည် ဇန်နဝါရီလတွင် မန်ယူအသင်းမှ အက်စ်တွန်ဗီလာအသင်းထံသို့ အငှားဖြင့် ပြောင်းရွှေ့ပြီးနောက်ပိုင်း ပုံမှန်ခြေစွမ်းပြသထားနိုင်သည့်အတွက် ထိုကဲ့သို့ ပြန်လည်ရွေးချယ်ခံခဲ့ရခြင်း ဖြစ်သည်။

ရက်ဖို့ဒ်သည် ၂၀၁၆ ခုနှစ် မေလတွင် အင်္ဂလန်အသင်းနှင့် ပွဲဦးထွက်ပွဲစဉ်ကို ပါဝင်ကစားခဲ့ကြောင်း သိရသည်။ အသက် ၂၇ နှစ်အရွယ် ရက်ဖို့ဒ်သည် အင်္ဂလန်အသင်းတွင် ပွဲပေါင်း ၆၀ ပါဝင်ကစားထားသည်။ သို့သော်လည်း နည်းပြဆောက်ဂိတ်လက်ထက်တွင် ပုံမှန်ခြေစွမ်းပြသရန် ရုန်းကန်နေရသည့်အတွက် ပထမကစားသမားစာရင်းမှ ချန်လှပ်ခံခဲ့ရသည်။



■ ဗြိတိန်တင်းနစ်ကစားသမား ဒရာပါ။

# အင်ဒီးယန်းဝဲလ်စ်အိုးပင်းဆီမီးဖိုင်နယ် ဒရာပါနှင့် နာမည်ကြီး အယ်ကာရက်ဇ်တို့ ဆုံတွေ့

ဗြိတိန်နာမည်ကျော်တင်းနစ်ကစားသမား ဂျက်ဒရာပါသည် အင်ဒီးယန်းဝဲလ်စ်အိုးပင်းပြိုင်ပွဲ ကွာတားဖိုင်နယ်တွင် အမေရိကန်တင်းနစ်ကစားသမား ဘင်ချဲလ်တန်ကို အနိုင်ယူပြီး ဆီမီးဖိုင်နယ်သို့ တက်လှမ်းနိုင်ခဲ့သည်။

၎င်းသည် ပြိုင်ဘက် ဘင်ချဲလ်တန်ကို ၆-၄၊ ၇-၅ ရလဒ်ဖြင့် နိုင်ပွဲရရှိကာ နောက်တစ်ဆင့်သို့ တက်လှမ်းနိုင်ခဲ့ခြင်း ဖြစ်သည်။ ဒရာပါသည် အင်ဒီးယန်းဝဲလ်စ်အိုးပင်းပြိုင်ပွဲ ဆီမီးဖိုင်နယ်တွင် စပိန်နာမည်ကြီးတင်းနစ်ကစားသမား ကားလို့စ်အယ်ကာရက်ဇ်နှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။


အယ်ကာရက်ဇ်သည် အင်ဒီးယန်းဝဲလ်စ်အိုးပင်း ကွာတားဖိုင်နယ်တွင် ပြိုင်ဘက် အာဂျင်တီးနားတင်းနစ်ကစားသမား ဖရန်စစ္စကို ဆဲလ်ရွန်ဒိုလိုနှင့် တွေ့ဆုံခဲ့ပြီး ၆-၃၊ ၇-၆၊ (၇-၄) ရလဒ်ဖြင့် နိုင်ပွဲရရှိကာ ဆီမီးဖိုင်နယ်သို့ တက်လှမ်းလာခြင်း ဖြစ်သည်။

ဒရာပါနှင့်အတူ အင်ဒီးယန်းဝဲလ်စ်အိုးပင်းဆီမီးဖိုင်နယ်သို့ ရုရှားတင်းနစ်ကစားသမား မက်ဗီဒက်ဗ်နှင့် ဒိန်းမတ်တင်းနစ်ကစားသမား ဟိုးလ်ဂါရူနီတို့လည်း တက်လှမ်းနိုင်ခဲ့သည်။

# အင်ဒီးယန်းဝဲလ်စ်ဆီးမီးဖိုင်နယ် လက်ရှိချန်ပီယံ ဆွီယာတက်ခ်နှင့် အန်ဒရေဗာတို့ ဆုံတွေ့

အင်ဒီးယန်းဝဲလ်စ်အိုးပင်းအမျိုးသမီးတစ်ဦးချင်းပြိုင်ပွဲ ကွာတားဖိုင်နယ်အဖြစ် ယှဉ်ပြိုင်ကစားခဲ့သည့် လက်ရှိချန်ပီယံ အီဂါဆွီယာတက်ခ်နှင့် ကွင်ဝင်ရှောင်တို့ ပွဲစဉ်တွင် ဆွီယာတက်ခ်က အနိုင်ရရှိကာ ဆီမီးဖိုင်နယ်သို့ တက်လှမ်းနိုင်ခဲ့သည်။

အဆိုပါ ပွဲစဉ်တွင် ပိုလန်တင်းနစ်မယ် ဆွီယာတက်ခ်က တရုတ်တင်းနစ်မယ် ကွင်ဝင်ရှောင်ကို ၆-၃၊ ၆-၃ ရလဒ်ဖြင့် နိုင်ပွဲရရှိခဲ့သည်။ ဆွီယာတက်ခ်သည် လေးနှစ်အတွင်း အင်ဒီးယန်းဝဲလ်စ်ဆုဖလားကို သုံးကြိမ်မြောက် ဆွတ်ခူးရန် နီးစပ်လာပြီဖြစ်သည်။



ဆွီယာတက်ခ် (၂၃ နှစ်) သည် ၁၉၉၀ ပြည့်နှစ်နှင့် ၁၉၉၁ ခုနှစ်က မာတီနာ နာဗာတီလိုဗာနောက်ပိုင်း အင်ဒီးယန်းဝဲလ်စ်ဆုဖလားကို နှစ်ကြိမ်ဆက်ဆွတ်ခူးရန် လက်တစ်ကမ်းအလို ရောက်ရှိလာပြီလည်း ဖြစ်သည်။ ဆွီယာတက်ခ်သည် အင်ဒီးယန်းဝဲလ်စ်အိုးပင်းဆီမီးဖိုင်နယ်တွင် ရုရှားတင်းနစ်မယ် မေရာအန်ဒရေဗာနှင့် ယှဉ်ပြိုင်ကစားရမည် ဖြစ်သည်။

အန်ဒရေဗာသည် ကွာတားဖိုင်နယ်တွင် ယူကရိန်းတင်းနစ်မယ် စဗစ်တိုလီနာနှင့်တွေ့ဆုံခဲ့ပြီး ၇-၅၊ ၆-၃ ရလဒ်ဖြင့် နိုင်ပွဲရရှိကာ ဆီမီးဖိုင်နယ်သို့ တက်လှမ်းလာခြင်းဖြစ်သည်။

ဆွီယာတက်ခ်နှင့် အတူ အင်ဒီးယန်းဝဲလ်စ် ဆီမီးဖိုင်နယ်သို့ နာမည်ကြီးတင်းနစ်မယ်များဖြစ်သည့် အရှိုင်နာ ဆာဘာယယ်လင်ကာ၊ မက်ဒီဆင်ကီးစ်တို့ တက်လှမ်းနိုင်ခဲ့သည်။

## နောက်ဆုံးရအားကစားသတင်းတိုများ

- လီဗာပူး ညာနောက်ခံကစားသမား ထရန့်အလက်ဇန္ဒြားအာနိုးသည် ခြေချင်းဝတ်ဒဏ်ရာကြောင့် မတ် ၁၆ ရက်တွင် ယှဉ်ပြိုင်ကစားမည့် နယူးကာဆယ်နှင့် ကာရာဘောင်ဖလားဗိုလ်လုပွဲကို လွဲချော်ဖွယ်ရှိနေသည်။ အာနိုးသည် လီဗာပူးအသင်းအတွက် ပွဲပေါင်း ၃၀၀ ကျော် ပါဝင်ကစားထားသည်။
- ရီးရဲမက်ဒရစ်အသင်းက နွေရာသီတွင် ချယ်ဆီးကွင်းလယ်ကစားသမား အန်ဇိုဖာနန်ဒက်စ်ကို ခေါ်ယူလိုနေသည်။
- လီဗာပူး၊ အာဆင်နယ်နှင့် မန်ယူအသင်းတို့သည် နော့တင်ဟမ်မှ မော်ဂန်ဂစ်ဘ်စ်ဝိုက်ကို ခေါ်ယူရန် စိတ်ဝင်စားနေသည်။
- ပဲလေ့စ်အသင်းသည် ကွင်းလယ်ကစားသမား ဝီလ်ဟုချ်နှင့် စာချုပ်သစ်ချုပ်ဆိုရေး ဆွေးနွေးနေသည်။

■ မိုးဇက် - စုစည်းသည်

# ကျောက်ဆည်မြို့နယ်၌ နွေစပါးစိုက်တောင်သူ သမဝါယမအသင်းသားများအား သွင်းအားစုများ ပေးအပ်



**ကျောက်ဆည် မတ် ၁၄**

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့နယ်၌ နွေစပါးစိုက်တောင်သူ အသင်းသားများ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေး နိုင်ငံ့စီးပွားရန်ပုံငွေများ ပေးအပ်လျက်ရှိရာ ယမန်နေ့က ပတ္တာကျေးရွာ ကွင်းအမှတ် (၂၀၉- က) နွေစပါးစိုက်တောင်သူ ဦးမြင့်အေး၏ နွေစပါးစိုက်ကွင်းတွင် သွင်းအားစုများ ပေးအပ်ပွဲကျင်းပသည်။

ထောက်ပံ့ ပေးအပ်ပွဲတွင် မန္တလေးတိုင်းဒေသကြီး သမဝါယမဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်ဝင်းက အသင်းသားများ ပံ့ပိုးချေးငွေရရှိရေး၊ သွင်းအားစုပစ္စည်းများ အချိန်မီရရှိနိုင်ရေး ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ နွေစပါးတစ်ဧကလျှင် ငွေကျပ်နှစ်သိန်းနှင့် ညီမျှသော သွင်းအားစုများ တောင်သူများ လက်ဝယ်အရောက် အချိန်မီဆောင်ရွက်လျက်ရှိကြောင်း၊ စပါးသီးနှံများ ကာလလွန်ရိတ်သိမ်းခြင်းကြောင့်လေလွင့်ဆုံးရှုံးမှုမရှိစေရေး စပါးရိတ်သိမ်းခြွေလှေ့စက်ဝယ်ယူပေးသွားမည် ဖြစ်ကြောင်း ရှင်းလင်းပြောကြားပြီး ပတ္တာ(စိုက်ပျိုးရေးနှင့် အထွေထွေလုပ်ငန်း) သမဝါယမအသင်းမှ အသင်းသားတောင်သူ ၃၁ ဦးနှင့် (စံပြစိုက်ပျိုးထုတ်လုပ်ရေး) သမဝါယမအသင်းမှ အသင်းသားတောင်သူ ၄၄ ဦးတို့အား ငွေကျပ် ၆၆၈ သိန်း တန်ဖိုးရှိ သွင်းအားစုများ ပေးအပ်သည်။ ဆက်လက်၍ နွေစပါးများအထွက်တိုးပွားရေး ဈေးနှုန်းသင့်တင့်ပြီး အရည်အသွေးပြည့်ဝသည့် ဇာမဏီကုမ္ပဏီမှ ထုတ်လုပ်သော ကွန်ပေါင်းဓာတ်မြေဩဇာများအကြောင်း မိတ်ဆက် ရှင်းလင်းသည်။

ကျောက်ဆည် မြို့နယ်တွင် နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေဖြင့်နွေစပါးများကို အရှေ့ရွာနန်း (စံပြ စိုက်ပျိုးထုတ်လုပ်ရေး)၊ တောင်ပလူ (စိုက်ပျိုးရေးနှင့် အထွေထွေလုပ်ငန်း)၊ ပင်တလည် (စိုက်ပျိုးရေးနှင့် အထွေထွေလုပ်ငန်း)၊ အင်ဒိုင်း(စိုက်ပျိုးရေးနှင့် ထုတ်လုပ်ရေးလုပ်ငန်း)၊ ပတ္တာ (စိုက်ပျိုးရေးနှင့် အထွေထွေလုပ်ငန်း)၊ အသင်းသား တောင်သူ ၁၉၃ ဦးမှ နွေစပါး ၈၃၀ ဧက စိုက်ပျိုးသွားမည် ဖြစ်ကြောင်း မြို့နယ် သမဝါယမဦးစီးဌာနမှ သိရသည်။ မြို့နယ်(ပြန်/ဆက်)

# ONE Friday Fights 100 ပြိုင်ပွဲ၌ စူပါရေချမ်း အမှတ်ဖြင့် ရှုံးနိမ့်

**ရန်ကုန် မတ် ၁၄**

ONE Friday Fights 100 ပြိုင်ပွဲကို ထိုင်းနိုင်ငံ၌ ယနေ့ကျင်းပရာ မြန်မာဖိုက်တာ စူပါရေချမ်း ရှုံးနိမ့်ခဲ့သည်။

စူပါရေချမ်းသည် ထိုင်းဖိုက်တာ ဆန်ဂါသစ်နှင့် ယှဉ်ပြိုင်ထိုးသတ်ခဲ့ပြီး နှစ်ဦးစလုံး သုံးချီပြည့်သည်အထိ အလဲထိုးနိုင်ခြင်းမရှိသဖြင့် အမှတ်ဖြင့်ဆုံးဖြတ်ရာ အရေးနိမ့်ခဲ့ခြင်းဖြစ်သည်။ စူပါရေချမ်းသည် ဆန်ဂါသစ်ကို အသာစီးမှ ထိုးသတ်နိုင်ခြင်းမရှိသဖြင့် ဒိုင်လူကြီးများ၏ အမှတ်ပေးဆုံးဖြတ်ချက်ဖြင့် အရေးနိမ့်ခဲ့ခြင်းဖြစ်သည်။ စူပါရေချမ်းသည် ONE နှင့် လက်တွဲပြီး သုံးပွဲထိုးသတ်ရာတွင် ဒုတိယမြောက်ရှုံးပွဲနှင့် ရင်ဆိုင်ခဲ့ရသည်။ ဆန်ဂါသစ်သည် ONE နှင့် ပွဲဦးထွက်ပွဲတွင် နိုင်ပွဲရယူနိုင်ခဲ့ခြင်းဖြစ်သည်။ **ညီမြတ်သော်တာ ၊ ဓာတ်ပုံ-ONE Championship**



## နေ့အပူချိန်မြင့်မားခဲ့သော စခန်းများ၏ ၁၄-၃-၂၀၂၅ ရက်နေ့ အမြင့်ဆုံးနေ့အပူချိန်များ

| စဉ် | တိုင်းဒေသကြီး/ပြည်နယ်များရှိမြို့များ | အမြင့်ဆုံးအပူချိန် ဒီဂရီဆဲလ်စီးယပ် | အမြင့်ဆုံးအပူချိန် ဒီဂရီဖာရင်ဟိုက် |
|---|---|---|---|
| ၁။ | ချောက် | ၄၃.၁ | ၁၀၉.၆ |
| ၂။ | ညောင်ဦး | ၄၁.၈ | ၁၀၇.၂ |
| ၃။ | မကွေး | ၄၁.၆ | ၁၀၆.၉ |
| ၄။ | ဆင်ဖြူကျွန်း | ၄၁.၅ | ၁၀၆.၇ |
| ၅။ | မန္တလေး | ၄၁.၃ | ၁၀၆.၃ |
| ၆။ | အောင်လံ | ၄၁.၃ | ၁၀၆.၃ |
| ၇။ | မြင်းခြံ | ၄၁.၂ | ၁၀၆.၂ |
| ၈။ | မင်းဘူး | ၄၁.၀ | ၁၀၅.၈ |
| ၉။ | စစ်ကိုင်း | ၄၁.၀ | ၁၀၅.၈ |
| ၁၀။ | တံတားဦး(လေကြောင်းမိုးလေဝသ) | ၄၀.၅ | ၁၀၄.၉ |
| ၁၁။ | တောင်တွင်းကြီး | ၄၀.၅ | ၁၀၄.၉ |
| ၁၂။ | မြင်းမူ | ၄၀.၅ | ၁၀၄.၉ |

# ဖြူးမြို့နယ်၌ ယာဉ်တိမ်းမှောက်မှုဖြစ်ပွား၍ အမျိုးသား ငါးဦး၊ အမျိုးသမီး လေးဦးနှင့် ကလေးငယ် တစ်ဦး ထိခိုက်ဒဏ်ရာရ

**နေပြည်တော် မတ် ၁၄**

ပဲခူးတိုင်းဒေသကြီး ဖြူးမြို့နယ်၌ ယမန်နေ့က ယာဉ်တိမ်းမှောက်မှုဖြစ်ပွား၍အမျိုးသားငါးဦး၊ အမျိုးသမီး လေးဦးနှင့် ကလေးငယ် တစ်ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာမတ် ၁၃ ရက် ညနေ ၆ နာရီ မိနစ် ၅၀ တွင် ဖြူးမြို့နယ် ရန်ကုန် - နေပြည်တော် အမြန်လမ်းမကြီး မိုင်တိုင်အမှတ် ၁၁၇ မိုင် ၂ ဖာလုံအနီး၌ ယာဉ်မတော်တဆမှုဖြစ်ပွားကြောင်း သတင်းအရဖြူးအမြန်လမ်းမကြီးရဲစခန်းမှ တပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးရာ နေပြည်တော်ဘက်မှ ရန်ကုန်ဘက်သို့ အုတ်ဖိုမြို့နယ် သစ်တောဝန်းရပ်ကွက်နေ ညီညီ(၂၈)နှစ် မောင်းနှင်ပြီး ခရီးသည် ၁၃ ဦး လိုက်ပါလာသော YGN-3 4M/xxxx Golden Dragon အမျိုးအစား ခရီးသည်တင်မော်တော်ယာဉ်သည် အခင်းဖြစ်နေရာအရောက်တွင် အရှိန်မထိန်းနိုင်ဘဲ လမ်း၏ယာဘက်ဘေး မြေသားလမ်းပေါ်သို့ တိမ်းမှောက်ခဲ့၍ ယာဉ်မောင်း ညီညီနှင့် ယာဉ်ပေါ်တွင်လိုက်ပါလာသည့် ခရီးသည် အမျိုးသား လေးဦး၊ အမျိုးသမီး လေးဦးနှင့် ကလေးငယ်(ကျား) တစ်ဦးတို့တွင် ဒဏ်ရာများ ရရှိခဲ့သဖြင့် ဒဏ်ရာရရှိသူများကို ဖြူးမြို့နယ် ပြည်သူ့ဆေးရုံသို့ ပို့ဆောင်ပြီး ညီညီအား ဖြူးအမြန်လမ်းမကြီး ရဲစခန်းက အမှုဖွင့် အရေးယူထားကြောင်း သတင်းရရှိသည်။ **ရဲပြန်ကြား**



# သာကေတမြို့နယ်၌ ခြင်ဆေးခွေမီးမှတစ်ဆင့် မီးလောင်မှုဖြစ်ပွား

**နေပြည်တော် မတ် ၁၄**

ရန်ကုန်တိုင်းဒေသကြီး သာကေတမြို့နယ်၌ ယမန်နေ့က ခြင်ဆေးခွေမီးမှတစ်ဆင့် မီးလောင်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ မတ် ၁၃ ရက် ညနေ ၄ နာရီ ၄၅ မိနစ်တွင် သာကေတမြို့နယ် (၁) အနော်မာရပ်ကွက် အမှတ် (၁၆၆၆) ၌ မီးလောင်မှုဖြစ်ပွားကြောင်း သတင်းအရ သာကေတမြို့နယ် ရဲတပ်ဖွဲ့မှူးရုံးမှ တပ်ဖွဲ့ဝင်များ၊ ခရိုင်မီးသတ်ဦးစီးဌာနမှ မီးသတ်တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မီးသတ်ယာဉ် ၁၀ စီး၊ ရေသယ်ယာဉ် ငါးစီးတို့ဖြင့် သွားရောက် မီးငြိမ်းသတ်ရာ ငါးမိနစ်ခန့်အကြာတွင် မီးငြိမ်းသွားခဲ့ပြီး ဖြစ်စဉ်အား စိစစ်ရာ အဆိုပါရပ်ကွက်နေ ဦးအေးကို (၆၈) နှစ်သည် ၎င်း၏နေအိမ်၌ ခြင်ဆေးခွေ မီးထွန်းထားရာမှ မီးစတင် လောင်ခဲ့ခြင်းဖြစ်ပြီး မီးလောင်မှုကြောင့် ၎င်း၏ သွပ်မိုး၊ ပျဉ်ကာနှစ်ထပ် အိမ်တစ်လုံးနှင့် အနီးရှိ သွပ်မိုး၊ ပျဉ်ကာနှစ်ထပ် အိမ်တစ်လုံး မီးလောင်ပျက်စီးဆုံးရှုံးခဲ့သဖြင့် အေးကိုအား သာကေတမြို့မရဲစခန်းက အမှုဖွင့် အရေးယူထားကြောင်း သတင်းရရှိသည်။

**ရဲပြန်ကြား**



**သာကေတမြို့နယ်၌ ခြင်ဆေးခွေမီးမှတစ်ဆင့် မီးလောင်မှု မှတ်တမ်းဓာတ်ပုံ။**

# “ချစ်စရာ့အရွယ်ကစားကြမယ်”ကလေးအစီအစဉ် ထုတ်လွှင့်မည်

**နေပြည်တော် မတ် ၁၄**

“ချစ်စရာ့အရွယ်ကစားကြမယ်” ကလေး အစီအစဉ်ကို MRTV HD Channel မှ အပတ်စဉ် စနေနေ့တိုင်း ထုတ်လွှင့်ပြသလျက်ရှိရာ မတ် ၁၅ ရက် (စနေနေ့) နံနက် ၁၁ နာရီတွင် အမှတ်(၅) မူလတန်းကြိုကျောင်း (တာမွေ) နှင့် သန်လျင် မူလတန်းကြိုကျောင်းတို့မှ ကလေးငယ်များ ပါဝင်ကစားကြပုံများကို မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ MRTV-HD နှင့် MRTV Entertainment Channel တို့မှ ဆက်လက်ထုတ်လွှင့်ပြသမည်ဖြစ်သည်။

အဆိုပါအစီအစဉ်ကို ကလေးများ ကိုယ်ခန္ဓာသန်စွမ်းပြီး စိတ်ရွှင်လန်းစေရန်၊ ကလေးများ၏ ကာယ၊ဉာဏ၊စာရိတ္တ ဘက်စုံဖွံ့ဖြိုးတိုးတက်စေရန်နှင့် ကလေးငယ်များအချင်းချင်း၊ ချစ်ချစ်ခင်ခင် ရင်းရင်းနှီးနှီး ပေါင်းသင်းဆက်ဆံတတ်စေရန် ရည်ရွယ်ချက်များဖြင့် ပြန်ကြားရေးဝန်ကြီးဌာန၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်းဦးစီးဌာနတို့ ပူးပေါင်း၍ စီစဉ်တင်ဆက်ခြင်းဖြစ်ပြီး MRTV App မှလည်း Streaming ထုတ်လွှင့်မည်ဖြစ်ရာ တစ်ချိန်တည်း ကြည့်ရှုနိုင်မည်ဖြစ်သည်။

ယင်းအစီအစဉ်ကို MRTV App ၏ Youth Sector နှင့် MRTV Telegram တို့တွင်လည်း ဆက်လက်လွှင့်တင်မည်ဖြစ်၍ ဝင်ရောက်ကြည့်ရှုနိုင်မည့်အပြင် MRTV Entertainment Channel တွင်လည်း မတ် ၁၆ ရက် (တနင်္ဂနွေနေ့) နံနက် ၉ နာရီခွဲတွင်လည်းကောင်း၊ မတ် ၁၇ ရက် (တနင်္လာနေ့) ညနေ ၄ နာရီ သတင်းအပြီးတွင်လည်း MRTV - HD Channel တို့တွင် လည်းကောင်း ထပ်မံပြသမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## ဝန်ထမ်းအလိုရှိသည်
## (မိသားစုလိုက် အလုပ်နှင့်နေစရာပေးမည်)

ရိုးသားကြိုးစားပြီး အကျင့်စာရိတ္တကောင်းမွန်သော အမှန်တကယ်အလုပ်လုပ်ချင်သူများ၊ နေစရာ အခက်အခဲရှိသူများ၊ အကြောင်းအမျိုးမျိုးကြောင့် နေရပ်စွန့်ခွာလာရသူများ၊ မိသားစုလိုက်ဒုက္ခရောက်နေသူများ လာရောက်လျှောက်ထားနိုင်ပါသည်။ မိသားစုလိုက်လာရောက်လျှောက်ထားသူများအတွက်လည်း ကျန်းမာရေး၊ ပညာရေး စီစဉ်ပေးနိုင်ပါသည်။

**အသက်** – (၁၈ နှစ်မှ ၆၀ အတွင်း)

**ပညာအရည်အချင်း** – အခြေခံပညာမူလတန်းမှစ၍ ဘွဲ့ရ အငြိမ်းစားများ လျှောက်ထားနိုင်ပါသည်။

**အခက်အခဲရှိသူများ ဦးစားပေးမည်။**

**ဆက်သွယ်ရန် – 09254219026, 09251790828**

## ကန့်ကွက်နိုင်ပါကြောင်း

ပဲခူးမြို့နယ်၊ မဲခုန် ကျေးရွာအုပ်စု၊ ကွင်းအမှတ်(၆၂၀ခ)၊ ကွင်းအမည်(ကွင်းသစ်ကွင်း)၊ဦးပိုင်အမှတ်(၃၅)၊ မြေဧရိယာ ၁၂.၀၀ဧကရှိမြေအား ဒေါ်နုနုကြင် မှ စက်မှု/စီးပွား မြေငှားဂရန် လျှောက်ထားလာမှုနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက တရားဝင်ခိုင်လုံသော အထောက်အထားမူရင်းများဖြင့် ဤကြော်ငြာသည့်ရက်မှစ၍ (၁၅) ရက်အတွင်း ပဲခူးမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါကစက်မှု/စီးပွား မြေငှားဂရန်လျှောက်ထားခြင်းအား ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပဲခူးမြို့**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
### (တရားမကျင့်ထုံးဥပဒေအမိန့် –၅၊ နည်းဥပဒေ– ၂၀)
### သာကေတမြို့နယ်တရားရုံးတော်၌
### ၂၀၂၅ ခုနှစ်၊ တရားမကြီးမှုအမှတ် –၂၆

ဒေါ်သန်းသန်းဆွေ နှင့် ၁။ ဒေါ်SVJ လက်ချမီး
၂။ ဒေါ်သန်းသန်းအေး
(တရားလို) (တရားပြိုင်များ)

ရန်ကုန်တိုင်းဒေသကြီး ၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၆)ရပ်ကွက်၊ မာဃလမ်း၊ အမှတ်(၉၈၆) နေ တရားပြိုင် ၁။ ဒေါ်SVJလက်ချမီး ၂။ဒေါ်သန်းသန်းအေး (ယခုနေရပ်လိပ်စာမသိ) တို့သိစေရမည်။

သင်တို့အပေါ်၌ တရားလို ဒေါ်သန်းသန်းဆွေက ပဋိညာဉ်အတိုင်း အိမ်နှင့်မြေ အရောင်းအဝယ်စာချုပ်ပြုလုပ်ချုပ်ဆိုပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်တို့ကိုယ်တိုင်ဖြစ်စေ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင်တို့ကိုယ်စားလှယ် ရုံးအခွင့်အမိန့်အရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက်၊ ၎င်းတို့ရှေ့နေနှင့် ပါစေ၍ဖြစ်စေ ၂၀၂၅ ခုနှစ်၊ မတ်လ (၂၅)ရက် (၁၃၈၆ခုနှစ်၊ တပေါင်းလဆုတ်(၁၂) ရက်) မွန်းမတည့်မီ (၁၀:၀၀)နာရီတွင် အထက်က အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းပြင် သင်တို့သိရမည်မှာ အထက်က ဆိုခဲ့သည့်နေ့ရက်တွင် သင်တို့မလာရောက် ပျက်ကွက်ခဲ့လျှင် သင်တို့ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်တို့က ထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်တို့နှင့်အတူယူဆောင်လာရမည်။ သို့တည်းမဟုတ် သင်တို့ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်တို့က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၅ခုနှစ်၊ မတ်လ(၁၁) ရက်တွင် ဤရုံးတော်တံဆိပ်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

(မြရွှေဇင်)
**တွဲဖက်မြို့နယ်တရားသူကြီး(၂)**
**သာကေတမြို့နယ်တရားရုံး**

## ဒေါ်မို့မို့သက်စံ၊ ဒေါ်ဝင့်ဝါသက်ရှိန်နှင့် အများသိစေရန် အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ် ( မြောက်ပိုင်း ) မြို့နယ်၊ (၄၀) ရပ်ကွက်၊ သိန္နီလမ်း၊ အမှတ်–(၆၀၀)နေ ဦးညီညီကျော်မင်းနှင့် ဒေါ်ချမ်းမြေ့ခင်တို့၏ လွှဲအပ်ညွှန်ကြားချက်အရအများသိစေရန်အောက်ပါအတိုင်း အသိပေးကြေညာအပ်ပါသည်–

ကျွန်ုပ်မိတ်ဆွေများနှင့် လူကြီးမင်းတို့နှစ်ဦးမှာ (၂၀.၆.၂၀၂၃) ရက်စွဲပါ လုပ်ငန်းသဘောတူကတိစာချုပ်ချုပ်ဆိုပြီး (Total Trust Gym )လုပ်ငန်းကို လုပ်ကိုင်ရန်အတွက် အမှတ်–( ၆၅ )၊ တပင်ရွှေထီးလမ်း၊ ( ၃၄ ) ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ်ရှိ ခြံမြေကွက်ကို (၁၅. ၃. ၂၀၂၃)ရက်စွဲပါ (၅)နှစ်ကြာငှားရမ်းသည့် ကတိစာချုပ်ချုပ်ဆိုပြီး( ၁ )နှစ်တစ်ကြိမ် ငှားရမ်းခပေးဆောင်၍ ငှားရမ်းခြင်းစာချုပ်ကို ဒေါ်ဝင့်ဝါသက်ရှိန်မှ ချုပ်ဆိုငှားရမ်းခဲ့ကြောင်းသိရှိရပါသည်။ ( ၁၅. ၃. ၂၀၂၄) ရက်နေ့တွင် လူကြီးမင်းမှ နိုင်ငံရပ်ခြားသို့ သွားရောက်နေရသူဖြစ်၍ဟုဆိုကာ လူကြီးမင်းကိုယ်စားစာချုပ်ချုပ်ဆိုရန်အတွက် လူကြီးမင်းကိုယ်တိုင်မှ တရားဝင်လွှဲအပ်ထားသည့်အထွေထွေကိုယ်စားလှယ်လွှဲစာရသူအား ငှားရမ်းစာချုပ်ထပ်မံချုပ်ဆိုစေခဲ့ရာ ကျန်(၃)နှစ်တာ သက်တမ်းအတွက် အဆိုပါကိုယ်စားလှယ်များနှင့် မြေကွက်ပိုင်ရှင်တို့မှ ငှားရမ်းစာချုပ်ဆက်လက်ချုပ်ဆိုသွားရန် စီစဉ်ထားရှိခဲ့ကြောင်း ဆောင်ရွက်ခဲ့မှုကို သိရှိရပါသည်။ သို့သော် လူကြီးမင်းတို့ဘက်မှ( ၂၅ . ၉. ၂၀၂၄) ရက်နေ့တွင် တရားဝင်အထွေထွေ ကိုယ်စားလှယ်လွှဲစာလွှဲအပ်ထားရှိသူများကို တစ်စုံတစ်ရာ အသိပေးတိုင်ပင်၍ သဘောတူညီမှုရယူခြင်းမရှိပါဘဲ နိုင်ငံပိုင်သတင်းစာမှအထွေထွေကိုယ်စားလှယ်လွှဲစာအား ရုပ်သိမ်းကြောင်း ကြေညာခဲ့သည်ဟု သိရှိရပါသည်။

ယခုအခါ (၃) နှစ်တာ ကာလအတွက် စာချုပ်ချုပ်ဆိုရန် (၁၅. ၃. ၂၀၂၅) ရက်နေ့တွင် မြေငှါးရမ်း ခြင်းစာချုပ် ထပ်မံချုပ်ဆိုရမည့် သတ်မှတ်ရက်သို့မရောက်မီ ကျွန်ုပ်မိတ်ဆွေများမှာ လူကြီးမင်းထံသို့( ၁ ) လကြိုတင်၍ အကြိမ်ကြိမ်ဆက်သွယ်အသိပေးပြောကြားခဲ့သော်လည်း လူကြီးမင်းတို့ဘက်မှ တစ်စုံတစ်ရာပြန်လည်ဆက်သွယ်လာခြင်းမရှိသဖြင့် လူကြီးမင်းတို့၏ ပေါ့လျော့ပျက်ကွက်မှုများကြောင့် ကျွန်ုပ်၏မိတ်ဆွေများမှ မြေကွက်ပိုင်ရှင်ထံသို့ ဆက်သွယ်အကြောင်းကြားကာ (Total Trust Gym) လုပ်ငန်း အပြီးပိတ်သိမ်း ရပ်ဆိုင်းကာ မြေကွက်ပိုင်ရှင်ထံသို့ မြေငှားစာချုပ်ပါ ကတိပဋိညာဉ်များအတိုင်း ပြန်လည် အပ်နှံထားခဲ့ပါမည့်အကြောင်းနှင့်( Total Trust Gym )လုပ်ငန်း အဆောက်အဦအပါအဝင် Gym နှင့် စပ်ဆိုင်သမျှ ပစ္စည်းများအားလုံးကိုထားရှိခဲ့မည်ကြောင်းကို လူကြီးမင်းတို့နှင့် အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဦးညီညီကျော်မင်းနှင့်ဒေါ်ချမ်းမြေ့ခင်တို့၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်စုရည်လှိုင် (LL.B) တရားလွှတ်တော်ရှေ့နေ (စဉ် – ၁၈၇၄၅ )**
**အမှတ် (၆၁၀)၊ ဗိုလ်ဆွန်ပတ်လမ်း၊ ၃၉ (A) ရပ်ကွက်၊**
**ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း – ၀၉– ၄၂၂၄၄၉၄၂၂၊ ၀၉–၆၉၃၅၆၃၇၈၅**

## ကန့်ကွက်နိုင်ပါသည်။

ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်- ၂၈ E ၊ မြေကွက်အမှတ်- ၃၀၉၊ ဧရိယာ- ၀. ၀၄၇ ဧက (၃၂ ပေ x ၆၄ ပေ) ရှိ နှစ် (၆၀) မြေငှားဂရန်မြေကွက်ပေါ်၌ " ပိုင် " ဆောက်လုပ်ရေးမှ တာဝန်ယူတည်ဆောက်ထားသော ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ကျွန်းတော/တောင်ရပ်ကွက်၊ ကျွန်းတောလမ်း၊ အမှတ်- ၄၂ ဟုခေါ်တွင်သည့် (၁) ခန်းတွဲ (၈) တိုက်အဆောက်အဦ၏ တိုက်ခန်းဧရိယာ- ၂၉ ပေ x ၆၂ ပေ အကျယ်အဝန်း ရှိ(၈) လွှာ တိုက်ခန်း အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ် တို့ကို တစ်ဦးတည်းတရားဝင်လက်ရှိပိုင်ဆိုင်၍ ရောင်းချခြင်းဖြင့်စီမံခန့်ခွဲအကျိုးခံစားခွင့်ရှိသူ မြေရှင်ဖြစ်သော ဒေါ်ခင်သန်းနွဲ့ (၁၂/မရက (နိုင်) ၀၁၈၅၇၇) ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် ရောင်းဘိုးငွေ၏တစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်ကို ကန့်ကွက်လိုပါက တိုက်ခန်းအပေါ် ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆိုခိုင်လုံသောအထောက်အထား၊ မူရင်းစာချုပ်စာတမ်းများနှင့်တကွ ယနေ့မှစ၍ (၇) ရက်အတွင်း ကျွန်ုပ်ထံလူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကုန်ဆုံးသည့်တိုင် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

ဝယ်ယူသူ၏ ညွှန်ကြားချက်အရ
အထပ်ပါလိပ်စာပါ တိုက်ခန်းများသည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီအင်ဂျင်နီယာဌာန(အဆောက်အအုံ)၏ ဆောက်လုပ်ခွင့်ရရှိထားသည့် ပိုင်ရှင် ဦးအောင်သန်း ၁၂/သဃက(နိုင်)၁၄၄၄၃၃ သည် တရားဝင် လက်ရှိထား ပိုင်ဆိုင်သူ မှ ရောင်းချပိုင်ခွင့်ရှိပြီး အရှုပ်အရှင်းကင်းရှင်းကြောင်း ဝန်ခံကတိပြု ပြောဆိုသဖြင့် ကျွန်ုပ်၏မိတ်ဆွေ (၁) ဒေါ်ကြည်ကြည်မြင့် ၁၂/ဥကတ(နိုင်)၁၀၂၂၂၆ က မှန်ခန်းကိုလည်းကောင်း၊ (၂) ဦးစိုးနိုင် ၁၂/သဃက(နိုင်)၂၇၃၄၂၀ က ပထမထပ်အခန်းကိုလည်းကောင်း၊ (၃)ဒေါ်အေးအေးမြင့် ၁၂/သဃက(နိုင်)၀၅၈၀၇၁ က ဒုတိယထပ်အခန်းကိုလည်းကောင်း၊ မောင်နေမင်းထက်၊ မလှဲ့လှဲ့ဝင်း (မောင်နှမ) တို့က တတိယထပ်အခန်းကိုလည်းကောင်း၊ ဒေါ်စန္ဒာဦး ၁၂/သဃက(နိုင်)၁၁၉၁၈၄ က အပေါ်ဆုံးထပ်(ဒါဘာ)အခန်းကိုလည်းကောင်း အပြီးအပိုင်ဝယ်ယူရန် သဘောတူညီကြသည့်အလျောက် ရောင်းဖိုးငွေတစ်ဝက်ကို ၂၀၂၄ ခုနှစ်၊ နိုဝင်ဘာ ၃၀ ရက်က ပေးချေထားပြီး တိုက်ခန်းအသီးသီးအား လက်ရောက်ရယူထားပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်အား ကန့်ကွက်လိုပါက ကြော်ငြာပါသည့်ရက်မှစ၍ (၇) ရက်အတွင်း ပိုင်ဆိုင်မှု အထောက် အထားမူရင်းများဖြင့် ကျွန်ုပ်ထံလာရောက် ကန့်ကွက်နိုင်ပါသည်။ ထိုသတ်မှတ်ရက်ထက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ–
ဒေါ်အေးမြတ်မိုး (LL.B) တရားလွှတ်တော်ရှေ့နေ (စဉ်-၁၉၃၄၁)
အမှတ်(၅၆၀)၊ မာဃ(၁၀)လမ်း၊ (၁၂)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊
ရန်ကုန်မြို့၊ ဖုန်း-၀၉-၄၂၀၀၆၅၈၀၇

---

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေ ဒေါ်မေသူဖြိုး၏လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ ကျွန်ုပ်၏ မိတ်ဆွေ ဒေါ်မေသူဖြိုး ၁၂/ဒဂမ(နိုင်)၀၂၀၈၃၁ သည် ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ (ဒ၊၁၇)ရပ်ကွက်၊ အောင်မင်္ဂလာလမ်း၊ အမှတ်(၁၁၆/က)၊ မြေအကျယ် (၂၀ x ၆၀)ပေရှိ ခြံမြေကွက်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား ရောင်းချပိုင်ခွင့်ရှိသူ ဦးဗိုလ်တေဇ ၁၂/ရကန(နိုင်)၁၂၉၇၇၈ ထံမှ တရားဝင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေခဲ့ပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ကန့်ကွက်လိုသူရှိပါက ကျွန်ုပ်ထံသို့ဖြစ်စေ၊ ဝယ်ယူသူထံသို့ဖြစ်စေ ခိုင်လုံသည့်စာချုပ်စာတမ်း အထောက်အထားမူရင်းများနှင့်အတူ ဤသတင်းစာ ကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ ကန့်ကွက်မည့်သူမရှိပါက အဆိုပါအရောင်းအဝယ်ကိစ္စကို အထမြောက်စေရန်အတွက် ဥပဒေနှင့်အညီဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဒေါ်မေသူဖြိုး၏ လွှဲအပ်ညွှန်ကြားချက်အရ–

| | |
|---|---|
| ဦးသန်းဇော် (LL.B,D.B.L) | ဒေါ်ရည်မွန်အောင် (LL.B,D.B.L,D.I.L) |
| (စဉ်-၁၂၇၇၃) | (စဉ်-၁၃၈၃၉) |

တရားလွှတ်တော်ရှေ့နေများ
အမှတ်(၂၆၈၈)၊ စိန်တစ်ပွင့်လမ်း၊ (ဒ-၆၃/၁၇)ရပ်ကွက်၊ ရွှေပြည်သာမြို့နယ်၊
ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉- ၄၅၀၀၃၄၃၆၃၊ ၀၉-၄၂၀၀၃၃၈၂၆

## ရွှေတိဂုံစေတီတော် ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့ ရွှေမှိုက်ပစ္စည်းများရောင်းချရန် ဈေးပြိုင်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၁၈ ခုနှစ် စက်တင်ဘာလ မှ ၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီလအထိ ရွှေတိဂုံစေတီတော် အာရုံခံမုခ်ဦး(၄)ဘက်ရှိ ယတြာရွှေချဘုရားများ ရွှေသင်္ကန်းကပ်လှူရာ၌ သိမ်းဆည်းထားသော ရွှေလောင်စက္ကူ၊ ရွှေသုတ်ဖတ်၊ ရွှေပေါ်ရွှေချလုပ်ငန်း ဆောင်ရွက်ရာမှရရှိသည့် ရွှေလောင်လိတ်၊ သစ်ဂွမ်း၊ ကြောင်ချေး၊ သရိုးဖတ်နှင့် ဖိုနေရာ လုံကွဲအပိုင်းအစ စသည့်တို့ကို ထုတ်ပိုးထားသည့် ရွှေမှိုက်ပစ္စည်းအိတ်(၈၀၀)ခန့်အား ဈေးပြိုင်တင်ဒါစနစ်ဖြင့် ရောင်းချသွားမည်ဖြစ်ပါသည်။

၂။ ဈေးပြိုင်တင်ဒါ တင်သွင်းလိုသူများသည် တင်ဒါစည်းကမ်းချက်တစ်စုံလျှင် ငွေကျပ် ၃၀,၀၀၀/-နှုန်းဖြင့် ၁၇-၃-၂၀၂၅ ရက် (တနင်္လာနေ့)မှ ၂၁-၃-၂၀၂၅ ရက် (သောကြာနေ့)အထိ ရုံးဖွင့်ရက် ရုံးချိန်အတွင်း ဝယ်ယူ၍ ရွှေမှိုက်ပစ္စည်းများကို မျက်မြင်ကြည့်ရှုနိုင်ပါသည်။

၃။ ဈေးပြိုင်တင်ဒါဖွင့်ဖောက်ခြင်းကို ၂၅-၃-၂၀၂၅ ရက် (အင်္ဂါနေ့) နေ့လယ်(၁၃၀၀)နာရီတွင် ရင်ပြင်တော်တောင်ဘက် ရေးဟောင်းဗုဒ္ဓရုပ်ပွားတော်များတန်ဆောင်း၌ ပြုလုပ်ပါမည်။

အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ဖုန်း-၀၁-၃၇၅၇၆၇ သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**ရွှေတိဂုံစေတီတော် ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်ဆိပ်ကမ်းမြို့နယ်၊ မြေတိုင်း ရပ်ကွက်အမှတ်(၉၁)၊ မြေကွက်အမှတ် (၄၃၄)၊ မြေအကျယ်အဝန်း ၀ ဒသမ ၀၅၅ ဧကရှိ နှစ်(၆၀)မြေငှားဂရန်မြေကွက်နှင့် ယင်းပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အား မူလအမည်ပေါက်ပိုင်ရှင် ဒေါ်လွင်ခိုင်ညွှန့်၇/တငန(နိုင်)၀၉၉၈၂၇ ထံမှ မှတ်ပုံတင်စာချုပ်ကြီးချုပ်ဆို၍ ဝယ်ယူပိုင်ဆိုင်ခဲ့သူ ဦးသန်းထိုက်၁၀/ကမရ(နိုင်) ၀၅၈၃၆၇ က ပိုင်ဆိုင်မှုအရှုပ်အရှင်းကင်း၍ ပြန်လည်ရောင်းချလွှဲပြောင်းပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုပြောကြားလာသဖြင့် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးကျော်ခိုင်လတ်နှင့် မနန်းဆုမြတ်ဝေတို့မှ အဆိုပါမြေအား ဝယ်ယူရန်အတွက် တန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါသည်။အဆိုပါမြေကွက်နှင့်ပတ်သက်၍ ကန့်ကွက်ရန်ရှိပါက ပိုင်ဆိုင်မှုအထောက် အထား စာရွက်စာတမ်းခိုင်လုံစွာဖြင့် ကျွန်ုပ်ထံသို့ ဤကြော်ငြာပါသည့်ရက်မှ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်ချက်တစ်စုံတစ်ရာမရှိပါက မြေကွက်အရောင်းအဝယ်စာချုပ်အား ဥပဒေနှင့် အညီ ဆက်လက်ချုပ်ဆို ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက် မှန်ကန်ပါသည်။**
**ဦးကျော်ခိုင်လတ်၊ နန်းဆုမြတ်ဝေ**

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်သူဇာထွန်း (LL.B,D.B.L) အထက်တန်းရှေ့နေ (စဉ်-၃၉၉၀၆ /၁၂)**
**ဦးညိုမြ၊ အမှတ်(၁)၊ ဦးညိုကွန်ဒို၊ တိုက်(B/13)၊ ဇဝနလမ်း၊ ဇဝနရပ်ကွက်၊ သဃ်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၇၉၉၅၆၄၁၈၂**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ အောင်ချမ်းသာရပ်ကွက်၊ ဦးရာဇတ်လမ်း၊ မြေကွက်အမှတ်(၁၆၂)၊ အကွက်အမှတ်(၂၅၊ ဗိုလ်ချုပ်ရေနံစက်ကွက်)၊ ဦးပိုင်အမှတ်(၄)၊ ဧရိယာ ၀ ဒသမ ၀၅၅ ဧကအကျယ်ရှိ ဦးမောင်မောင်သန်း(ဌာနေ) အမည်ပေါက် နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးကို လက်ဝယ်ရှိ၍ ရောင်းချ ပိုင်ခွင့်ရှိကြောင်းဝန်ခံသူ ဦးကံဝင်း(ဘ)ဦးကံ ၁၂/စခန(နိုင်)၀၂၆၉၀၆ထံမှ ကျွန်ုပ်၏မိတ်ဆွေများဖြစ်ကြသော (၁) ဒေါ်ခင်စန်းဝေ(ဘ) ဦးတင်ရွှေ ၁၂/သလန(နိုင်)၀၁၉၈၆၄၊ (၂) ဒေါ်ခင်ဌေးကြည် (ဘ) ဦးတင်ရွှေ ၁၂/သလန(နိုင်)၀၂၀၃၇၃ တို့က ပြန်လည်ဝယ်ယူရန်အတွက် ၎င်းအား စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ကျွန်ုပ်ထံသို့ ပိုင်ဆိုင်မှု စာရွက်စာတမ်းမူရင်း များနှင့်တကွ ယနေ့မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ပြီးဆုံးအောင် ဆက်လက်ဆောင်ရွက်ကာ အရောင်းအဝယ်ပြုသည့်ပစ္စည်းကို လက်ရောက် ရယူသွားမည်ဖြစ်ကြောင်း အများ သိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဦးဇာနည်(LL.B.D.B.L) (စဉ်-၁၄၆၆၈)** **ဒေါ်ခင်သီတာမြင့်အောင်**
**ဒေါ်အိအိမော်(ခ)အိသဥ္ဇာအောင် (LL.B) (စဉ်-၁၈၇၂၆)** **(LL.B ) (စဉ်-၅၂၀၆၄)**
**တရားလွှတ်တော်ရှေ့နေများ** **အထက်တန်းရှေ့နေ**
**အမှတ်(၁၂၈)၊ ကျိုက်ခေါက်ဘုရားလမ်း၊ သောက်တော်တွင်းရပ်ကွက်၊ သန်လျင်မြို့၊ ဖုန်း-၀၉-၇၉၇၀၇၅၃၁၂**

## ပြင်ဆင်ဖတ်ရှုပါရန်

၁၁-၃-၂၀၂၅ ရက်ထုတ် ဤသတင်းစာ၏ စာမျက်နှာ(၂၈) ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ ကြယ်စင်မြို့တော် အိမ်ရာ စီမံကိန်းအတွင်းရှိ Estella Townhouses၊ မြေနှင့်အဆောက်အအုံအမှတ် (၆၁၉) အရောင်းအဝယ် ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း ကြော်ငြာ တွင် လမ်းအမည် (Stella Drive 1) အစား လမ်းအမည် (Stella Drive 2) ဟု ပြင်ဆင်ဖတ်ရှုပေးပါရန်။

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ရန်ကုန်မြို့ ၊ သဃ်္ဃန်းကျွန်းမြို့နယ်၊ ၁၆/၄ရပ်ကွက်၊ ဂန့်ဂေါ်ရိပ်သာလမ်း၊ အမှတ်(၆၂၃)၊ မောင်သန်းထိုက် ၁၂/သဃက(ပြု)၀၀၀၁၄၄ သည် မိသားစု အရှက်ရအောင် အကြိမ်ကြိမ် ပြုလုပ်ပြီး မိဘများ၏ ဆုံးမမှုကို မနာခံရုံသာမက ၎င်း၏သဘော ဆန္ဒအလျောက် နေအိမ်မှ ထွက်ပြေးသွားပြီ ဖြစ်သောကြောင့် အမွေစား အမွေခံ သားအရင်း အဖြစ်မှ စွန့်လွှတ်လိုက်ပါသည်။ နောင်တွင် ၎င်းနှင့် သက်ဆိုင်သော ကိစ္စအဝဝတို့သည် မိသားစု မှ လုံးဝလုံးဝ သက်ဆိုင်မှုမရှိတော့ပါ။

**စုံစမ်းမေးမြန်းခြင်းသည်းခံပါ။**
**ဦးလှထွန်း**
**၁၂/သဃက(ပြု)၀၀၀၁၈၅ +**
**ဒေါ်ဌေးဌေးဝင်း**
**၁၂/သဃက(နိုင်) ၀၁၀၆၆၉**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ အောင်ချမ်းသာ(၂)ရပ်ကွက်၊ ဗိုလ်မိုးညို လမ်း၊ အကွက်အမှတ်(၂၅၊ ဗိုလ်ချုပ်ရေနံစက်ကွက်)၊ ဦးပိုင်အမှတ်(၄/၁၀၇)၊ မြေကွက်အမှတ်(ခ/၁၂)၊ ဂရန်အမှတ်အမှတ်(RPNO-၃၉၃ V/၉၀-၉၁)အရ ဦးမောင်တင် အမည်ပေါက် မြေကွက်အနက် ဧရိယာ(၀.၀၂၈)ဧက အကျယ်ရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို လက်ဝယ်ရှိ၍ ရောင်းချပိုင်ခွင့်ရှိကြောင်းဝန်ခံသူ ဒေါ်ခင်ခင်လတ် (ဘ) ဦးအုန်းရွှေ ၁၂/လမန (နိုင်)၀၇၃၄၈၉ ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်နှင်း နန္ဒာလှိုင်(ဘ) ဦးဇော်မျိုးဝင်း ၁၂/သကတ(နိုင်)၁၇၂၄၂၃ က ပြန်လည်ဝယ်ယူရန်အတွက် ၎င်းအား စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ကျွန်ုပ်ထံသို့ ပိုင်ဆိုင်မှုစာရွက် စာတမ်းမူရင်းများနှင့်တကွ ယနေ့မှစ၍ (၇)ရက်အတွင်း လာရောက် ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ပြီးဆုံးအောင် ဆက်လက်ဆောင်ရွက်ကာ အရောင်းအဝယ်ပြုသည့် ပစ္စည်းကို လက်ရောက်ရယူသွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဦးဇာနည် (LLB,D.B.L)** **ဒေါ်ခင်သီတာမြင့်အောင် (LL.B )**
**(စဉ် ၁၄၆၆၈)** **(စဉ်-၅၂၀၆၄)**
**ဒေါ်အိအိမော်(ခ)အိသဥ္ဇာအောင်(LL.B)** **အထက်တန်းရှေ့နေ**
**(စဉ်-၁၈၇၂၆)**
**တရားလွှတ်တော်ရှေ့နေများ**
**ဗိုလ်မိုးညိုလမ်းသွယ်၊ အောင်ချမ်းသာ(၂)ရပ်ကွက်၊ သန်လျင်မြို့**
**ဖုန်း-၀၉-၄၂၀၃၀၀၂၆၂**

## ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန်ကြေညာခြင်း

မကွေးတိုင်းဒေသကြီး၊ မကွေးခရိုင်၊ မကွေးမြို့နယ်၊ မကွေးမြို့၊ အောင်မင်္ဂလာ ရပ်ကွက်၊ ရန်မျိုးနိုင်ရပ်၊ ၆-လမ်း၊ မြေကွက်အမှတ်(၁၅၀)၊ အလျား(၆၅ပေ)၊ အနံ(၄၀ ပေ)၊ ဧရိယာ ၀ ဒသမ ၀၆၀ ဧကရှိမြေကွက်၊ အရှေ့လားသော်-မြေကွက်အမှတ်(၁၅၂)၊ အနောက်လားသော် မြေကွက်အမှတ်(၁၄၈)၊ တောင်လားသော်-မြေကွက်အမှတ် (၁၁၁)၊ မြောက်လားသော်(၆)လမ်းတို့ ဝန်းရံလျက်ရှိသောအလားလေးရပ်အတွင်းရှိ အကျယ်အဝန်း အလျား (၆၅ ပေ) x အနံ-(၄၀ပေ ) အကျယ်ရှိ မြေကွက်နှင့် ယင်း မြေကွက်၏ မြေပေါ်မြေအောက်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင်လက်ဝယ် ပိုင်ဆိုင်ထားရှိသူဖြစ်သော ဒေါ်သန္တာဆွေ၁၂/မဂတ(နိုင်) ၀၀၀၈၆၈ အဘအမည် - ဦးသိန်းဝင်းထံမှ ကျွန်မ ဒေါ်နီလာဝင်း ၅/ဝလန(နိုင်) ၀၉၉၆၈၇ က အပြီးပိုင် ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အထက်ဖော်ပြပါကိစ္စနှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသူ များရှိပါက ကျွန်မထံသို့ တိကျသောတရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းမူရင်း အထောက်အထားများနှင့်တကွ ဤကြော်ငြာပါဝင်သည့်ရက်မှစ၍ (၁၄)ရက် အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက ဤအရောင်း အဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်နီလာဝင်း**
**၅/ဝလန (နိုင်)၀၉၉၆၈၇**
**ကန်သာ(B)ရပ်ကွက်၊ (၃)လမ်း ၊ မကွေးမြို့၊**
**ဖုန်း-၀၉-၇၉၅၄၈၁၅၀၀**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ ပဲခူးစုရပ်ကွက်၊ မင်းရဲကျော်စွာ လမ်း၊ အကွက်အမှတ်(၂၃၊ ရုံးတော်ကွက်)၊ ဦးပိုင်အမှတ် (၈/၁၅၇)၊ မြေကွက်အမှတ် (D-၈၁) ဟုခေါ်တွင်သော ဧရိယာ ၀ ဒသမ ၀၇၃ ဧက အကျယ်ရှိ ဂရန်အမှတ်တွဲအမှတ်-(RPNO-၁၃၇/V/၁၉၈၉-၉၀)အရ ဒေါ်နှင်းယဉ် အမည်ပေါက် ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်အားလုံး ကို လက်ဝယ်ရှိ၍ ရောင်းချပိုင်ခွင့်ရှိ၍ မှတ်ပုံတင်စာချုပ်ဖြင့်ဝယ်ယူကာ လက်ရောက် ရရှိပိုင်ဆိုင်ထားသူ ဒေါ်နွယ်နွယ်ဝင်း (ဘ)ဦးကိုကိုကြီး ၁၂/ကတတ(နိုင်)၀၁၆၁၀၄ ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဦးအာမက်(ခ)ဦးဇေယျာလင်း(ဘ)ဦးစလင်း(မ်) ၁၂/မဂတ (နိုင်)၀၉၃၅၅၅ တို့က ပြန်လည်ဝယ်ယူရန်အတွက် ၎င်းအားစရန်ငွေ ပေးချေထားပြီး ဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ကျွန်ုပ်ထံသို့ ပိုင်ဆိုင်မှုစာရွက်စာတမ်း မူရင်းများနှင့်တကွ ယနေ့မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက် သူမရှိပါက အရောင်းအဝယ်ကို ပြီးဆုံးအောင် ဆက်လက်ဆောင်ရွက်ကာ အရောင်းအဝယ်ပြုသည့်ပစ္စည်းကို လက်ရောက်ရယူသွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဦးဇာနည် (LL.B,D.B.L) (စဉ်-၁၄၆၆၈)** **ဒေါ်ခင်သီတာမြင့်အောင် (LL.B)**
**ဒေါ်အိအိမော်(ခ)အိသဥ္ဇာအောင်(LL.B)** **(စဉ်-၅၂၀၆၄)**
**(စဉ်-၁၈၇၂၆)** **အထက်တန်းရှေ့နေ**
**တရားလွှတ်တော်ရှေ့နေများ**
**အမှတ်(၁၂၈)၊ ကျိုက်ခေါက်ဘုရားလမ်း၊**
**သောက်တော်တွင်းရပ်ကွက်၊ သန်လျင်မြို့**
**ဖုန်း-၀၉-၄၂၀၃၀၀၂၆၂**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ အောင်ချမ်းသာ(၂)ရပ်ကွက်၊ ဗိုလ်မိုးညို လမ်းသွယ်(၁)၊ အလျား x အနံ(၂၃ x ၅၇)ပေအကျယ်ရှိ မြေကွက်နှင့် ယင်းမြေကွက် ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို လက်ဝယ်ရှိ၍ ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံသူ ဒေါ်ဥမ္မာလှိုင် (ဘ) ဦးကျော်လှိုင် ၁၂/ဗဟန(နိုင်)၀၀၁၄၄၃ ထံမှ ကျွန်ုပ်၏ မိတ်ဆွေ ဒေါ်ကေသီဝင့်အောင် (ဘ) ဦးမောင်လှ ၁၂/သဃက(ဧည့်)၀၀၀၂၁၅ က ပြန်လည်ဝယ်ယူရန်အတွက် ၎င်းအား စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ကျွန်ုပ်ထံသို့ ပိုင်ဆိုင်မှုစာရွက်စာတမ်း မူရင်းများနှင့် တကွ ယနေ့မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူ မရှိပါက အရောင်းအဝယ်ကို ပြီးဆုံးအောင် ဆက်လက်ဆောင်ရွက်ကာ အရောင်း အဝယ်ပြုသည့်ပစ္စည်းကို လက်ရောက်ရယူသွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဦးဇာနည် (LL.B,D.B.L) (စဉ်-၁၄၆၆၈)** **ဒေါ်ခင်သီတာမြင့်အောင် (LL.B)**
**ဒေါ်အိအိမော်(ခ)အိသဥ္ဇာအောင်(LL.B)** **(စဉ်-၅၂၀၆၄)**
**(စဉ်-၁၈၇၂၆)** **အထက်တန်းရှေ့နေ**
**တရားလွှတ်တော်ရှေ့နေများ**
**အမှတ်(၁၂၈)၊ ကျိုက်ခေါက်ဘုရားလမ်း၊**
**သောက်တော်တွင်းရပ်ကွက်၊ သန်လျင်မြို့**
**ဖုန်း-၀၉-၄၂၀၃၀၀၂၆၂**

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ (ဈ)ရပ်ကွက်၊ စက္ကဝတ်(၅)လမ်း၊ အမှတ်(၁၁၇)နေ ဒေါ်အေးစန္ဒာ (ဘ)ဦးဝင်းမြင့် ၁၂/ဥကမ (နိုင်)၁၄၆၈၃၃ ၏ လွှဲအပ်ညွှန်ကြားချက်အရ ရန်ကုန်တိုင်းဒေသကြီး၊ လမ်းမတော်မြို့နယ်၊ (၈)ရပ်ကွက်၊ (၃)လမ်း၊ အမှတ်(၅၇)မြေကွက်ပေါ်တွင် ရှိသော (၇)လွှာအဆောက်အအုံ၏ (၄)လွှာတိုက်ခန်းအား ၂၁-၆-၂၀၁၉ ရက်ကတည်းက တိုက်ခန်းပိုင်ရှင် ဦးဌေးအောင် ၁၂/ဥကမ(နိုင်)၀၀၀၂၄၂ ထံမှ လက်ရောက်လွှဲပြောင်း လက်ဝယ်ပိုင်ဆိုင်ခဲ့ပါသည်။ အထက်ဖော်ပြပါ တိုက်ခန်းမှာ ၂၁-၆-၂၀၁၉ ရက်ကတည်းက လက်ရောက်လွှဲပြောင်း ရယူခဲ့ပြီးဖြစ်၍ အဆိုပါတိုက်ခန်း၏ စီမံခန့်ခွဲခွင့်ကိစ္စအဝဝကိုလည်း ကျွန်ုပ်မိတ်ဆွေမှ အပြည့်အဝ စီမံခန့်ခွဲလျက်ရှိကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးထွန်းထွန်းဝင်း (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၁၀၁၁/၁၆)**
**(၂၀၁၆ခုနှစ်၊ ဇူလိုင်လ ၂၈ ရက်)**
**ရုံးအမှတ်(၅၈/၆၀) (ပထမထပ်)၊ မဟာဗန္ဓုလပန်းခြံလမ်း၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊**
**ဖုန်း-၀၉-၂၅၂၅၇၉၂၉၉၊၀၉-၆၈၄၈၈၉၉၄**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ

**(တရားမကျင့်ထုံးဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)**

**ထန်းတပင်မြို့နယ်တရားရုံး**

**၂၀၂၅ ခုနှစ်၊ တရားမကြီးမှုအမှတ်-၅**

ဒေါ်နန်းခင်မာအေး **နှင့်** ၁။ ကိုကျော်ရဲသူ ၂။ ဒေါ်တင်မူလှိုင်
**တရားလို** **တရားပြိုင်များ**

ပဲခူးတိုင်းဒေသကြီး၊ တောင်ငူခရိုင်၊ ထန်းတပင်မြို့နယ်၊ ဇရပ်ကြီးကျေးရွာ၊ မြို့သစ်ရပ်ကွက်နေ၊ ကိုကျော်ရဲသူ (ဘ) ဦးဖြူမောင်နှင့် ဒေါ်တင်မူလှိုင် (ဘ) ဦးဇော်ဝင်း (ယခုနေရပ်လိပ်စာမသိသူတို့)သိစေရမည်။

သင့်အပေါ်၌ တရားလိုက "ငွေ(၁၂၅)သိန်းကျပ်တိတိလိုမှု" နှင့်ပတ်သက်၍ လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ် တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၂၅ ခုနှစ်၊ ဧပြီလ ၂၃ ရက်(၁၃၈၇ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၁၁ ရက်)မွန်းမတည့်မီ(၁၀)နာရီတွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းအပြင် အထက်ပါရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေး လိမ့်မည်။ ၎င်းအပြင် တရားလိုကကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အရှိသည်တို့ကို သင်နှင့်အတူ ယူဆောင် လာရမည်။ သို့မဟုတ် သင့်ကိုယ်စားရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၅ ခုနှစ်၊ မတ်လ ၁၁ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ် လက်မှတ် ရေးထိုးပေးလိုက်သည်။

(သူရိန် )
မြို့နယ်တရားသူကြီး
ထန်းတပင်မြို့နယ်တရားရုံး

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်(၁၀) (ရွှေပေါက်ကံ)၊ ဘုရင့်နောင် (၃)လမ်း၊ မြေကွက်အမှတ်(၅၄)၊ အကျယ် အဝန်း ပေ( ၄၀ x ၆၀ )၊ အကျယ်ရှိ ဒေါ်သင်းသင်းထွေး ၁၂/တမန(နိုင်)၀၉၅၂၃၅ အမည်ပေါက်သည့် နှစ်(၆၀)မြေငှားဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိကြောင်း အဆိုပြုသူ ဂရန်အမည်ပေါက်ဖြစ်သူ ဒေါ်သင်းသင်းထွေး ၁၂/တမန(နိုင်)၀၉၅၂၃၅ ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသအား ပေးချေထားပြီး ဖြစ်ပါသဖြင့် အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်ထံသို့ တရားဝင် ခိုင်လုံသော စာရွက်စာတမ်းအထောက်အားမူရင်းများဖြင့်ယနေ့မှစ၍ (၇)ရက် အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ထက် ကျော်လွန် ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ် ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဦးမျိုးမင်းအောင် (LL.B)** **ဒေါ်တင်မျိုးဝင်း (LL.B ),(D.B.L),(D.I.L)**
**တရားလွှတ်တော်ရှေ့နေ** **တရားလွှတ်တော်ရှေ့နေ**
**(စဉ်-၉၃၂၈/၁၃)** **(စဉ်-၈၄၆၈/၁၂)**
**ဖုန်း-၀၉-၆၉၉၈၇၄၃၈၈**
**အမှတ် ( ၆၄/က)၊ ၅ လမ်း၊ (၁၅)ရပ်ကွက်၊**
**တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်-၄၀၊ပုလဲလမ်း၊မြေကွက်အမှတ်-၁၈၉(က)၊ အကျယ်အဝန်း(အလျား ၂၀x အနံ ၆၀)ပေ နှစ်(၆၀)မြေငှားဂရန်မူရင်း မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိဆော က်လုပ်ထားသော နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့သည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေယာဌာနတွင် နော်အော်လေဗီယာချစ် ၇/သဝတ(နိုင်)၀၆၄၆၈၉ အမည်ဖြင့် မှတ်သားတည်ရှိပြီး နော်အော်လေဗီယာချစ်မှ တရားဝင်ပိုင်ဆိုင်ရောင်းချ ပိုင်ခွင့်ရှိကြောင်း ဝန်ခံအဆို ပြု၍ နှစ်(၆၀)မြေငှားဂရန်မူရင်းဖြင့် ရောင်းချရန် ကမ်းလှမ်းရာ ကျွန်ုပ်၏မိတ်ဆွေ ဦးငြိမ်းချမ်းဇော်နှင့် ဒေါ်ဝတ်ရည်နန္ဒာမောင်တို့မှ အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေပေးအပ်၍ မြေနှင့်အိမ် အရောင်းအဝယ် စရန်ငွေပေးကတိစာချုပ် ချုပ်ဆိုထားပြီးဖြစ်ပါသည်။ ယင်းအိမ်မြေနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်မာသော စာရွက်စာတမ်းမူရင်းအပြည့်အစုံဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက် အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ တရားဝင် ပြီးမြောက်အောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ် ပါသည်။

**ဦးငြိမ်းချမ်းဇော်နှင့် ဒေါ်ဝတ်ရည်နန္ဒာမောင်တို့၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်မြနှင်းအေး (LL.B) အထက်တန်းရှေ့နေ (စဉ်-၅၂၇၃၄)**
**အမှတ် ၄၄၃၊ ရွှေဖီခိုင်ညွှာလမ်း၊ (၄၁)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊**
**ရန်ကုန်မြို့၊ ဖုန်း-၀၉-၂၅၄၄၁၈၂၂၄**

## ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ ကြယ်စင်မြို့တော်အိမ်ရာ စီမံကိန်း အတွင်းရှိ ARA Residences တိုက်အမှတ် (Y20)၊ အခန်းအမှတ်(၃၀၅)၊ တိုက်ခန်း အမျိုးအစား (2-Bedroom)၊ ခန့်မှန်းကြမ်းခင်းဧရိယာ (၆၅၀)စတုရန်းပေရှိ တိုက်ခန်းနှင့် ၎င်းတိုက်ခန်းတွင် ဆက်စပ်တွယ်ကပ်လျက်ရှိသော အကျိုးခံစားခွင့် အရပ်ရပ်တို့အား ရောင်းချပိုင်ခွင့်ရှိသည်ဟု ဦးဉာဏ်သစ်လှိုင် ၁၂/လမတ(နိုင်) ၀၁၆၃၂၁နှင့် ဒေါ်သန်းသန်းခိုင် ၁၂/ဗတထ(နိုင်)၀၀၀၅၅၇ တို့ထံမှ အပြီးအပြတ် ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ဖော်ပြပါ ကိစ္စနှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိပါက ကျွန်ုပ်ထံသို့ ခိုင်လုံသော စာချုပ် စာတမ်းများနှင့်အတူ ယခုကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း လာရောက် ကန့်ကွက်နိုင်ပါသည်။ ယင်းရက်ကျော်လွန်၍ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးမြောက်သည်အထိ ဆက်လက်ဆောင် ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်စန်းသူဇာမြိုင်**
**(၁၂/သလန(နိုင်)၀၁၁၈၉၁)**
**ဖုန်း-၀၉-၇၉၄၉၄၂၂၅၄**

## ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ဆရာစံတောင်ရပ်ကွက်၊ ဦးအောင်ကျော်ဖြူလမ်း၊ အမှတ်၄၀၊ ဒေါ်မြင့်သန်း အမည်ပေါက် မြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော (၂)ခန်းတွဲ(၅)ထပ်အဆောက်အအုံ၏ မြေညီထပ်(ညာ)၊ အကျယ်အဝန်း အလျား (၉) ပေ x အနံ ( ၃၈ )ပေရှိ တိုက်ခန်းအား ဒေါ်မြင့်သန်း၏ မောင်နှမများဖြစ်ကြသော ၁။ ဦးတင်ထွန်း၊ ၂။ ဦးရဲညွှန့်၊ ၃။ ဒေါ်ခင်စန်းအေး၊ ၄။ ဦးဌေးအောင်၊ ၅။ ဒေါ်တင်တင်နွယ်တို့က လွှဲပြောင်းရောင်းချခွင့်ရှိကြောင်း ဝန်ခံကတိပြုသဖြင့် ကျွန်ုပ်၏မိတ်ဆွေကဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ယင်းတိုက်ခန်းနှင့်ပတ်သက်၍ ၂၈-၃-၂၀၂၅ ရက်တွင် အပြီးသတ် ငွေပေးချေဝယ်ယူမည်ဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာ ပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသော စာရွက်စာတမ်း အထောက်အထားများဖြင့် လာရောက် ကန့်ကွက်နိုင်ပါကြောင်း၊ ကန့်ကွက်မည့်သူ မရှိပါက အရောင်းအဝယ်အား ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ခင်သီတာလွင် (LL.B,D.I.L)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၀၈၀၆/၂၀၁၆)**
**အမှတ်-၉၊ ဆရာမကြီးလမ်း၊ ဆရာစံတောင်ရပ်ကွက်၊ ဗဟန်းမြို့နယ်၊**
**ဖုန်း-၀၉-၄၂၅၀၁၈၆၈၄**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ ကြယ်စင်မြို့တော်အိမ်ရာ စီမံကိန်း အတွင်းရှိ ဇုန်(City Loft)၊ တိုက်အမှတ်(CL10)၊ အခန်းအမှတ်(၇၁၇)၊ တိုက်ခန်း အမျိုးအစား (1-Bedroom)၊ ခန့်မှန်းကြမ်းခင်းဧရိယာ (၄၈၄) စတုရန်းပေရှိ တိုက်ခန်းနှင့် ၎င်းတိုက်ခန်းတွင် ဆက်စပ်တွယ်ကပ်လျက်ရှိသော အကျိုးခံစားခွင့် အရပ်ရပ်တို့အား ရောင်းချပိုင်ခွင့်ရှိသည်ဟု ဦးရန်အောင်မြတ်သူ ၉/ခအဇ(နိုင်) ၀၀၀၅၃၆ တို့ထံမှ အပြီးအပြတ်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ဖော်ပြပါကိစ္စနှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိပါက ကျွန်ုပ်ထံသို့ခိုင်လုံသော စာချုပ်စာတမ်းများနှင့်အတူ ယခု ကြော်ငြာပါသည့်ရက်မှ စ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ယင်းရက်ကျော်လွန်၍ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးမြောက်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးကျော်ဝဏ္ဏစိုး**
**(၁၃/သနန(နိုင်)၀၃၆၉၄၉)**
**ဖုန်း-၀၉-၅၅၀၈၀၀၀**

## ဝမ်းနည်းကြေကွဲခြင်း
## ဒေါ်ခင်တုတ်
### အသက်(၉၂)နှစ်

သူငယ်ချင်း ဦးကျော်စိန်ဝင်း-ဒေါ်စန်းစန်းဦးတို့၏မိခင်ကြီး ဒေါ်ခင်တုတ်သည် ၁၁-၃-၂၀၂၅ရက် (အင်္ဂါနေ့) မွန်းတည့် (၁၂)နာရီတွင် မန္တလေးမြို့ ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**စစ်တက္ကသိုလ် အမှတ်စဉ်(၂၂)မှ သူငယ်ချင်းများနှင့်မိသားစုများ**

## အထူးကျေးဇူးတင်ဝမ်းမြောက်သာဓုခေါ်ဆိုအမျှပေးဝေခြင်း

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ တံခွန်တိုင် ဒါယိကာမကြီး (ဒေါ်ဝင်းကြည်)၏ (၆)လပြည့်အတွက် (၁၃-၃-၂၀၂၅)ရက် တပေါင်းလပြည့်နေ့တွင် ထီးတော်တင်ခြင်း၊ တံခွန်တိုင်ရေစက်ချခြင်း အလှူအတွက် ဝိုင်းဝန်းကူညီပေးပါသော ဆရာတော်ကြီးများ၊ ရဟန်း၊ သံဃာများ၊ လူပုဂ္ဂိုလ်များ၊ ဆွေမျိုးမိတ်သင်္ဂဟများကို အထူးကျေးဇူးတင်ပါသည်။ ထိုပြုလုပ်သော ကောင်းမှုကုသိုလ်အား အမျှပေးဝေပါသည်။ အမေ ရောက်ရာဘုံဘဝမှ ကြားသိနိုင်ပါစေ။

**ကျန်ရစ်သူခင်ပွန်းနှင့်**
**သမီးများ**
**အမှတ်(၉၇)၊ သုနန္ဒတိုးချဲ့၊**
**(၄) ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြရည်နန္ဒာရပ်ကွက်၊ အကွက်အမှတ် ဘဘ-၅၊ ဦးပိုင်အမှတ် ၁၁၊ ၄၉လမ်း၊ ၁၁၃လမ်းထောင့်ရှိ တောဂရန်မြေကွက်အမည်ပေါက်သူ ဒေါက်တာ ဒေါ်ချစ်လှ AZ-၁၁၄၅၇၂၏ အထူးကိုယ်စားလှယ်လွှဲစာ အမှတ် (၁၉၇၄/၂၀၀၈)ဖြင့် လွှဲအပ်ခြင်းခံရသူ ဒေါ်မြင့်မြင့်ကြည် ၉/အမရ(နိုင်)၀၅၁၇၉၃က တောဂရန်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (င)ရပ်ကွက်၊ အကွက်အမှတ် ညည-၁၊ ဦးပိုင်အမှတ် ၆၉/၆၁လမ်း၊ မင်းကြီးရန်နောင်လမ်းxမင်းရဲကျော်စွာလမ်းရှိ ဂရန်မြေကွက်အမည်ပေါက်သူ တပ်ကြပ်ခင်ဝင်း ၉/မနမ(နိုင်) ၀၈၈၄၇၁၏ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ် (၈၁၉၂/ ၂၀၂၁)ဖြင့် လွှဲအပ်ခြင်းခံရသူ ဒေါ်အေးလီ ၁၃/မရန(နိုင်)၀၀၀၅၈၂က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ ပြည်လုံးချမ်းသာရပ်ကွက်၊ အကွက်အမှတ် ၅၅၊ ဦးပိုင်အမှတ် ၆၁+၆၂(က)/ခဲစင်း/၁၃x၁၄ ကြား၊ ၈၁လမ်းx ရွှေတချောင်းကြားရှိ မြေကွက်အား မီးလောင်မြေနေရာချထားပေးရေးအဖွဲ့မှ ဦးခင်မောင်ဇော်အမည်ဖြင့် ချထားပေးခဲ့ပြီး ဖခင် ဦးခင်မောင်ဇော်၊ မိခင် ဒေါ်ခင်သန်းနုတို့ကွယ်လွန်၍ ကျန်ရစ်သူသားသမီးများဖြစ်ကြသော ဦးဝေယံရှိန်းထက် ၉/အမဇ(နိုင်)၀၁၈၆၅၉၊ ဒေါ်မေဇော်အောင် ၉/အမဇ(နိုင်) ၀၄၄၅၈၈တို့က မီးလောင်မြေချထားမိန့်၊ သေစာရင်း၊ တရားရုံးကျမ်းကျိန်ချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး၊ ထောက်ခံချက်များတင်ပြ၍ ခဲစင်းပြအမွေဆက်ခံ စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် 9P/8800 ယာဉ်လက်ဝယ်ရှိသူ ဦးမြင့်စိန် ၇/ပမန(နိုင်)၁၁၁၅၉၇ကယာဉ် မှတ်ပုံတင်စာအုပ် (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်(၃၀)အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး**
**(ပြင်ဦးလွင်)**

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် 25W/49876 ယာဉ်လက်ဝယ်ရှိသူ ဦးအေးကို ၈/ရစက(နိုင်)၀၀၅၅၈၈၈ ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် (၃၀)အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး**
**(ပြင်ဦးလွင်)**

**ဇီဝမျိုးစုံမျိုးကွဲတွေ ကြွယ်စေဖို့**
**သဘာဝ တောတွေ ထိန်းသိမ်းစို့**

## ခရစ်တော်၌အိပ်ပျော်ခြင်း
## ဦးဇာနည်ခိုင်
### အသက် (၅၄)နှစ်

ရန်ကုန်မြို့၊ ပြည်လမ်း၊ တိုက်အမှတ် ၁၁၀/အခန်း ၆၃၊ မရမ်းကုန်းမြို့နယ်နေ ဒေါက်တာဦးမြင့်ခိုင်- (ဒေါ်တင်သန်းယု) တို့၏သားလတ်၊ ဒေါ်ပဥ္စကလျာနီခိုင်၏မောင်၊ ဦးညီညီခိုင်-ဒေါ်နော်ရွှေစင်ထွန်း၏အစ်ကို၊ တူ (၃)ယောက်တို့၏ ဦးလေး၊ မသေတာခိုင်၏ဖခင်သည် ၁၀-၃-၂၀၂၅ ရက်တွင် ခရစ်တော်၌အိပ်ပျော်သွားပါ၍ ၁၁-၃-၂၀၂၅ ရက် ညနေ ၄ နာရီတွင် ရေဝေးခရစ်ယာန်ဂိုဏ်ပေါင်းစုံ ဥယျာဉ်တော်တွင် ဝတ်ပြု ဆုတောင်းပြီး ဂူသွင်းသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုး၊ မိတ်ဆွေသင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ ဦးဇာနည်ခိုင်၏ အောက်မေ့ဖွယ်ဝတ်ပြုဆုတောင်းခြင်းကို ၁၅-၃-၂၀၂၅ ရက် နံနက် ၁၀ နာရီတွင် ကံဘဲ့နှစ်ခြင်းအသင်းတော်၊ ကျောက်ကုန်းလမ်း၊ ရန်ကင်းမြို့နယ်တွင် ပြုလုပ်မည်ဖြစ်ပါသဖြင့် ရပ်ဝေးရပ်နီးမှ ဆွေမျိုး၊ မိတ်ဆွေသင်္ဂဟအပေါင်းတို့အား ဖိတ်ကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်-၁ရပ်ကွက်၊ အကွက်အမှတ် ဏ-၄၊ ဦးပိုင်အမှတ် ၆၆/၆၃x၆၄ကြား၊ ၁၀၅X ၁၀၆ကြားရှိ ဂရန်မြေကွက်အား အမည်ပေါက်သူ ခင်ပွန်းဦးထွန်းအောင်ကျော် ကွယ်လွန်၍ ကျန်ရစ်သူဇနီး ဒေါ်မို့မို့ကြည် ၅/မရန(နိုင်)၀၁၆၃၈၄က ဂရန်စာချုပ်၊ သေစာရင်း၊ တရားရုံးကျမ်းကျိန်ချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက် များတင်ပြ၍ အမွေဆက်ခံစာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ/မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ် စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ကျွန်းလုံးဥသျှောင်ရပ်ကွက်၊ အကွက်အမှတ် ၅၀၉၊ ဦးပိုင်အမှတ် ၁၅-ခ/၈၄x၈၅ ကြား၊ ဘုရားကြီးအနောက်မုခ်လမ်းမြောက်ဘက်ရှိ ဒေါ်စောရင်၊ ဒေါ်ချိုချိုထွန်း၊ ဦးလှမျိုး၊ ဒေါ်အေးအေးကြူ၊ ဒေါ်တင်တင်အေး အမည်ပေါက် ဂရန်မြေကွက်အား အမွေဆက်ခံစာချုပ်အမှတ် (၂၁၄၂/၂၀၂၄)ဖြင့် အမွေဆက်ခံခဲ့သော ဒေါ်ချိုချိုထွန်း ၉/မရတ(နိုင်)၀၂၃၀၅၀၊ ဒေါ်အေးအေးကြူ ၉/မရတ(နိုင်)၀၂၃၀၅၁၊ ဒေါ်တင်တင်အေး ၉/မရတ(နိုင်) ၁၁၉၆၉၄တို့က သက်တမ်းတိုး၊ အမည်ပြောင်း လျှောက်ထားဆဲဖြစ်ရာ ဂရန်မိတ္တူဖြစ်ပါ၍ ဂရန်ပေါ်တွင် ဂရန်ပျောက်ဆုံးသည်ဟု လျှောက်ထားလာသဖြင့် လက်ခံနှင့် စိစစ်၍ ဂရန်မိတ္တူထုတ်ပေးခြင်းဖြစ်သည်။ ဂရန်စာချုပ်မူရင်း ပြန်လည်တွေ့ရှိပါက ယခုထုတ်ပေးထားသော မိတ္တူမှန်သည် ပျက်ပြယ်သည်ဟူသော မင်နီမှတ်ချက်ရေးသားခြင်းအား ပယ်ဖျက်၍သားရေဖုံးဂရန်စာချုပ်ထုတ်ယူခွင့် ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက် လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 7N/5674, DAIHATSU HIJET S32/V, DELIVERY VAN (4x2)R ယာဉ်လက်ဝယ်ရှိသူ ဒေါ်ခင်ဝင်းမြင့် ၅/ရတန(နိုင်)၀၂၄၉၇၁ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် (၃၀)အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း) မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 8J/3260, CHIN DWIN STAR (....01) TRUCK (8x2) (R) T/S ယာဉ်လက်ဝယ်ရှိသူ ဦးဝင်းလှိုင်(ခ)ရှောက်တီ ၁၃/ကမန(နိုင်) ၁၃၅၉၆၂ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်(၃၀) အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးမြောက်ပိုင်း) မန္တလေးမြို့**

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ ကျားကွက်သစ်ရပ်ကွက်၊ ဘယသုဒ္ဓိလမ်း၊ အမှတ်(၂၃)နေ ဒေါ်စန်းစန်းဝင်း ၁၁/ကဖန(နိုင်)၀၀၂၆၅၉၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်-

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ တာမွေကြီး(က+ဂ)ရပ်ကွက်၊ ၁၅၅လမ်းနှင့် ၁၅၇လမ်းကြား၊ ခြံအမှတ်(၁၀၀)၊ မြေကွက်အမှတ် (၆၄၊ ၆၅၊ ၆၆၊ ၆၇၊ ၆၈၊ ၆၉)မြေကွက်များအား ဒေါ်စန်းစန်းဝင်းမှ ယခင်မြေပိုင်ရှင်များ ဖြစ်ကြသော ဦးချစ်လှိုင်၊ ဒေါ်သင်းကြိုင်တို့၏သား သမီးများဖြစ်ကြသော ဒေါ်ညွန့်ရီ ပါ-၅ ဦးတို့ထံမှ ဝယ်ယူထားရှိခဲ့ပြီး ယခုအချိန်တွင် ပိုင်ဆိုင်မှုပြဿနာ အငြင်းပွားလျက်ရှိကြပြီး သဃ်န်းကျွန်းခရိုင်တရားရုံးတွင် အမှုရင်ဆိုင်ဖြေရှင်းလျက်ရှိသော မြေကွက်များဖြစ်ပါသည်။

အဆိုပါမြေကွက်များအား ဒေါ်စန်းစန်းဝင်းခွင့်ပြုချက်မရှိဘဲ မည်သူတစ်ဦးတစ်ယောက်မျှ ရောင်းဝယ်ခြင်း၊ ပေါင်နှံခြင်း၊ ပေးကမ်းခြင်း၊ လှူဒါန်းခြင်း၊ အာမခံထားရှိခြင်း၊ ငှားရမ်းခြင်း၊ အမည်ပြောင်းဆောင်ရွက်ခြင်း၊ အဆောက်အအုံဆောက်လုပ်ခြင်းများ၊ တစ်စုံတစ်ရာပြုလုပ်ခွင့်မရှိကြောင်းနှင့် ပြုလုပ်ပါက ဥပဒေနှင့်အညီ တရားစွဲဆိုဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေး ကြေညာအပ်ပါသည်။

**ဒေါ်စန်းစန်းဝင်း၏လွှဲအပ်ညွှန်ကြားချက်အရ-**

| | | |
|---|---|---|
| **ဒေါ်အေးအေးမော်** | **ဒေါ်သူသူမင်း** | **ဒေါ်ခင်မို့မို့ထွန်း** |
| **(စဉ်-၇၆၀၇)** | **(စဉ်-၁၂၉၆၅ )** | **(စဉ်-၁၅၉၉၄)** |
| **(LL.B,D.B.L)** | **(LL.B,D.B.L)** | **(LL.B)** |

**တရားလွှတ်တော်ရှေ့နေများ**

| | |
|---|---|
| **ဒေါ်မာလာသန်းမြင့်** | **ဒေါ်ချယ်ရီဇော်** |
| **(စဉ်-၁၈၂၅၅)(LL.B)** | **(စဉ်-၄၄၃၉၃)** |
| **(အထက်တန်းရှေ့နေ)** | **(တရားလွှတ်တော်ရှေ့နေ)** |

**အမှတ်(၄၉)၊ အခန်း(၅+၆)၊လမ်း (၄၀)အောက်၊ ကျောက်တံတားမြို့နယ်**
**ရန်ကုန်မြို့၊ ဖုန်း-၀၉- ၂၆၆၂၅၁၆၆၆၊ ၀၉-၇၆၃၁၆၁၂၅၅**

## ကြော်ငြာစာ

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ အောင်မြေသာစံရပ်ကွက်၊ အကွက်အမှတ် ၁၂၁၊ ဦးပိုင်အမှတ် ၁၃/၂၀x ၂၁ကြား၊ ၈၈x ၈၉ကြားရှိ ဒေါ်မြကြည် (မောင်) ဦးထွန်းကြိုင်အမည်ပေါက် ဘိုးဘမြေကွက်အား အစ်မဒေါ်မြကြည် (အပျိုဘဝ)ကွယ်လွန်၍ ကျန်ရစ်သော ပူးတွဲအမည်ပေါက်သူ မောင်ဖြစ်သည့် ဦးထွန်းကြိုင် ၈/မကန(နိုင်)၁၁၈၀၁၈က ဘိုးဘအမည်ပေါက် မြေပုံ၊ သေစာရင်း၊ တရားရုံးကျမ်းကျိန်ချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်များတင်ပြ၍ အမွေဆက်ခံစာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ/မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ အနိုပ်တော်ရပ်ကွက်၊ အကွက်အမှတ် ၁၊ ဦးပိုင်အမှတ်(၁၀၃)၊ ၂၀ X၂၁လမ်းကြား၊ ၆၃X၆၄လမ်းကြားရှိ ဦးမြင့်ဆွေ အမည်ပေါက် ဂရန်မြေကွက်အား ခင်ပွန်းဖြစ်သူ ဦးမြင့်ဆွေ ကွယ်လွန်၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်အမှတ်(၈၅/၂၀၂၅)ဖြင့် အမွေဆက်ခံခဲ့သော ဇနီးဖြစ်သူ ဒေါ်အုန်းသင် ၇/အတန(နိုင်)၀၀၉၅၈၉က အမှုတွဲအမှတ်(၆၉၇၉/၂၀၂၄-၂၀၂၅)ဖြင့် သက်တမ်းတိုး၊ အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ကံသာယာရပ်ကွက်၊ အကွက်အမှတ် F၊ ဦးပိုင်အမှတ် ၁/၅၇လမ်း၊ ၁၀၉လမ်းထောင့်ရှိ တောဂရန်မြေကွက်အား အမည်ပေါက်သူ ခင်ပွန်းဦးကံညွန့် ကွယ်လွန်၍ အမွေဆက်ခံစာချုပ်အမှတ်(၄၅၁၅/၂၀၁၂) ဖြင့် ဇနီး ဒေါ်ဝက်မက အမွေဆက်ခံခဲ့ပြီး မိခင် ဒေါ်ဝက်မ၊ သမီး ဒေါ်မာမာအေး(အပျိုဘဝ)တို့ ကွယ်လွန်၍ ကျန်ရစ်သူ သားသမီးများဖြစ်ကြသော ဒေါ်ခင်တင့် ၉/ပသက(နိုင်)၀၁၀၅၁၂၊ ဒေါ်မာမာဌေး ၉/ပသက(နိုင်)၀၁၀၅၀၅၊ ဒေါ်ခင်လှလှ ၉/ပသက(နိုင်)၀၁၀၅၀၄တို့က မြေချထားမိန့်နှင့် ၁၀၀၀/-ငွေသွင်းပြေစာမူရင်းတို့မှာ အသိမ်းလွန်၍ ပျောက်ဆုံးသွားကြောင်း တောဂရန်၊ သေစာရင်း၊ တရားရုံးကျမ်းကျိန်ချက်၊ ရစခန်းနှင့်ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်များတင်ပြ၍ အမွေဆက်နှင့် အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက်မြေပုံ/မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## မြန်မာ့အလင်းသတင်းစာ၏ (၅-၃-၂၀၂၅)ရက်စွဲပါ စာမျက်နှာ(၂၉)တွင် ဦးညို(ခ)ဦးခင်မောင်ညို၊ ဒေါ်မြင့်ဌေး၊ ဒေါ်ရီဌေး၊ ဦးမြင့်မောင်၊ ဒေါ်တူး(ခ)တူးတူးမာနှင့် အများသိစေရန်ကြေညာခြင်းအပေါ် ဦးညို(ခ) ဦးခင်မောင်ညိုက အများသိစေရန် ရှင်းလင်းကြေညာခြင်း

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (စ)ရပ်ကွက်၊ အကွက်အမှတ် (တတ-၂၁) ဦးပိုင်အမှတ်(၃၆)၊ ဧရိယာ (၀.၀၅၅၁)ဧက အကျယ်အဝန်းရှိ မြေနှင့်အိမ်အား (၁၅-၅-၁၉၉၅)ခုနှစ်တွင်လည်းကောင်း၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (စ)ရပ်ကွက်၊ အကွက်အမှတ် (တတ-၂၁)၊ ဦးပိုင်အမှတ်(၃၇)၊ ဧရိယာ(၀.၀၅၅၁) ဧကအကျယ်အဝန်းရှိမြေနှင့် နံကပ်(၁)ထပ်တိုက်ကို (၂၀-၁၁-၂၀၀၃)ခုနှစ်တွင်လည်းကောင်း ကျွန်ုပ်မိတ်ဆွေ ဦးညို(ခ)ဦးခင်မောင်ညိုက မူလအမည်ပေါက် မြေချထားသူထံမှတစ်ဆင့် အရောင်းအဝယ်စာချုပ်အဆက်စပ်ဖြင့် အနှောင့်အယှက်ကင်းစွာ ဝယ်ယူလက်ရှိနေထိုင်ပိုင်ဆိုင်လျက်ရှိသော ပစ္စည်းများဖြစ်ပါသည်။ အဆိုပါမြေကွက်များကို လွှဲအပ်ညွှန်ချက်အရဟု အဆိုပြုကာ ဒေါ်သူဇာဝင်း (LL.B)၊ အထက်တန်းရှေ့နေ (စဉ်-၅၄၈၂၈)က ဦးညို(ခ)ဦးခင်မောင်ညို၊ ဒေါ်မြင့်ဌေး၊ ဒေါ်ရီဌေး၊ ဦးမြင့်မောင်၊ ဒေါ်တူး(ခ)တူးတူးမာ တို့နှင့်အများသိစေရန် ကြေညာလာခြင်းမှာ အဆိုပါမရွှေ့မပြောင်းနိုင်သောပစ္စည်းများကို လွှဲပြောင်းရောင်းချခြင်း၊ လှူဒါန်းခြင်း၊ ပေးကမ်းခြင်း အခြားနည်းစီမံဆောင်ရွက်ခြင်းများမပြုရန် ကြေညာလာခြင်းသည် ကျွန်ုပ်မိတ်ဆွေ၏ ပိုင်ဆိုင်မှုကို တမင်နစ်နာစေရန် တိုက်ရိုက်ထိပါးလာခြင်းဖြစ်၍ ဤကြေညာစာဖြင့် ပြန်လည်ရှင်းလင်းကြေညာခြင်းဖြစ်ပါသည်။ အထက်ပါ ကျွန်ုပ်မိတ်ဆွေပိုင်ဆိုင်သော မရွှေ့မပြောင်းနိုင်သောပစ္စည်းများနှင့်ပတ်သက်၍ မြေကွက်၏ ပိုင်ဆိုင်မှုစာရွက်စာတမ်းမူရင်းများ၊ ကျွန်ုပ်မိတ်ဆွေက ကာလတန်ဖိုးနှင့်အညီ ၎င်း၏အမည်ဖြင့် ဝယ်ယူထားသော စာရွက်စာတမ်းမူရင်းများရှိ၍ ကျွန်ုပ်မိတ်ဆွေအနေဖြင့် အဆိုပါပစ္စည်း အရပ်ရပ်ကို တစ်ဦးတည်းစီမံရောင်းချလွှဲပြောင်းပေးကမ်းခြင်းအပြင် အခြားနည်းဖြင့် အလုံးစုံစီမံနိုင်သော ပစ္စည်းများဖြစ်ပါကြောင်းနှင့် အမွေရှင်မိဘများ၏ ကျန်ရှိသော အမွေပစ္စည်းများ မဟုတ်ပါကြောင်း ဦးညို(ခ)ဦးခင်မောင်ညိုက ကျန်မောင်နှမများနှင့် အများသိစေရန် ပြန်လည်ရှင်းလင်းကြေညာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူ -** | **လွှဲအပ်ညွှန်ကြားချက်အရ-** |
| **ဦးညို(ခ)ဦးခင်မောင်ညို** | **ဦးဝင်းအေး (LL.B)** |
| **၉/တသန(နိုင်)၁၃၁၀၇၀** | **တရားလွှတ်တော်ရှေ့နေ (စဉ်-၁၃၄၅၂)** |
| | **အမှတ်(၁၈/၅၉)၊ အောင်ပင်လယ်ရပ်ကွက်၊** |
| | **ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။** |

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 79W/21786, Kenbo 110, M/C ယာဉ်လက်ဝယ်ရှိသူ ဦးမြင့်နိုင် ၉/စကတ(နိုင်)၀၃၈၈၃၃ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်(၃၀)အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း)**
**မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 77W/86995, Kenbo Super Wave -125, M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်သော်သော်ဖူးဇင် ၉/နတတ(နိုင်)၁၆၁၉၈၆ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း) မန္တလေးမြို့**

## ပတ်စ်ပို့ပျောက်

(ဘ) ဦးတင်လှ၏သမီး မကြည်ကြည်ခိုင် ၉/ပမန(နိုင်)၁၄၃၈၁၂ ၏ နိုင်ငံကူးလက်မှတ် (မမှတ်မိ) သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၉၄၂၃၀၁၁၉၀**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 6K/1933 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးမြောက်ပိုင်း)**

## မော်တော်ယာဉ်မှတ်ပုံတင်မိတ္တူ၊ ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 61W/38572, Honda Wave 110, M/C ယာဉ်လက်ဝယ်ရှိသူ ဦးဝင်းကျော်နိုင် ၁၄/မမက(နိုင်) ၂၉၁၁၇၉က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်နှင့် ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီးရုံး**
**(ပုသိမ်မြို့)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 28W/40548, Zong Shen, M/C ယာဉ်လက်ဝယ်ရှိသူ ဦးမြင့်နိုင် ၉/စကတ(နိုင်)၀၃၈၈၃၃ က ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း) မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 15U/9024, BAJAJ MAXIMA Z-250(2500C), 3 WHEEL Vehicle ယာဉ်လက်ဝယ်ရှိသူ ဒေါ်ဖြူဖြူအေး ၉/ခမစ(နိုင်)၀၆၄၇၇၁က ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း) မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 73W/45139, YUN ANBO 125, M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်မြတ်နန္ဒာလှိုင် ၅/တမန(နိုင်) ၀၃၄၈၈၈ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် (၃၀) အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း) မန္တလေးမြို့**

❖ **စိုက်ပျိုးမွေးမြူရေး ထွက်ကုန်များကို အခြေခံသည့် စက်မှုကုန်ထုတ်လုပ်ငန်းများ (Agro Based Industry) ကို တန်ဖိုးမြင့်ကုန်ပစ္စည်းအထိ ထုတ်လုပ်ဆောင်ရွက်နိုင်ရန်လို...**

❖ **ရှိပြီးဖြစ်သည့် ရေခံမြေခံကောင်းများနှင့် လူသားအရင်းအမြစ်များကို အသုံးချ၍ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ တိုးတက်အောင် ဆောင်ရွက်နိုင်မည်ဆိုပါက ကုန်ထုတ်လုပ်မှုများ တိုးတက်ပြောင်းလဲလာမည်ဖြစ်...**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၄ ခုနှစ်၊ မတ်လ ၂၉ ရက်နေ့တွင် ပြုလုပ်သော နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အစည်းအဝေး (၂/၂၀၂၄)သို့ တက်ရောက်အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် (၉) ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီ စနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝ လုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

၂။ **စီးပွားရေး**

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီ ဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်း ဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ **လူမှုရေး**

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှု အထောက်အကူပြု ပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံး အကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသောလူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

# နိုင်ငံတော်အနေဖြင့် နယ်စပ်ဒေသများတွင် ဖြစ်ပေါ်လျက်ရှိသည့် အွန်လိုင်းလိမ်လည်မှု (Telecom Fraud)နှင့် ဒုစရိုက်မှုလုပ်ငန်းများတွင် ဆက်စပ်ပါဝင်ခဲ့ကြသည့် တရုတ်နိုင်ငံသား ၃၇၅ ဦး လွှဲပြောင်းပေးအပ်ခဲ့ပြီး ပြည်ပနိုင်ငံသား ၂၆၀ ထပ်မံစစ်ဆေး ဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့

**နေပြည်တော် မတ် ၁၄**

မြန်မာ - တရုတ် - ထိုင်း သုံးနိုင်ငံအကြား သုံးပွင့်ဆိုင် ပူးပေါင်းဆောင်ရွက်မှုပုံစံ (Trilateral Cooperation) ဖြင့် အွန်လိုင်းအသုံးပြုလိမ်လည်မှု (Online Scam)နှင့် အွန်လိုင်း လောင်းကစားမှု (Online Gambling) လုပ်ဆောင်နေကြသူများ၊ ပါဝင်ပတ်သက်သူများနှင့် နောက်ကွယ်မှ ကြိုးကိုင်သော ပြည်ပနိုင်ငံသားများကို ပြတ်ပြတ်သားသား စုံစမ်းဖော်ထုတ် တိုက်ဖျက်လျက်ရှိရာ အဆိုပါ လုပ်ငန်းများ၌ ဆက်စပ်ပါဝင်ခဲ့ကြသည့် တရုတ်နိုင်ငံသား ၃၇၅ ဦးကို ယနေ့တွင်

*စာမျက်နှာ ၁၃ ကော်လံ ၁ ❍*



တရားမဝင် ဝင်ရောက်လာသော ပြည်ပနိုင်ငံသားများအား သက်ဆိုင်ရာနိုင်ငံသို့ ပြန်လည်လွှဲပြောင်းပေးအပ်နိုင်ရေး တာဝန်ရှိသူများက ဆောင်ရွက်စဉ်။

## အင်အားအနည်းငယ်ရှိ မြေငလျင်တစ်ခုလှုပ်

**နေပြည်တော် မတ် ၁၄**

ယနေ့ မြန်မာစံတော်ချိန် ဝဝ နာရီ ၂၆ မိနစ် ၄၆ စက္ကန့်တွင် ကမ္ဘာအေးမြေငလျင်စခန်းမှ တောင် - အနောက်တောင်ဘက် ၁၄၆ မိုင်ခန့်ကွာဝေးသော မြန်မာ့ပင်လယ်ပြင် (ဖျာပုံမြို့၏ တောင် - အရှေ့တောင်ဘက် ၁ဝ၅ မိုင် ခန့်အကွာ) မြောက်လတ္တီတွဒ် ၁၄ ဒသမ ၇၆ ဒီဂရီ၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒသမ ၈၇ ဒီဂရီ၊ အနက် ၁ဝ ကီလိုမီတာကို ဗဟိုပြု၍ အင်အားရစ်(ချ်)တာစကေး ၃ ဒသမ ၅ အဆင့်ရှိ အင်အားအနည်းငယ်ရှိသော မြေငလျင်တစ်ခု လှုပ်ရှားသွားကြောင်း တိုင်းထွာရရှိပါသည်။ မိုး/ဇလ

## မိုးတိမ်တောင်များ ရွေ့လျားရာတစ်လျှောက် မိုးသီးကြွေခြင်းများဖြစ်ပေါ်နိုင်

**နေပြည်တော် မတ် ၁၄**

မြန်မာနိုင်ငံအရပ်ရပ်တွင် နွေကာလဖြစ်သည့် မတ်လ၊ ဧပြီလနှင့် မေလများအတွင်း နေ့အပူချိန်များ တဖြည်းဖြည်းမြင့်တက်လာရာမှ အပူပြန်တက်တိမ်များဖြစ်ထွန်း၍ မွန်းလွဲ / ညနေပိုင်းတို့တွင် မိုးတိမ်တောင်များ ဖြစ်ပေါ်နိုင်ပြီး အဆိုပါ မိုးတိမ်တောင်များ ရွေ့လျားရာ

*စာမျက်နှာ ၁၃ ကော်လံ ၅ ✻*

# မန်ယူက ဆိုစီဒက်ကို ဂိုးပြတ်အနိုင်ယူပြီး ယူရိုပါလိဂ် ကွာတားဖိုင်နယ်တက်လှမ်း



မန်ယူအသင်း ကွင်းလယ်ကစားသမား ဖာနန်ဒက်စ် တတိယဂိုး သွင်းယူစဉ်။

ယူအီးအက်ဖ်အေ ယူရိုပါလိဂ် ၁၆ သင်းအဆင့် ဒုတိယအကျော့အဖြစ် မတ် ၁၄ ရက် နံနက် ၂ နာရီခွဲက ယှဉ်ပြိုင်ကစားခဲ့သည့် မန်ယူနှင့် ဆိုစီဒက်အသင်း ပွဲစဉ်တွင် အသင်းခေါင်းဆောင် ဖာနန်ဒက်စ်ခြေစွမ်းပြမှုနှင့်အတူ မန်ယူအသင်းက လေးဂိုး - တစ်ဂိုးဖြင့် နိုင်ပွဲရရှိခဲ့သည်။ ယင်းနိုင်ပွဲကြောင့် မန်ယူအသင်းသည် ဆိုစီဒက်အသင်းကို နှစ်ကျော့ပေါင်းရလဒ် ငါးဂိုး - နှစ်ဂိုးဖြင့် နိုင်ပွဲရရှိကာ ကွာတားဖိုင်နယ်သို့ တက်လှမ်းနိုင်ခဲ့သည်။

ပွဲချိန် ၁၀ မိနစ်တွင် အိုယာဇာဘယ်က ဆိုစီဒက်အသင်းအတွက် ပယ်နယ်တီမှတစ်ဆင့် ဦးဆောင်ဂိုး

*စာမျက်နှာ ၁၈ ကော်လံ ၁ ❋*


**ယနေ့ သတင်းအညွှန်း**

**အီးယူဝိုင်များအပေါ် အခွန်စည်းကြပ်မှု ၂၀၀ ရာခိုင်နှုန်းအထိ ပြုလုပ်မည်ဟု ထရမ့်ခြိမ်းခြောက်** နိုင်ငံတကာသတင်း စာ ၁၄

**မြနန်းစံကျော်ရွှေနန်းတော်နှင့် ရွှေနန်းတော်ကျောင်းသို့ လာရောက်လေ့လာသူ ညွှေ့သည် ငါးသောင်းကျော်ရှိ** ပြည်တွင်းသတင်း စာ ၂၀

**တရားမဝင် သစ်မျိုးစုံ၊ လုပ်ငန်းသုံးပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ လိုင်စင်မဲ့မော်တော်ယာဉ်များနှင့် တရားမဝင်ကုန်ပစ္စည်းတင် မော်တော်ယာဉ်များ ဖမ်းဆီးရမိ** မှုခင်းသတင်း စာ ၂၃